
mgyoe.com

မောင်ထွန်းသူ

# နာနာ

NA NA


Emile Zola



ဒုတိယအကြိမ်

mgyoe.com

mgyoe.com




TUN0065
4,500.00 KS

mgyoe.com

mgyoe.com

နာနာ၊ မောင်ထွန်းသူ
စာမျက်နှာ ၄၅၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၂ အားမာန်သစ်စာပေ၏ ပထမအကြိမ်မှု။

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နာနာ

# NANA

**Emile Zola**

မောင်ထွန်းသူ
မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မြန်မာပြန်သူ၏ အမှာ

(၁)

နာနာသည် ပြင်သစ်ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ပြင်သစ်ဝတ္ထုဟု ဆိုရပေမယ့်လည်း ပြင်သစ်နိုင်ငံ၌သာ ထင်ရှားကျော်ကြားခဲ့သည် မဟုတ်၊ ကမ္ဘာ့နိုင်ငံ အများအပြားမှ နှစ်သက်လက်ခံခဲ့ကြသဖြင့် ကမ္ဘာ့စာပေလောကတွင်ပါ ထင်ရှားကျော်ကြားခဲ့သည့် ဝတ္ထုကြီးတစ်ပုဒ် ဖြစ်သည်။

နာနာသည် လမ်းဘေးပလက်ဖောင်းပေါ်၌ ကြီးပြင်းလာခဲ့ရသော ကောင်မလေးဖြစ်သည်။ သို့သော်လည်း နာနာသည် လှသည်။ ထိုအလှကြောင့်ပင် သူသည် ထင်ရှားလာသည်။ ဤတွင် အပျော်အပါးအားကြီးသော ပါရီမြို့တော်၏ အထက်တန်းစားလောကမှ လူများသည် နာနာ၏ အလှနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာကြသည်။ ဤသို့ဖြင့် အထက်တန်းစား လောကသားတို့၏ အကျင့်ဖောက်ပြန်မှုများနှင့် အပေါ်ယံ ရွှေမှုန်ကြဲပြီး အထဲက နောက်ချေးခံသည့် စိတ်နေသဘောထားများသည် ပီပြင်ထင်ရှားစွာ ပေါ်လွင်လာသည်။

အောက်တန်းစားဟု ခေါ်ဆိုနေရသည့် နာနာနှင့် အထက်တန်းစားဆိုသည့် လူများ၏ မတူညီသော အယူအဆများနှင့် အမြင်များကို ပြတ်ပြတ်သားသား မြင်လာရသည်။ အခြေခံ ပင်ကိုစိတ်အားဖြင့် အထက်တန်းလွှာများအား ရွံရှာစက်ဆုပ်သော နာနာနှင့် အထက်တန်းလွှာများကြားမှ ပဋိပက္ခများကို တွေ့လာရသည်။

mgyoe.com

mgyoe.com


နာနာသည် 'နာနာ'ဟူသော ကြေးစားမကလေး တစ်ယောက် အကြောင်းကိုသာ အဓိကထား၍ ဖွဲ့ထားသည့် ဝတ္ထုမဟုတ်။ နာနာနှင့် ဆက်စပ်ယှက်နွယ်နေသည့် အလွှာအသီးသီးမှ လူတို့၏ စရိုက်ကိုပါ ဖော်ပြထားသော ဝတ္ထုဖြစ်သည်။ ထို့ကြောင့်လည်း နာနာသည် ကမ္ဘာကျော် ဝတ္ထုတစ်ပုဒ် ဖြစ်လာရခြင်းပေတည်း။

(၂)

နာနာအား ဖန်တီးခဲ့သူမှာ ပြင်သစ်စာရေးဆရာကြီး အင်မလီဇိုလာ[၁] ဖြစ်သည်။ အင်မလီဇိုလာအား ၁၈၄၀ ခုနှစ်တွင် ပါရီမြို့၌ ဖွားမြင်ခဲ့သည်။ သူ့ဖခင် ဖရန်စစ္စကိုဇိုလာ[၂]မှာ ဂရိ-အီတလီကပြားဖြစ်၍ အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ သူ့မိခင် ဖရန်လ္စိုက်စိ အင်မလီဩဘတ်[၃] မှာ ပါရီမြို့အနီးရှိ ဒေါ်ဒန်ရွာ[၄]သူဖြစ်သည်။ သူ့ဖခင် ကွယ်လွန်သည့်အခါ ဇိုလာ၏ အသက်မှာ ခုနစ်နှစ်မျှသာ ရှိသေးသည်။ ထိုအချိန်မှစ၍ ဇိုလာသည် မိခင်နှင့်အတူ ဆင်းရဲပင်ပန်းစွာ နေခဲ့ရသည်။ တော်ရုံတန်ရုံ ဆင်းရဲခြင်းမျိုးမဟုတ်။ ငတ်တစ်လှည့် ပြတ်တစ်လှည့် အဖြစ်မျိုးနှင့် မကြာခဏ ရင်ဆိုင်ခဲ့ရသည့် ဆင်းရဲခြင်းမျိုး ဖြစ်သည်။

ဇိုလာသည် အသက်ဆယ့်ငါးနှစ်ခန့်ကတည်းကစ၍ ကဗျာ၊ ဝတ္ထုများ ရေးသားခဲ့သူဖြစ်သည်။ သူ ပါရီသို့ရောက်သောအခါ သူ့အသက်မှာ ဆယ့်ရှစ်နှစ်မျှသာ ရှိသေး၏။ ထိုစဉ်က ပါရီမြို့တော်တွင် အမြတ်ထုတ်နေကြသူများ၊ အခွင့်ထူး ခံနေကြသူများ၊ အကျင့်ပျက်ပြားနေကြသူများ၊ အပျော်ကြူးနေကြ သူများ လွှမ်းမိုးကြီးစိုးနေချိန် ဖြစ်သည်။ ပါရီမြို့တော်၏ အခြေအနေသည် ဇိုလာအဖို့ ထိတ်လန့်စရာ အံ့သြစရာနှင့် သာယာကြည်နူးစရာ အခြေအနေ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ဇိုလာသည် ပါရီမြို့ ရောက်လာကတည်းက စာဖတ်ခြင်းနှင့် စာရေးခြင်းကို ယခင်ထက် ဖောက်ချ၍ လုပ်လာခဲ့၏။

---

၁။ **Emile Zola**

၂။ **Francesco Zola**

၃။ **Francoise-Emile Aubert**

၄။ **Dourdan Village**

mgyoe.com

mgyoe.com


လစာကလေး မဖြစ်စလောက်သာရသော စာရေးအလုပ်ဖြင့် ဆင်းဆင်းရဲရဲ အသက်မွေးနေခဲ့ရသော ဇိုလာသည် သူ၏အသက်နှစ်ဆယ့်ငါးနှစ်ဝင်သည့် ၁၈၆၅ ခုနှစ်တွင် သူ့ဘဝကို စာပေဖြင့် အသက်မွေးတော့မည်ဟု အခိုင်အမာ ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှစ၍ အင်မလီဇိုလာ၏ ဝတ္ထုများသည် တစ်အုပ်ပြီးတစ်အုပ် ထွက်လာခဲ့ရာ သူမကွယ်လွန်မီ နှစ်ပေါင်း နှစ်ဆယ်ကျော်မျှ ကာလအတွင်း ဝတ္ထုပေါင်း နှစ်ဆယ်မျှ ထွက်ခဲ့သည်။

သူ့ဝတ္ထုများထဲတွင် ပြင်သစ်နိုင်ငံ မြောက်ပိုင်းဒေသရှိ သတ္တုတွင်းအလုပ်သမားများ၏ဘဝကို ခြယ်မှုန်းထားသည့် 'ဂျာမီနယ်[၁]' ဝတ္ထု၊ ပြင်သစ်လယ်သမားတို့၏ ဆင်းရဲပင်ပန်းသောဘဝကို ရေးဖွဲ့ထားသည့် 'မြေ'[၂]၊ ဝတ္ထုနှင့် ဤဝတ္ထု 'နာနာ' တို့သည် ဇိုလာ၏ အကောင်းဆုံး လက်ရာများဟု စာပေပညာရှင်အများက အသိအမှတ်ပြုကြသည်။

နာနာသည် ဇိုလာအား အောင်မြင်မှု အထွတ်အထိပ်သို့ ပို့ဆောင်ပေးခဲ့သော ဝတ္ထုဖြစ်သည်။ နာနာကို ထုတ်ဝေစဉ်က အုပ်ရေ ငါးသန်းငါးသောင်းမျှ ရိုက်နှိပ်ခဲ့ရာ ပထမနေ့မှာပင် ပြိုက်ခနဲ ကုန်သွားသဖြင့် နောက်တစ်ရက်တွင် ချက်ချင်း အုပ်ရေတစ်သောင်း ထပ်မံပုံနှိပ်ခဲ့ရသည်ဟု ဆိုသည်။ သို့သော် ထိုအခါက မကြုံစဖူး ထူးကဲသည့် စံချိန်ဟု အသိအမှတ် ပြုခဲ့ကြရသည်ဟုလည်း ပြောကြသည်။

နာနာ၏ အောင်မြင်မှုအပေါ် မလိုမလားဖြစ်ခဲ့ကြသူများသည် နာနာဝတ္ထုကို ရစရာမရှိအောင် ဝေဖန်ခဲ့ကြသည်။ နာနာဝတ္ထုထဲမှ အဖြစ်အပျက်များသည် ဇိုလာ၏ ကိုယ်တွေ့များဖြစ်သည်ဟု စွပ်စွဲကာ အကျင့်ပျက်ပြားနေသူတစ်ဦးအဖြစ် ပြစ်တင်ရှုတ်ချကြသည်။ အမှန်တော့ ဇိုလာသည် ဝေဖန်သူများပြောသလောက် အကျင့်စာရိတ္တ ပျက်ပြားနေသူ မဟုတ်ပေ။ နာနာဝတ္ထုတွင် သူ၏အတွေ့အကြုံများ အနည်းငယ်မျှ ပါဝင်ကောင်းပါဝင်မည်ဖြစ်သော်လည်း အဖြစ်အပျက် အများအပြားမှာ သူကြားသိခဲ့ရသည်များ၊ တွေ့မြင်ခဲ့ရသည်များနှင့် မှတ်တမ်းမှတ်စုများကို တပင်တပန်း ရှာဖွေစုဆောင်းပြီးမှ ရေးသားခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဇိုလာ၏ ဘဝသည် ငယ်ရွယ်စဉ်ကတည်းက

၁။ Germinal ၂။ The Earth

mgyoe.com

mgyoe.com


ဆင်းရဲခြင်းနှင့် နပန်းလုံးနေသော ဘဝဖြစ်သည်။ အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ကာ အမြဲတစေ ရုန်းကန်လှုပ်ရှားနေရသော ဘဝဖြစ်၏။ ထိုစဉ်က ဗိုလာ နေထိုင်ခဲ့ရပုံနှင့် စပ်လျဉ်း၍ သူ့မိတ်ဆွေ စာရေးဆရာကြီး 'ဂိုင်း ဒီမောပါဆွန်'က ဗိုလာသည် သူနေထိုင်ရာ အထပ်ခိုးကလေး၏ ခေါင်မိုးပေါ် တက်၍ ထောင်ချောက်များချကာ စာကလေးများကို ဖမ်းသည်။ ရလာသည့် အခါ ခန်းဆီးသံချောင်းတစ်ချောင်းတွင် တံစို့ထိုး၍ မီးကင်စားသည်။ စာကလေးများကို မရသည့်အခါတွင်မူ သိုးနံ့ထွက်နေသော ပေါင်မုန့်ကို သံလွင်ဆီနှင့် တို့၍စားကာ သူ့ဝမ်းဗိုက်၏ ဆာလောင်မှုကို ဖြည့်ရသည်ဟု ပြောခဲ့ဖူး၏။

ဤမျှလောက် ဆင်းရဲဒုက္ခများနှင့် နေခဲ့ရသော ဗိုလာသည် ၁၉၀၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ဆောင်းဦးကာလ ညတစ်ညတွင် ဗိုလာသည် စောစောစီးစီး အိပ်ရာဝင်သည်။ အစေခံများက အအေးဒဏ်မှ သက်သာစေရန် ဆောင်းမီးဖိုကို ကျောက်မီးသွေး အများအပြားထည့်၍ မီးဖိုပေးထားကြသည်။ မီးခိုးခေါင်းတိုင်နှင့်ဆက်ထားသော 'မီးခိုးထွက်ပိုက်' ပေါက်နေသည်ကို သတိမထားမိကြ။ ကျောက်မီးသွေးမီးခိုးငွေ့များသည် တစ်ညလုံး ဗိုလာ့ အခန်းတွင်းသို့ ဝင်လျက်ရှိ၏။ မနက်မိုးလင်းသည့်အခါ အစေခံများသည် ဗိုလာ၏ အခန်းတံခါးကို ဖျက်၍ ဝင်ကြရသည်။ ဗိုလာမှာ သူ့အိပ်ရာထက် တွင် အသက်ရှူမွန်းကျပ်ပြီး သေဆုံးလျက်ရှိလေသည်။

## (၃)

နာနာသည် အထက်တန်းစား ကြေးစားမကလေးတစ်ဦး၏ ဘဝကို သရုပ်ဖော်ထားသည့် ဝတ္ထုဟုဆိုခဲ့ပြီးပါပြီ။ သို့သော်လည်း ဤဝတ္ထုတွင် နာနာတစ်ယောက်တည်း၏ ဘဝကိုသာမက လူသားတို့၏ လောဘ၊ ဒေါသနှင့် မောဟဖုံးလွှမ်းနေသော အကျင့်စရိုက်များကိုပါ ပီပီပြင်ပြင် မြင်တွေ့ကြရပါလိမ့်မည်။ နာနာနှင့်ပတ်သက်၍ တရားကျစရာအဖြစ်များကို လည်း ဆင်ခြင်နှလုံးသွင်းမိကြပါလိမ့်မည်။ သို့ဆိုလျှင် နာနာ၏ အနှစ်သာရ သည်...

မောင်ထွန်းသူ

mgyoe.com

mgyoe.com

# (၁)

ကိုးနာရီ ထိုးနေပြီ ဖြစ်သော်လည်း 'ဗာရက်ရတီးဇာတ်ရုံကြီး' အတွင်းရှိ ထိုင်ခုံများတွင် လူမရှိသေး။ အထူးသီးသန့် ပထမတန်းခန်းနှင့် တီးဝိုင်းအနီး သီးသန့်နေရာရှိ ထိုင်ခုံများတွင် လူအနည်းငယ်မျှ ရောက်နေပြီ ဖြစ်သော်လည်း မျက်နှာကြက်တွင် ချိတ်ဆွဲထားသည့် ပန်းမီးလုံးများ၏ မှုန်ဝါးဝါး အလင်းရောင်အောက်ရှိ အနီရောင် ကတ္တီပါ ထိုင်ခုံများကြားတွင် ပျောက်ကွယ်နေကြသည်။ ဇာတ်ခုံ မျက်နှာစာရှိ ကြက်သွေးရောင် ကန့်လန့်ကာကြီးသည် အမှောင်ထုအောက်တွင် နစ်မြုပ်နေဆဲ။ ဇာတ်ခုံပေါ်မှလည်း ဘာသံမျှ မကြားရ။ ဇာတ်ခုံအောက်ခြေမီးများလည်း မလင်းသေး။ တီးဝိုင်း စင်ပေါ်တွင်လည်း ငြိမ်သက်နေဆဲ။ ထိုင်ခုံများ၏ အထက်မျက်နှာကြက် အမိုးခုံးခုံးတွင် လှပစွာ တန်ဆာဆင်ထားသည့် ကိုယ်လုံးတီး နတ်မိမယ် ရုပ်တုများနှင့် မြားနတ်မောင် ရုပ်တုများသည် မီးရောင်များဖြင့် ဝင်းလက်နေကြလေသည်။

နောက်ဆုံးတန်း၌ နေရာယူထားကြသည့် သာမန် လူတန်းစား အမျိုးသား၊ အမျိုးသမီးများထံမှ အော်သံခေါ်သံများနှင့် နောက်ပြောင်ရယ်မောသံများသည် ဆူညံစွာ ထွက်ပေါ်လာလျက်ရှိ၏။ လက်မှတ်များကိုကိုင်၍ ရုံထဲသို့ မကြာမကြာ ဝင်ဝင်လာလေ့ရှိသော ရုံစောင့်မိန်းကလေးသည် စုံတွဲတစ်တွဲအား ခေါ်လာပြီး နေရာချထားပေးနေသည်။ အမျိုးသားမှာ

mgyoe.com

mgyoe.com


ညဝတ်စုံနှင့် ဖြစ်၍ သွယ်သွယ်လျလျ ခန္ဓာကိုယ်ပိုင်ရှင် အမျိုးသမီးသည် သူ၏ကိုယ်လုံးကိုယ်ပေါက်အလှကိုပြကာ ပတ်ဝန်းကျင်ကို မျက်စိကစားလျက် ရှိသည်။

တီးဝိုင်းအနီးရှိ သီးသန့်ထိုင်ခုံများကြားသို့ လူငယ်နှစ်ဦး ရောက်လာသည်။ နှစ်ဦးစလုံး သူတို့၏ဘေးဘီကို လှည့်ပတ်ကြည့်ရှုနေကြသည်။

'ငါ မင့်ကို ပြောခဲ့တယ် မဟုတ်လား ဟက်တာ'ဟု အရပ်မြင့်မြင့် မုတ်ဆိတ်မွေးရေးရေး အသက်ကြီးကြီး လူငယ်က ရေရွတ်သည်။ 'တို့ရောက်တာ သိပ်စောနေပြီ၊ ငါ့ဆေးလိပ်ကုန်အောင် သောက်ဖို့တော့ အချိန်ပေးဖို့ ကောင်းတယ်ကွာ'

ရုံစောင့်မိန်းကလေးတစ်ယောက် သူတို့အနီးမှ ဖြတ်သွားသည်။ 'သြော်… မွန်စီယာဖူရှာရေးပါလား'ဟု တရင်းတနှီး လှမ်း၍နှုတ်ဆက်သည်။ 'ကပွဲကတော့ နောက်နာရီဝက်ကုန်တဲ့အထိ စဦးမှာ မဟုတ်သေးဘူး ရှင့်'

'ဒီလိုဆိုရင် ဘာဖြစ်လို့ ကြော်ငြာထဲမှာ ကိုးနာရီစမယ်လို့ ထည့်ထားရတာလဲ'ဟု ဟက်တာက ပြောသည်။ သူ၏ပိန်ရှည်ရှည် မျက်နှာပေါ်တွင် မကျေနပ်သည့် အရိပ်လက္ခဏာ ပေါ်လာသည်။ 'ကပွဲထဲမှာပါတဲ့ ကလာရစ်စီကလည်း ဒီနေ့မနက်ပဲ ပြောသွားသေးတယ်၊ ကပွဲက ကိုးနာရီတိတိမှာ စမှာ သေချာတယ်တဲ့'

သူတို့သည် တစ်ခဏမျှ ငြိမ်ဆိတ်နေကြသည်။ နံရံများတွင် အစိမ်းရောင်စက္ကူများ ကပ်၍ တန်ဆာဆင်ထားသဖြင့် သီးသန့်နေရာများသည် ပို၍ မှောင်သလို ဖြစ်နေသည်။ အထူးသီးသန့် ပထမတန်း အခန်း၏ အောက်ဘက်ရှိ ထိုင်ခုံများသည် ပို၍ မှောင်မည်းလျက်ရှိ၏။ အထူးသီးသန့် ပထမတန်းခန်းထဲတွင် တုတ်တုတ်ခိုင်ခိုင် အမျိုးသမီးကြီးတစ်ယောက်မှလွဲ၍ အခြားမည်သူမှ မရောက်သေး။ အမျိုးသမီးကြီးသည် ကတ္တီပါဖုံးဆင့်တစ်ခုကို မှီ၍ထိုင်နေသည်။ ဇာတ်ခုံ၏ ညာဘက်နှင့်ဘယ်ဘက်ရှိ အထူးသီးသန့် ထိုင်ခုံများတွင်မူ လူတစ်ယောက်မှ မရှိသေး။ ဇာတ်ရုံတစ်ရုံလုံးရှိ ထိုင်ခုံအားလုံးသည် မျက်နှာကြက်တွင် ချိတ်ထားသည့် ဓာတ်ငွေ့ဖြင့် ထွန်းထား

mgyoe.com

mgyoe.com


သော ဖန်မီးလုံးများဆီမှ တငွေ့ငွေ့ထွက်နေသည့် အငွေ့များကြောင့် မှုန်ဝါးဝါး ဖြစ်နေကြလေသည်။

'ဇာတ်ခုံဘေးက သီးသန့်နေရာမှာ လူစီအတွက် နေရာရရဲ့လား' ဟု ဟက်တာက မေးသည်။

'ရတယ်ကွ' ဟု သူ့အဖော်က ဖြေသည်။ 'ဒါပေမဲ့ ဒုက္ခတော့ တော်တော်ခံရတယ်၊ လူစီ စောစောရောက်လာလည်း ပြဿနာ မရှိပါဘူး'

ဖူရှာရေးသည် ပြောပြောဆိုဆို တစ်ချက်မျှသမ်းလိုက်ပြီး အတန် ကြာမျှ ငြိမ်နေသည်။ ထို့နောက် စကားကို ဆက်ပြောသည်။

'မင်း ကံကောင်းတယ် ဟက်တာ၊ မင်းအနေနဲ့ ပြဇာတ်သစ် စင်တင် တင်ချင်း ပထမဆုံးည အတွေ့အကြုံကို တစ်ခါမှ မရခဲ့သေးဘူး မဟုတ်လား၊ 'မိုးနတ်မယ်ပြဇာတ်' ဟာ ဒီနှစ်အဖို့ တကယ်စွံမယ့်ဇာတ်ပဲကွ၊ ဒီဇာတ်အကြောင်းကို လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက လူတိုင်း ပါးစပ်ဖျားမှာ ရေပန်းစားနေတာ၊ တေးဂီတကလည်း တကယ့်ကို ကောင်း တယ်၊ ဘော်ဒီနေး ဆိုတဲ့လူက သူ့လုပ်ငန်းသူ တကယ်ကျွမ်းတဲ့လူပဲ၊ ဒီ ဇာတ်ကို ပြပွဲကြီးအမီ စင်တင်တာကွ'

ဟက်တာသည် စိတ်ဝင်တစား နားထောင်လျက်ရှိရာမှ မေးခွန်းတစ်ခု ထုတ်သည်။

'ဒါနဲ့ နေစမ်းပါဦး၊ မိုးနတ်မယ်နေရာမှာ ကပြမယ့် နာနာဆိုတဲ့ မင်းသမီးအသစ်ကို ခင်ဗျား သိလား'

'လာပြန်ပြီလားကွ၊ နာ··· နာ' ဟု ဖူရှာရေးက သဘောမကျဟန် နှင့် လက်နှစ်ဖက်ကို မြှောက်လိုက်ပြီး ရေရွတ်သည်။ 'ဒီနေ့မနက် မိုးလင်း ကတည်းက ငါ့မှာ နာနာရဲ့ အခြောက်အလှန့် ခံနေရတယ်၊ ငါ ဒီနေ့ လူ နှစ်ဆယ်ကျော်ကျော်လောက် ဆုံခဲ့တယ်၊ သူတို့ပါးစပ်တွေက တစ်နာတည်း နာနေကြတာ ကြားရတယ်၊ ဟိုနေရာရောက်လည်း နာနာ၊ ဒီနေရာရောက် လည်း နာနာ၊ အားလုံး နာနေကြတယ်၊ ငါ နာနာကို သိသလားတဲ့၊ ပါရီမြို့ပေါ်မှာ ရှိသမျှ မိန်းမချောင်တွေကို ငါ သိရမလား၊ နာနာဟာ ဘော်ဒီနေးရဲ့ ဖန်တီးမှုတစ်ခုပဲ၊ စက်ဆုပ်ဖို့ကောင်းလိမ့်မယ်လို့တော့ ထင် ရတာပဲ'

mgyoe.com

mgyoe.com


သူသည် အားတက်သရော ပြောနေရာမှ ပြန်၍ငြိမ်သွားပြန်သည်။ ဇာတ်ရုံအတွင်းရှိ ခြောက်ကပ်ကပ်နိုင်မှု၊ မှုန်ဝါးဝါး အလင်းရောင်၊ ဘုရားရှိခိုးကျောင်းထဲ စကားပြောသလို နှစ်ကိုယ်ကြား လေသံဖြင့် တီးတိုးပြောနေကြသည့် အသံများနှင့် တံခါးများ ဖွင့်သံပိတ်သံတို့သည် သူ့အား စိတ်တိုအောင် လှုံ့ဆော်ပေးသလို ဖြစ်နေသည်။

'ဒီနေရာမှာ ဒီလိုရပ်နေရတာ ဘယ်လောက် စိတ်ပျက်ဖို့ကောင်းသလဲ'ဟု ဖြုန်းခနဲ ပြောလိုက်သည်။ 'ငါတော့ အပြင်ထွက်ဦးမယ်၊ အောက်ထပ်သွားပြီး ဘော်ဒီနေးကိုရှာမယ်၊ သူကတော့ အသေးစိတ် ပြောပြနိုင်မှာသေချာတယ်'

အောက်ထပ်ရှိ ကျောက်ဖြူပြားများ ခင်းကျင်းထားသည့် ဆင်ဝင်တွင် ပရိသတ်များ တဖွဲဖွဲ ရောက်လာနေကြသည်။ ဇာတ်ရုံအဝင် သံဂိတ်တံခါးကြီး သုံးခုမှနေ၍ အပြင်သို့ လှမ်းကြည့်လိုက်လျှင် သာယာသော ဧပြီလညဏ်မီးရောင်များအောက်ရှိ လမ်းမကြီးများပေါ်၌ ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည့် လူအများအပြားကို မြင်တွေ့နေကြရ၏။ ဆင်ဝင်ရှေ့၌ တစ်စီးပြီးတစ်စီး ဆိုက်လာနေကြသည့် မြင်းရထားများ၊ တံခါးဖွင့်သံ ပိတ်သံများ၊ ဇာတ်ရုံအတွင်းသို့ အတွဲလိုက် ဝင်သွားပြီး သီးသန့်ခန်းများဆီသို့ လှေကားမှ တက်သွားနေကြသည့် လူများ။

ဆင်ဝင်၏ အတွင်းဘက်နံရံများပေါ်တွင် အဝါရောင် ပိုစတာကြီးများ ကပ်ထားသည်။ အနက်ရောင် စာလုံးကြီးများဖြင့် ရေးထားသည့် 'နာနာ' ဟူသော အမည်သည် ပီပြင်ထင်ရှားစွာ ပေါ်လျက်ရှိသည်။ အချို့အမျိုးသားများသည် ဆင်ဝင် အဝင်ဝ၌ ရပ်ကာ ပိုစတာကြော်ငြာများကို လိုက်လံဖတ်ရှုနေကြသည်။ အချို့ကတော့ တံခါးဝ၌ ရပ်၍ စကားပြောနေကြသည်။ လက်မှတ်ရုံအနီးတွင် ကိုယ်လုံးကိုယ်ထည် ကျစ်ကျစ်လျစ်လျစ် မျက်နှာဝိုင်းဝိုင်းနှင့် မုတ်ဆိတ်မွေး ပြောင်စင်အောင် ရိတ်ထားသည့် လူတစ်ယောက်သည် ထိုင်ခုံနေရာ လိုက်လံရှာဖွေနေသူများနှင့် စကားများလျက်ရှိလေသည်။

'ဟိုမှာတွေ့လား၊ အဲဒါ ဘော်ဒီနေးပဲ'ဟု လှေကားမှ ဆင်းလာနေသော ဖူရှာရေးက ပြောသည်။ ထိုအခိုက်မှာပင် မန်နေဂျာ ဘော်ဒီနေးသည် သူတို့အား မြင်သွားသည်။

mgyoe.com

mgyoe.com


'ခင်ဗျား တော်တော့်ကို တော်တဲ့လူပဲ'ဟု ဘော်ဒီနေးက အဝေးမှ လှမ်းအော်သည်။ ခင်ဗျား ကျွန်တော့်ကို ကူညီပုံက ဒီလိုပဲလား၊ အခုမနက် ကျွန်တော် လီဖစ်ဂါရိုး သတင်းစာကို ကြည့်ခဲ့ပြီးပြီ၊ စာလေးတစ်ကြောင်း တောင် မပါဘူး'

'စောင့်ဦးမှပေါ့ဗျ'ဟု ဖူရှာရေးက ပြန်ပြောသည်။ ကျွန်တော့်အနေ နဲ့ ခင်ဗျားရဲ့နာနာ အကြောင်းမပြောခင် နာနာနဲ့ ရင်းနှီးခင်မင်ခွင့်ရထားမှ ဖြစ်တော့မပေါ့၊ ပြီးတော့လည်း ကျွန်တော်က ခင်ဗျားကို ဘာကတိမှ ပေးထားသေးတာမှ မဟုတ်တာ'

ထို့နောက် စကားကို တိုတိုနှင့် ဖြတ်လိုသော ဖူရှာရေးက ဘော်ဒီနေး အား သူ့ညီဝမ်းကွဲ မွန်စီယာဟက်တာ ဒီလာဖလွိုင်းနှင့် မိတ်ဆက်ပေးသည်။ မွန်စီယာ ဟက်တာမှာ ပါရီသို့ ပညာသင်ရန် လာရောက်နေသော လူငယ် တစ်ဦးဖြစ်၏။ မန်နေဂျာ ဘော်ဒီနေးသည် ဟက်တာအား တစ်ချက်မျှ လှမ်းကြည့်ပြီး အကဲခတ်သည်။ ဟက်တာကလည်း စိတ်ဝင်တစား ပြန်၍ ကြည့်သည်။

ဘော်ဒီနေးသည် အမျိုးသမီးများနှင့် စီးပွားရှာနေသူဖြစ်၏။ အမျိုး သမီးများအား ထောင်ကြပ်တစ်ယောက်လို ဆက်ဆံတတ်သည်။ သူ့ဦးနှောက် သည် စတန့်အမျိုးမျိုးထွင်ပြီး ကြော်ငြာလိုသည့် စိတ်ကူးများဖြင့်သာ ပြည့်နေ သည်။ စကားပြောလျှင် အော်ကျယ် အော်ကျယ် ပြောတတ်သည်။ စကား ပြောမိလျှင်လည်း အမျှင်မပြတ်တတ်၊ တစ်ဖက်သားအပေါ် သရော်ချင်တတ် ကဲ့ရဲ့ချင်တတ်သည်။ အပြစ်လည်း မြင်တတ်သည်။ စည်းကမ်းလည်း အလွန်ကြီးသည်။ အပြောအဆို အမူအရာ ရိုင်းစိုင်းကြမ်းတမ်းသူဖြစ်၏။

'ယဉ်ကျေးဖွယ်ရာမှု တစ်ခုခုတော့ ပြုမှသင့်မည်ဟု ယူဆမိသော ဟက်တာက ခင်ဗျားရဲ့ဇာတ်ရုံဟာ'ဟု ချီးသာသိမ်မွေ့သော လေသံဖြင့် စကားစ,သည်။

ဟက်တာ စကားမဆုံးမီ ဘော်ဒီနေးက ရှင်းရှင်းဘွင်းဘွင်း ပြောတတ် သည့် လူတစ်ယောက်ပုံစံမျိုးဖြင့် အလွန်ရုန့်ရင်း ကြမ်းတမ်းသော စကားလုံး ကို သုံး၍ ကြားဖြတ်ပြောသည်။

mgyoe.com

mgyoe.com


'ကျုပ်ရဲ့ ပြည့်တန်ဆာအိမ်ကြီးလို့ ပြောပါဗျာ'

ထိုစကားကြားသည့်အခါ ဖူရှာရေးက အလွန်သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ရယ်သည်။ ဟက်တာကတော့ ဘော်ဒီနေး၏ စကားကြောင့် ကြောင်အမ်းအမ်းဖြစ်ကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေသည်။ သူသည် ဘော်ဒီနေးသုံးလိုက်သည့် စကားလုံးကို အလွန်နှစ်သက်လေဟန်ပြဖို့ ကြိုးစားသည်။ ဘော်ဒီနေးကတော့ သတင်းဆောင်းပါးများဖြင့် အရှိန်အဝါ ဩဇာကြီးမားနေသော ပြဇာတ်ဝေဖန်ရေးဆရာ ဖူရှာရေးထံ ကပျာကယာ လျှောက်သွားပြီး တရင်းတနှီး လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် ဟက်တာထံ ပြန်လျှောက်လာသည်။ သူ့အနီးသို့ ဘော်ဒီနေး ပြန်ရောက်လာချိန်တွင် ဟက်တာသည် သူ့ကိုယ်သူ ထိန်းသိမ်းနေနိုင်ပြီဖြစ်၏။ အကယ်၍ သူ့အနေဖြင့် ဆက်၍သာ ကြောင်တက်တက် ဖြစ်နေလျှင် တစ်ဖက်လူက သူ့အား တောသားတစ်ယောက် ဆက်ဆံသလို အဆက်ဆံခံရမည်ကို ကြောက်နေသည်။

'လူတွေကတော့ ပြောနေကြတာပဲ'ဟု ဟက်တာက စကားပြန်စ,သည်။ အဆင်ပြေအောင် ပြောမည်ဟု ဆုံးဖြတ်ပြီး ပြောခြင်းဖြစ်၏။

'နာနာက အသံသိပ်ကောင်းတယ်ဆို'

'နာနာ ဟုတ်လား'ဟု ဘော်ဒီနေးက ရေရွတ်ကာ ပခုံးကို တွန့်လိုက်သည်။

'နည်းနည်းကလေးမှ မကောင်းဘူး'

ဟက်တာက ကပျာကယာ ဆက်ပြောသည်။ 'ဒါဆိုရင် သရုပ်ဆောင်တော့ ကောင်းမယ်ထင်တယ်'

'အလကားပဲ၊ သူ့ခြေတွေ လက်တွေကိုတောင် ဘယ်လိုထားရမှန်းမသိဘူး'

ဟက်တာ၏မျက်နှာသည် အနည်းငယ်မျှ နီရဲလာသည်။ အခုလိုဆိုတော့လည်း သူ ဘာပြောရမှန်းမသိ။ သူ့နှုတ်မှ ထစ်တီးထစ်ငေါ့ဖြင့် နောက်ထပ်စကားတစ်ခွန်း ထွက်လာသည်။

mgyoe.com

mgyoe.com


'ပြဇာတ်ကို ပထမဆုံးည ကြည့်ဖြစ်အောင် ကြည့်တာ အကောင်းဆုံးပဲလို့ ပြောကြတယ်၊ ကျွန်တော် သိထားတာကတော့ ခင်ဗျားဇာတ်ရုံဟာ'

'ကျုပ်ရဲ့ ပြည့်တန်ဆာအိမ်လို့ပြောပါ'ဟု ဘော်ဒီနေးက နောက်တစ်ကြိမ်ထပ်၍ ကြားဖြတ်ပြောပြန်သည်။

ထိုအချိန်တွင် ဖူရှာရေးသည် ရုံတွင်းသို့ ဝင်လာနေသော အမျိုးသမီးများအား စိတ်အေးလက်အေးဖြင့် လှမ်း၍ကြည့်လျက်ရှိသည်။ သူသည် ရယ်ရကောင်းနိုး၊ စိတ်ဆိုးရကောင်းနိုးဖြင့် ခွတီးခွကျ ဖြစ်နေသော ညီဝမ်းကွဲ၏အဖြစ်ကို သတိထားမိသဖြင့် ကြားဝင်လာသည်။

'ဘော်ဒီနေးက တော်တော်ရယ်စရာကောင်းတဲ့လူပဲ၊ သူက သိပ်ပြီးသဘောကျနေတာဆိုရင်လည်း သူ့ဇာတ်ရုံကို သူခိုင်းသလိုပဲ ခေါ်လိုက်ပေါ့ကွာ၊ ဒါနဲ့ နေပါဦး ဘော်ဒီနေးရဲ့၊ ကျွန်တော်တို့ကို အချိန်ကုန်အောင် ဆွဲထားမနေပါနဲ့၊ တကယ်လို့ ခင်ဗျားရဲ့ နာနာ အဆိုလည်း မကောင်းဘူး၊ သရုပ်ဆောင်လည်း မကောင်းဘူးဆိုရင် ရှုံးပြီပေါ့၊ ကျွန်တော် စိုးရိမ်နေတာ အဲဒါပဲ'

'ဘာ… ရှုံးပြီပေါ့၊ ဟုတ်လား၊ နာနာကို မစွံဘူးထင်သလား'ဟု ဘော်ဒီနေးက အော်ကြီးဟစ်ကျယ် ပြောသည်။ 'မိန်းမတစ်ယောက်အနေနဲ့ သီချင်းဆိုတတ်၊ သရုပ်ဆောင်တတ်မှ အောင်မြင်ရမှာတဲ့လား ကိုယ့်လူရာ၊ ခင်ဗျား အတော့်ကို တုံးသေးတာပဲ၊ နာနာ့မှာ အခြားအရည်အသွေးတွေ ရှိသေးတယ် ဆရာရဲ့၊ ကျုပ်က အဲဒီအရည်အသွေးတို့ကို မြင်ပြီးပြီ၊ အနံ့လည်း ရပြီးပြီ၊ ခင်ဗျား တွေ့ပါလိမ့်မယ်၊ စိတ်သာချ၊ တွေ့ရမှာပါ၊ နာနာထွက်လာလို့ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် တစ်ဇာတ်ရုံလုံး ပါးစပ်ကြီးတွေ အဟောင်းသားနဲ့ ဖြစ်ကုန်မှာ မြင်ယောင်သေးတယ်ကွာ'

သူသည် လက်နှစ်ဖက်ကို မြှောက်လိုက်သည်။ စိတ်လှုပ်ရှားနေသဖြင့် လက်များသည် တုန်ယင်လျက် ရှိ၏။ ထို့နောက် စိတ်ငြိမ်သွားဟန်ဖြင့် အသံကိုနှိမ့်လိုက်ပြီး သူ့ကိုယ်သူ ပြောနေသည့်နှယ် စကားကို ဆက်ပြောသည်။

mgyoe.com

mgyoe.com


'စိတ်သာချနေ၊ နာနာဟာ ကြီးပွားဦးမှာ၊ တကယ်ပြောတာ၊ နာနာ ဟာ မုချကို ကြီးပွားဦးမှာ၊ သူ့အသားအရေ လှလိုက်ပုံများဗျာ၊ ဟင်း… အံ့မခန်းပဲ'

ထို့နောက် ဖူရှာရေး မေးသမျှကို ဘော်ဒီနေးက ဖြေသည်။ နာနာ့ အကြောင်း အသေးစိတ် ပြောပြရန်လည်း သဘောတူသည်။ ဇာတ်လမ်းကို ပြောပြသည့်အခါ သူ့ဝသီအတိုင်း ကြမ်းတမ်းသော စကားလုံးများကို သုံး သည်။ သူ့ပါးစပ်မှ နားမခံသာနိုင်လောက်အောင် ဆိုးဝါးသည့် စကားလုံး များ ထွက်လာတိုင်း ဟတ်တာဒီလာဖာလွိုင်းမှာ စိတ်အနှောင့်အယှက်ဖြစ် သည်။

ဘော်ဒီနေး၏ အဆိုအရ သူ နာနာကို တရင်းတနှီး သိခဲ့သည်။ ထိုအချိန်မှစ၍ နာနာအား ဇာတ်စင်ပေါ်တင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က တိုက်တိုက်ဆိုင်ဆိုင် သူ့ပြဇာတ်အတွက် နတ်မိမယ်တစ်ယောက်ကို လိုက်လံရှာဖွေနေချိန်ဖြစ်၏။ နာနာအား တွေ့လိုက်သည့်အခါ သူသည် နောက်ထပ်လူရှာရန် စိတ်မကူးတော့။ နာနာအား ပရိသတ်နှင့် ချက်ချင်း မိတ်ဆက်ပေးလိုစိတ် ထက်သန်ခဲ့သည်။ သို့သော်လည်း သူ့လုပ်ငန်းခွင်တွင် အပြိုင်အဆိုင်တွေက ရှိနေသည်။ ဤမိန်းမ နာနာ ရောက်လာသည့်အတွက် လှုပ်ရှားမှုတွေ ပေါ်လာသည်။ အထူးသဖြင့် သူ၏ထိပ်တန်း မင်းသမီးဖြစ် သော ရို့စ်မီနွန်က ပြဿနာရှာသည်။ ရို့စ်မီနွန်သည် သရုပ်ဆောင်ကောင်း တစ်ဦး ဖြစ်သည်။ အဆိုကောင်းတစ်ဦးလည်း ဖြစ်သည်။ ရို့စ်မီနွန်အနေဖြင့် သူ့အတွက် ပြိုင်ဘက်တစ်ဦး ပေါ်လာပြီဟု ယူဆကာ ဒေါသူပုန်ထသည်။ နေ့စဉ်နှင့်အမျှ အလုပ်မှ ထွက်မည်ဟု ခြိမ်းခြောက်သည်။

ဤသို့ဖြင့် သူသည် မင်းသမီး နှစ်ယောက်အတွက် ခေါင်းခြောက် ခဲ့ရသည်။ ကြော်ငြာသည့်အခါ ဘယ်လိုလုပ်ရပါ့။ နောက်ဆုံးတွင် မင်းသမီး နှစ်ယောက်စလုံး၏ နာမည်များကို ရွယ်တူ ရောင်တူပုံနှိပ်မည်ဟု ဆုံးဖြတ် ခဲ့ရ၏။ သူကတော့ ဒီလိုကိစ္စမျိုးတွေအတွက် ကြာကြာခေါင်းရှုပ်ခံနေ၍ မဖြစ်။ ဆိုကြပါစို့၊ သူခေါ်သည့် စကားလုံးအတိုင်းသုံးရလျှင် 'မိန်းမငယ် ကလေးများ' ထဲမှ တစ်ဦးစ နှစ်ဦးစက သူ့အပေါ် မရိုးမသား လုပ်လာလျှင်

mgyoe.com

mgyoe.com


ချက်ချင်း ကန်ထုတ်ပစ်လိုက်သည်။ ထိုကဲ့သို့ မလုပ်လျှင် သူ ဘယ်လိုနည်းနှင့်မှ ဤအလုပ်ဖြင့် အသက်မွေး၍ ရမည်မဟုတ်။ သူကတော့ သူ့အပေါ် မရိုးမသား လုပ်လာလျှင် အချိန်နာရီမဆိုင်း ထိုမိန်းကလေးများအား အမြန်ဆုံး ရောင်းပစ်လိုက်သည်သာ ဖြစ်၏။ သူ့အနေဖြင့် မိန်းမပျက် မိန်းမပေါ့တွေ၏ တန်ဖိုးကို သိနေသည် မဟုတ်ပါလား။

'အလကားဟာတွေပါကွာ'ဟု ဘော်ဒီနေးက မကျေမနပ် လေသံဖြင့် ရေရွတ်သည်။ 'မီနွန်နဲ့စတိုင်းနားတို့ နှစ်ကောင်ကို ကြည့်ကြစမ်းပါဦး၊ အမြဲတမ်း တတွဲတွဲပဲ၊ အမှန်တော့ စတိုင်းနားဆိုတဲ့ကောင်ကြီးက ရို့စ်နဲ့တွဲလာရတာကြာတော့ အီလာပြီပေါ့၊ ရို့စ်ရဲ့ယောကျ်ား မီနွန်ဆိုတဲ့ ကောင်ကလည်း ဟိုလူကြီး သူ့မိန်းမနားက ခွာသွားမှာကြောက်ပြီး စတိုင်းနားကို အသေကပ်နေတယ်'

ဓာတ်ရုံရှေ့ရှိ မီးတိုင်များမှ ဓာတ်ငွေ့မီးလုံးများ၏ အလင်းရောင်သည် လမ်းမဘက်မှ ပလက်ဖောင်းထက်သို့ ဖြာဆင်းလျက် ရှိသည်။ မျက်နှာစာဘက်ရှိ သစ်ပင် နှစ်ပင်သည် မြစိမ်းရောင် သမ်းလျက်ရှိသည်။ မီးရောင်များ၏ အားကကောင်းသဖြင့် တိုင်တစ်တိုင်တွင် ကပ်ထားသည့် ပိုစတာများကို အဝေးမှပင် လှမ်း၍ဖတ်နိုင်သည်။ ဓာတ်ရုံတစ်ဖက်ရှိ ပလက်ဖောင်း၌ လှုပ်ရှားသွားလာနေကြသော လူစု လူဝေးကြားသို့ မီးရောင်များသည် ထိုးဖောက်ဝင်ရောက်လျက် ရှိကြသည်။

ယောကျ်ားအများစုသည် ရုံထဲသို့ ချက်ချင်းမဝင်ကြသေး။ မီးရောင်များအောက်၌ရပ်ကာ ဆေးလိပ်သောက်ရင်း စကားစမြည်ပြောကာ အချိန်ဖြုန်းလျက် ရှိကြသည်။ ထိုအချိန်မှာပင် မီနွန်နှင့် စတိုင်နားတို့ အတွဲလည်း လူအုပ်များကြားမှဖြတ်၍ လျှောက်လာနေကြသည်။ မီနွန်သည် အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်။ လူပုံ ခပ်သွက်သွက်၊ မျက်နှာလေးထောင့်နှင့်ဖြစ်သည်။ ဘဏ်သူဌေးစတိုင်းနားနှင့် လက်ချင်းချိတ်ထားသည်။ စတိုင်းနားမှာ ခပ်သေးသေး ခပ်ပုပု၊ ဗိုက်ပူပူ၊ မျက်နှာဝိုင်းဝိုင်း၊ မွဲခြောက်ခြောက် မုတ်ဆိတ်နှင့်ဖြစ်သည်။

mgyoe.com

mgyoe.com


ဘော်ဒီနေးက သူတို့နှစ်ယောက်အား ဆီး၍ နှုတ်ဆက်သည်။ 'မနေ့က ခင်ဗျား သူ့ကို ရုံးခန်းထဲမှာ တွေ့ခဲ့တယ် မဟုတ်လား'ဟု စတိုင်းနားက ရေရွတ်သည်။ 'အေးဗျာ၊ ကျွန်တော့်စိတ်ထဲကထင်နေတော့ အထင်သား၊ သူက အဝင် ကျွန်တော်က အထွက်ဖြစ်သွားတော့ ကောင်းကောင်း မမြင်လိုက်ရဘူး'

မီနွန်က မျက်လွှာများကို ချ၍ သူ၏ လက်သူကြွယ်မှ စိန်လက်စွပ်ကို လှည့်ကစားနေသည်။ နာနာ့အကြောင်း ပြောနေကြမှန်း သူသိသည်။ ထို့နောက် ဘော်ဒီနေးက သူ့မင်းသမီးသစ် နာနာ၏ ရုပ်ပုံလွှာကို အသေးစိတ်ပြောပြနေသည်။ စတိုင်းနား၏ မျက်လုံးအစုံသည် တဝင်းဝင်း တလက်လက်တောက်ပနေသည်။ နောက်ဆုံးတွင် မီနွန်သည် စကားဝိုင်းထဲသို့ ဝင်လာသည်။

'ခင်ဗျားရဲ့ နာနာအကြောင်းက ဒီလောက်ပြော တော်လောက်ပါပြီ ကိုယ့်လူရာ၊ စာဖွဲ့လောက်အောင်ချောတဲ့ လှတဲ့ ရုပ်မျိုးလည်း မဟုတ်ပါဘူး၊ ပရိသတ်က အဆုံးအဖြတ် ပေးပါလိမ့်မယ်၊ ကဲဗျာ... စတိုင်းနား၊ လာ... သွားကြရအောင်၊ ကျွန်တော့်မိန်းမ သီးသန့်ခန်းက စောင့်နေလိမ့်မယ်ဆိုတာ ခင်ဗျားလည်း အသိ မဟုတ်လား'

မီနွန်သည် ဘဏ်သူဌေး၏ အာရုံ သူ့ဘက်သို့ ပြောင်းလာစေလိုသောဆန္ဒပြင်းပြနေသည်။ သို့သော်လည်း စတိုင်နားက ဘော်ဒီနေးအနီးအနားမှ မခွာ။ သူတို့ရှေ့တွင် တန်းစီနေသည့် လူတွေ များသည်ထက်များလာသည်။ လက်မှတ်ရုံပတ်ပတ်လည်တွင် လူတွေကြိတ်ကြိတ်တိုးလာနေကြသည်။ နာနာ၏အမည်ကို အော်နေခေါ်နေသံများ ကြားရ၏။ အချို့ယောက်ျားများသည် ပိုစတာပေါ်မှ နာနာ၏ အမည်ကို အော်၍ ဖတ်သွားကြသည်။ အချို့ကတော့ မသိမသာ မကြားတကြား ရေရွတ်သွားကြသည်။ အမျိုးသမီးများကလည်း နာနာဟူသော အမည်ကို အံ့သြဟန်ဖြင့် ခပ်တိုးတိုး ခေါ်ကြည့်သွားကြသည်။

အမှန်တော့ နာနာကို မည်သူမှမသိကြ။ ဒီနာနာဆိုတဲ့ မင်းသမီးဟာ ဘယ်နေရာက ရောက်လာတာပါလိမ့်။ ပတ်ဝန်းကျင်တွင် တီးတိုးလေသံဖြင့်

mgyoe.com

mgyoe.com

နောက်သံပြောင်သံများ ကြားနေရ၏။ 'နာနာ' ဟူသော နာမည်သည် ချစ်စနိုးရှိလှ၏။ တိုတိုတုတ်တုတ်နှင့် ခေါ်လို့လွယ်သည်။ ခေါ်လို့ကောင်းသည်။ 'နာနာ'ဟု အသံထွက်လိုက်မိရုံမျှဖြင့် ရွှင်လာသလိုလို၊ မြူးကြွလာသလိုလို ခံစားရသည်။ လူတိုင်း၏ ပါးစပ်ဖျားတွင် ရေပန်းစားနိုင်သည့် နာမည်မျိုးဖြစ်၏။ အထူးအဆန်းဆိုလျှင် သိချင်မြင်ချင်စိတ် ဖြစ်ပေါ်တတ်ကြသည်မှာ လူတို့၏သဘာဝဖြစ်သည်။ ထိုစိတ်ကြောင့် လူအများသည် အရူးအမူးဖြစ်ကြသည်။ ပါရီတစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ဇာတ်ရုံတွင် လူတွေ တိုးကြဲ့ကြသည်။ အမျိုးသမီးကြီး တစ်ဦး၏ စကပ် ကလနားစုတ်ပြဲသွားပြီး၊ လူကြီးလူကောင်း အမျိုးသားတစ်ဦး ဦးထုပ်တစ်လုံး ဆုံးရှုံးသွားသည်။

'ခင်ဗျားတို့ မေးတာ သိပ်ကိုများနေပြီဗျ' ဘော်ဒီနေးက သူ့အားဝိုင်းအုံပြီး မေးခွန်းတွေ ထုတ်နေသည့် လူနှစ်ဆယ်ခန့်အား မော်ကြည့်ကာ အော်ကြီးဟစ်ကျယ် ရေရွတ်သည်။ 'ခင်ဗျားတို့ မကြာခင် သူ့ကို မြင်ကြရတော့မှာပဲ ဟား… အထူးအထွေ မေးနေစရာ လိုသေးလား၊ ကဲ… ဗျာ၊ ဖယ်ကြစမ်းပါ၊ ကျုပ်ကို စောင့်နေကြတဲ့လူတွေ ရှိနေတယ်၊ ကျုပ် မသွားလို့ မဖြစ်ဘူး'

လူထုပရိသတ်အား ပူလောင်လှုပ်ရှားအောင် လုပ်နိုင်ခဲ့သဖြင့် များစွာဝမ်းသာလျက်ရှိသော ဘော်ဒီနေးသည် လူအုပ်ကြားမှ ပျောက်ကွယ်သွားသည်။ မီနွန်သည် ပခုံးများကိုတွန့်လိုက်ပြီး ပထမဆုံး ကပြရမည့် အခန်းတွင် ဝတ်မည့်အဝတ်အစားများကို ပြရန် သူ့မိန်းမ စောင့်နေလိမ့်မည်ဟု စတိုင်းနားအား ထပ်၍ သတိပေးသည်။

'ဟော… ဟိုမှာမြင်လား၊ မြင်းရထားပေါ်က လူစီဆင်းလာနေပြီ' ဟု ဟက်တာလာဖါလွိုင်က ဖူရှာရေးအား လှမ်းပြောသည်။

မှန်သည်။ မြင်းရထားပေါ်မှ ဆင်းလာသူမှာ လူစီစတီးဝပ်။ လူစီသည် အရပ်ဆိုးဆိုး၊ လည်တံရှည်ရှည်၊ အသက်က လေးဆယ်ခန့်၊ မျက်နှာက ပိန်စောက်စောက်၊ နှုတ်ခမ်းထူထူ၊ သို့သော်လည်း အလွန်သွက်လက်ဖျတ်လတ်သော အမူအရာရှိသဖြင့် ခင်မင်ဖွယ်ကောင်းသည်။ လူစီနှင့်အတူ

mgyoe.com

mgyoe.com


ကာရိုလိုင်းတို့ သားအမိပါလာသည်။ ကာရိုလိုင်း၏အလှသည် အေးစက်စက်။ ကာရိုလိုင်း၏ အမေကတော့ ဣန္ဒြေသိက္ခာ အပြည့်နှင့် တည်ငြိမ်ခံ့ညားလျက်ရှိသည်။

'ရှင် ကျွန်မတို့နဲ့ လိုက်ကြည့်ပါလား၊ ရှင့်အတွက် ကျွန်မ နေရာတစ်နေရာ ယူထားတယ်'ဟု လူစီက ဖူရှာရေးအား ဖိတ်မန္တကပြုသည်။

'နေပါစေ လူစီ၊ မလိုက်တော့ပါဘူး'ဟု ဖူရှာရေးက ပြန်ပြောသည်။ 'ကျွန်တော် အောက်ထပ်အထူးတန်းမှာ နေရာရထားတယ်၊ ကျွန်တော်က အဲဒီနေရာက ကြည့်ရတာ ပိုပြီး သဘောကျတယ်'

'ရှင် နာနာနဲ့သိတာ ကျွန်မကို ဘာပြုလို့ မပြောတာလဲ'

'နာနာနဲ့သိတယ်၊ ကျွန်တော် မြင်တောင်မမြင်ဖူးသေးပါဘူးဗျာ'

'ဟုတ်ရဲ့လားရှင်၊ လူတွေကတော့ ရှင် နာနာနဲ့ အိပ်ဖူးတယ်လို့တောင် ပြောနေကြတယ်'

သို့သော်လည်း သူတို့ရှေ့၌ ရပ်နေသော မီဂွန်က သူ့နှုတ်ခမ်းတွင် လက်ညှိုးကပ်၍ တိတ်တိတ်နေရန် အချက်ပြသည်။ လူစီက ဘာဖြစ်လို့လဲဟု လှမ်းမေးသည့်အခါ မနီးမဝေးမှ ဖြတ်သွားသော လူရွယ်တစ်ယောက်အား လက်ညှိုးထိုးပြပြီး တိုးတိုးပြောသည်။

'အဲဒါ နာနာရဲ့အဆက်ပေါ့'

အားလုံးက ထိုလူရွယ်အား လှမ်းကြည့်ကြသည်။ လူရွယ်သည် ရုပ်ခပ်ချောချောဖြစ်သည်။ ဖူရှာရေးက မြင်မြင်ချင်း မှတ်မိသည်။ လူရွယ်၏ အမည်မှာ ဒက်ရူးနက်ဖြစ်၍ မိန်းမ ဝါသနာကြီးသူ ဖြစ်သည်။ မိန်းမ အလိုက်ကောင်းသဖြင့် ဖရန့်ငွေ သုံးသောင်းခန့် ပြုတ်သွားခဲ့ပြီဖြစ်၏။ ယခုလည်း စတော့ရှယ်ယာ ဈေးကွက်တွင်းဝင်၍ ဈေးကစားရင်း ရသမျှငွေနှင့် မိန်းမလိုက်ဆဲပင်ဖြစ်သည်။ လူစီကတော့ လူရွယ်အား စေ့စေ့စပ်စပ်ကြည့်၍ မျက်လုံးလှသည်ဟု တွေးသည်။

'ဟောဟိုမှာ ဘလန်ချီ'ဟု ရေရွတ်သည်။ 'ရှင် နာနာနဲ့ အိပ်တယ်လို့ ကျွန်မကိုပြောတာ သူပေါ့'

ဘလန်ချီဒီဆီဗရီမှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ရောင့်ရောင့်နှင့် မိန်းမချောတစ်ဦးဖြစ်သည်။ သူ၏လှပသောမျက်နှာတွင် ဝလာသည့်

mgyoe.com

mgyoe.com

အရိပ်လက္ခဏာများ မြင်နေရသည်။ သူနှင့်ပါလာသူမှာ ပိန်ပိန်ပါးပါး ဝတ်ကောင်းစားလှနှင့် အထက်တန်းကျကျ လူတစ်ယောက်ဖြစ်သည်။

'မြို့စား ဖေးဗီးယား-ဒီဗင်နူဗရေးဆိုတာ သူပေါ့ကွ'ဟု ဖူရှာရေးက နှစ်ကိုယ်ကြားလေသံဖြင့် ဟက်တာအား ပြောသည်။

မြို့စားသည် သတင်းစာဆရာ ဖူရှာရေးအား လက်ဆွဲနှုတ်ဆက်သည်။ ဘလန်ချီနှင့် လူစီကတော့ နှစ်ဦးချင်းကပ်၍ စကားတွတ်ထိုးနေကြသည်။ သူတို့နှစ်ယောက်၏ အပြာရောင်စကပ်နှင့် နှင်းဆီရောင် စကပ်တို့၏ ကလနား စများသည် လမ်းသွားလမ်းလာများအား ရှေ့မှပိတ်ထားသည့်နှယ် ဖြစ်လျက်ရှိ၏။ နာနာ၏နာမည်ကို ပြောသံဆိုသံများ ကြားလာရပြန်သည်။ လူတွေကလည်း စိတ်ဝင်တစား နားထောင်ကြသည်။

မြို့စားက ဘလန်ချီအား ခေါ်၍ထွက်သွားသည်။ ဇာတ်ရုံဆင်ဝင်၏ ထောင့်လေးထောင့်တွင် နာနာ့အကြောင်း ပြောနေသံများ ကြားလာရပြန်သည်။ နာနာအား မြင်လိုလှပြီဖြစ်သော်လည်း ဇာတ်ပွဲက မစသေး။ စောင့်ရသည်မှာ ကြာလာပြီ ဖြစ်သဖြင့် အားလုံး စိတ်ပျက်လာကြသည်။ ယခုအချိန်ထိ ကတ္တီပါကားလိပ်က မတင်သေး။ အမျိုးသားများသည် သူတို့နာရီများကို မကြာခဏ ထုတ်ကြည့်နေကြသည်။ နောက်ကျပြီး ရောက်လာသူများသည် မြင်းရထားများ အရှိန်မသတ်မီ ခုန်ဆင်းကြသည်။ ပလက်ဖောင်းပေါ်မှ လမ်းသွားလမ်းလာများသည် ဇာတ်ရုံအတွင်းမှ လှုပ်လှုပ်ရှရှ ဖြစ်နေသည့် ပရိသတ်များအား အထူးအဆန်းသဖွယ် လည်ပြန်လှည့်ကြည့်သွားကြသည်။

လမ်းပေါ်မှ ခပ်နောက်နောက် သူငယ်တစ်ယောက်တည်း လေကလေး တချွန်ချွန်ဖြင့် ရောက်လာသည်။ ဇာတ်ရုံတံခါးဝင် ပိုစတာကြီးရှေ့၌ ရပ်၍ စေ့စေ့စပ်စပ် ကြည့်နေသည်။ ထို့နောက် အရက်မူးသမားတစ်ယောက် လေသံမျိုးဖြင့် 'အို… နာနာ… နာနာ၊ မောင့်အချစ်ကလေး နာနာ'ဟု အော်ဟစ်ကာ သူ့ဖင်ကလေး လှုပ်ခါပြီး ထွက်သွားသည်။ ဝါးခနဲ ရယ်မောသံ ကြားကြရ၏။ ဂုဏ်သရေရှိ အမျိုးသားအချို့ကလည်း သူငယ်၏ အတုကိုယူ၍ 'အို… နာနာ… နာနာ အချစ်ကလေး နာနာ'ဟု လိုက်ဆိုကြ

mgyoe.com

mgyoe.com


သည်။ လက်မှတ်ရုံအနီးမှ တိုးသံဝှေ့သံများ ကြားကြရသည်။ ထို့နောက် ထိုးသံကြိတ်သံများ၊ ရန်ပွဲတစ်ပွဲမှ အသံများဖြစ်သည်။ နာနာ၏နာမည်ကို အကြောင်းမဲ့ အော်ခေါ်နေသံများ ထွက်ပေါ်လာပြန်သည်။ လူတို့၏ မိုက်မဲ တွေဝေမှုနှင့် ဆိုးဝါးကြမ်းတမ်းသော ကာမဂုဏ် အာရုံခံစားမှုတည်းဟူသော လှိုင်းလုံးများကြားတွင် နာနာဟူသော အော်သံခေါ်သံများသည် ပွဲတင်ထပ် လျက် ရှိလေသည်။

ဤဆူညံလှုပ်ရှားသံများ ကြားမှနေ၍ ပထမအကြိမ် အချက်ပေး ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ လူအများ၏ စကားပြောသံများနှင့် ရေရွတ်သံများသည် လမ်းမကြီးဆီသို့ပင် ရောက်လာသည်။ ‘ခေါင်းလောင်း ထိုးနေပြီဟေ့’ဟူသော အသံများနှင့်အတူ ဇာတ်ရုံအတွင်းသို့ တိုးဝှေ့ ဝင်ရောက် လာကြသည့်လူများ။ အပေါက်ဝများတွင် လက်မှတ်သိမ်းများ ချက်ချင်း တိုး၍ချပေးရသည်။

များစွာ စိတ်အနှောင့်အယှက် ဖြစ်နေသည့် မီနွန်သည် စတိုင်းနား အား ဘေးမှနေ၍ နှိုးဆော်လျက်ရှိသည်။ နောက်ဆုံးတွင် စတိုင်းနားသည် ရိုဇ်၏အဝတ်အစားများကို ကြည့်ပေးရန် လိုက်သွားသည်။ ဟက်တာလာ ဖာလွိုင်းကတော့ ခေါင်းလောင်းသံကြားလျှင် ကြားချင်း ဖူရှာရေးအား လက်ဆွဲကာ ပရိသတ်များကြားမှ တိုးဝှေ့ဖြတ်သန်းသွားသည်။ လူစီ စတီးဝပ်ကတော့ အခုလို ပရိသတ်တွေ ရုတ်ရုတ်သဲသဲဖြစ်သည်ကို မကျေ နပ်။ လှုပ်ရှားနေသူများကို ကြည့်ကာ စိတ်တိုလျက်ရှိသည်။ ဘာဖြစ်လို့ အခုလို အမျိုးသမီးတွေကို အတင်းတိုးသွားနေကြတာလဲ၊ အလွန်ရိုင်းတဲ့လူ တွေပဲ စသည်ဖြင့် တွေးလျက်ရှိ၏။ ကာရိုလိုင်းဟက်ကွက်တို့ သားအမိနှင့် အတူ နောက်သို့ဆုတ်၍ ရပ်နေရသည်။ ဇာတ်ရုံဆင်ဝင်တွင် လူရှင်းသွားလေ ပြီ။ လူသံသူသံဆို၍ လမ်းမပေါ်၌သာလျှင် ကျန်ခဲ့သည်။

‘သူတို့ပြဇာတ်တွေက အမြဲတမ်း ကောင်းသလိုလိုတော့ ရှိတယ်’

လှေကားမှ တက်သွားနေခိုက်တွင် လူစီစတီးဝပ်သည် ထိုစကားကို ထပ်တလဲလဲ ပြောသွားလျက် ရှိလေသည်။

ဇာတ်ရုံထဲတွင် ဖူရှာရေးနှင့် လာဖာလွိုင်းတို့သည် သူတို့ထိုင်ခုံများ ရှေ့၌ရပ်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေကြသည်။ တစ်ရုံလုံး

mgyoe.com

mgyoe.com

မီးများဖြင့် ထိန်ထိန်လင်းနေပေပြီ။ မျက်နှာကြက် အမိုးခုံးဆီမှ မီးရောင်များသည် အောက်ဘက်သို့ ဖြာဆင်းလျက်ရှိ၍။ ထိုင်ခုံများဆီမှ ကတ္တီပါကြက်သွေးရောင်သည် မီးရောင်တွင် ရောင်ပြန်ဟပ်လျက် ရှိသည်။ မျက်နှာကြက်တွင် မွမ်းမံခြယ်လှယ်ထားသည့် ရွှေရောင်နှင့် အစိမ်းနုရောင်များသည် မီးရောင်များနှင့်ရောကာ လင်းလက်လှပနေကြသည်။ ဇာတ်ခုံ၏ အောက်ခြေမီးများကိုလည်း ဖွင့်ထားပြီးဖြစ်ရာ အလင်းရောင်များသည် ကတ္တီပါပိတ်ကားဆီသို့ ရောင်ပြန်ဟပ်လျက်ရှိကြ၏။

ဇာတ်ရုံထဲတွင် နွေးထွေးလျက်ရှိ၍။ တီးဝိုင်းစင်ပေါ်တွင် တေးဂီတသမားများသည် ကိုယ့်တူရိယာ ပစ္စည်းကို ကိုယ်စီကိုင်ကာ နေရာယူထားကြပြီဖြစ်သည်။ သူတို့ဆီမှ တယောကြိုးညှိသံများနှင့် ပုလွေခရာ အသံစမ်းသံများသည် မကြာခဏ ထွက်ပေါ်လာနေသည်။ ပတ်ဝန်းကျင်ရှိ ပရိသတ်ထံမှ စကားပြောသံများ၊ တိုးသံဝှေ့သံများ၊ နေရာအတွက် ငြင်းခုံသံများသည် ဆူဆူညံညံ ဖြစ်လျက်ပင်ရှိသည်။ တဖြည်းဖြည်းနှင့် ထိုင်ခုံများတွင် လူများ ပြည့်ပြည့်လာသည်။ အမျိုးသမီးများထံမှ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ လက်ဝတ်ရတနာများသည် အရောင်တလက်လက်၊ အမျိုးသမီးများကတော့ ထိုင်ခုံများတွင် အေးအေးသာသာထိုင်ကာ ယပ်တောင်များ တဖျပ်ဖျပ်ခတ်၍ တံခါးပေါက်မှ တိုးဝှေ့လာရောက် လာနေကြသည့် ပရိသတ်အား စိတ်ဝင်တစား ကြည့်နေကြသည်။ ရင်ဘတ်တွင် ပန်းပွင့်လှလှကလေးများ ထိုးထားသည့် လူရွယ်အချို့သည် ပွဲကြည့်မှန်ပြောင်းများအား လက်အိတ်စွပ်ထားသည့် လက်ချောင်းများဖြင့်ကြည့်၍ အဆင်ပြေအောင် ညှိနေကြသည်။

ညီအစ်ကို နှစ်ယောက်သည် မျက်နှာအများအပြားတွင် သူတို့အသိပါလိုပါငြား ရှာလျက်ရှိကြသည်။ မီနွန်နှင့်စတိုင်းနားသို့ နှစ်ယောက်သည် အထူးတန်းထဲတွင် တွဲ၍ထိုင်နေကြသည်။ ဘလန်ချီဒီဆီဗရီကတော့ တစ်ကိုယ်တည်း ဖြစ်နေဟန်ရှိ၍။ လာဖာလွိုင်းသည် သူ့ထိုင်ခုံ၏ ရှေ့နှစ်တန်းကျော်ရှိ ထိုင်ခုံတစ်ခုံ၌ ထိုင်နေသော ဒက်ရှူးနံဘေး၌ ထိုင်နေသူမှာ ဤပြဇာတ်ကြည့်ရန် ကျောင်းမှ ခိုးထွက်လာသော အသက်ဆယ့်ခုနစ်နှစ်အရွယ်ခန့် လူငယ်ကလေးတစ်ဦးဖြစ်သည်။ လူငယ်သည် သူ၏လှပသော မျက်လုံး

mgyoe.com

mgyoe.com


အစုံကို ကျယ်ကျယ်ဖွင့်ကာ ဘေးပတ်ပတ်လည်ကို လှည့်ပတ်ကြည့်ရှုလျက် ရှိသည်။ ဖူရှာရေးက လူငယ်ကလေးကိုကြည့်ပြီး ပြုံးသည်။

'ဟိုအပေါ်ထပ် အထူးခန်းထဲက အမျိုးသမီးက ဘယ်သူလဲ'

လာဖာလွှိုင်းက ဖျတ်ခနဲ လှမ်းမေးသည်။ 'အပြာရောင်ဝတ်ထားတဲ့ မိန်းကလေးရဲ့ဘေးနားက အမျိုးသမီးလေ'

ပြောပြောဆိုဆို လာဖာလွှိုင်းက အသားဆူဖြိုးဖြိုး၊ အမျိုးသမီးကြီး တစ်ဦးဆီသို့ လက်ညှိုးထိုးပြသည်။ တစ်ချိန်က မိန်းမချောတစ်ဦး ဖြစ်ခဲ့ပုံရသည့် အမျိုးသမီးကြီးသည် ဖြူနေပြီဖြစ်သော ဆံပင်များကို အဝါရောင်ဆိုးထားသည်။ ဝိုင်းစက်စက်မျက်နှာသည် မိတ်ကပ်များ ခြယ်မှုန်းထားသဖြင့် နီရဲနေသည်။ ကလေးကလားဆန်ဆန် ကောက်ထားသည့် ဆံစအခွေအလိပ်ကလေးများသည် သူ့မျက်နှာထက်တွင် ဝဲပျံကျနေကြသည်။

'အဲဒါ ဂါဂါပေါ့'ဟု ဖူရှာရေးက ပြန်ပြောသည်။ သူ့ညီဝမ်းကွဲသည် ထိုနာမည်ကို ကြားဖူးပုံမရ။ ဖူရှာရေးက ဆက်၍ရှင်းပြသည်။

'မင်း ဂါဂါကို မသိဘူးလား၊ လူဝီ ဖီးလစ်ဘုရင်လက်ထက်က လူတိုင်းရဲ့ အသည်းစွဲ အလှမယ်တစ်ဦးပေါ့ကွာ၊ အခုတော့လည်း သူ သွားလေရာကို သူ့သမီး ခေါ်သွားနေတယ်'

လာဖာလွှိုင်းသည် သမီးအပေါ် မျက်စိမကျ၊ ဂါဂါ့အပေါ်၌သာ အာရုံဝင်စားလျက်ရှိသည်။ ဂါဂါ့ကြောင့် သူ့စိတ်သည် လှုပ်ရှားလျက်ရှိရ၏။ သူ့မျက်လုံးများသည် ဂါဂါ့ပေါ်မှ မခွာနိုင်။ သူ့အဖို့ ဂါဂါသည် ဆွဲဆောင်မှု အပြည့်ရှိသော အမျိုးသမီးတစ်ယောက်ဖြစ်နေသည်။ သို့သော်လည်း သူ စိတ်ထဲရှိသမျှကို ထုတ်ဖော်မပြောရဲ။

တီးဝိုင်းခေါင်းဆောင်သည် သူ့လက်ထဲမှ ဘိုးတံကို မြှောက်လိုက်သည်။ ဝိုင်းအဖွဲ့သားများသည် ပဏာမတေးကို စ၍တီးသည်။ တစ်ချိန်လုံး လိုလိုပင် အပြင်မှလူများသည် ဝင်လာနေဆဲ။ အထူးပွဲဟု ဆိုနိုင်သည့် ပြဇာတ်တစ်ခု၏ ပထမဆုံးညတွင် လာရောက်ကြည့်ရှုကြ အားပေးကြသော ပရိသတ်တွင် လူတန်းစားမျိုးစုံ ပါဝင်တတ်သည်။ မည်သည့်ပွဲမဆို ပထမ ည ကြည့်လေ့ရှိသည့် ပုံမှန်ဇာတ်ပွဲ ဝါသနာအိုးများသည် တစ်ဦးနှင့်တစ်ဦး

mgyoe.com

mgyoe.com


နှုတ်ဆက်စကား ပြောနေကြသည်။ အမှန်တော့ အခုလို ထူးခြားဆန်းသစ်သည့် ပွဲမျိုးတွင် ပါရီတစ်မြို့လုံး ရောက်နေသည်ဟုပင် ဆိုနိုင်စရာရှိ၏။ ပါရီမြို့ပေါ်ရှိ စာပေလောကမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးလောကမှ ပုဂ္ဂိုလ်များ အများအပြား ပါဝင်လျက်ရှိသည်။ သတင်းစာဆရာများ၊ စာရေးဆရာများ၊ စတော့ပွဲစားများ စသည်ဖြင့် လူတန်းစားမျိုးစုံဖြစ်သည်။ ယောကျ်ားများနှင့် တွဲလာသည့် အမျိုးသမီးများတွင် ရိုးရိုးသားသား ဂုဏ်သိက္ခာရှိရှိ အရေအတွက်က နည်းသည်။ အများစုမှာ ပါရီမြို့ပေါ် 'အပျော်မယ်များ' ဖြစ်သည်။ ထူးထူးဆန်းဆန်း လူတန်းစား အလွှာပေါင်းစုံရောနေသည့် ပရိသတ်ဖြစ်သည်။ အဆိုးအကောင်း နှစ်မျိုးစလုံး ရောနေသည့် ပရိသတ်ဖြစ်သည်။

လာဖာလွိုင်းသည် သူ့ဝမ်းကွဲအစ်ကိုအား မေးခွန်းပေါင်းစုံ ထုတ်လျက်ရှိသည်။ ဖူရှာရေးကလည်း သီးသန့်နေရာ ပေးထားသည့် သတင်းစာဆရာများနှင့် စာပေသမားများဘက်သို့ ညွှန်ပြကာ သူ့ညီအား ရှင်းလင်းပြောပြလျက်ရှိ၏။ ထို့နောက် ပြဇာတ်ဝေဖန်ရေးဆရာများ၏ အမည်များကို ပြောပြသည်။ အထူးသဖြင့် ပိန်ခြောက်ခြောက်နှင့် နှုတ်ခမ်းပါးပါး လူတစ်ယောက်အားလည်းကောင်း၊ သူ့ဘေး၌ ထိုင်နေသော မိန်းကလေးတစ်ယောက်၏ ပခုံးများကို မှီထိုင်နေသည့် ဝဝတုတ်တုတ် လူတစ်ယောက်အားလည်းကောင်း ညွှန်ပြကာ သူတို့ဇာတ်ကြောင်းများကို ပြောပြနေသည်။

ထိုအခိုက်တွင် လာဖာလွိုင်းက မျက်နှာချင်းဆိုင်ရှိ အထူးသီးသန့်ခန်းထဲမှ လူတချို့အား ဦးညွှတ်၍ နှုတ်ဆက်နေသည်ကို မြင်လိုက်ရသဖြင့် ဖူရှာရေးသည် စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ သူ့ညီ၏ အပြုအမူကို ကြည့်ကာ အံ့အားလည်းသင့်လျက်ရှိသည်။

'ဘယ်လိုလဲဟ၊ မင်းက မြို့စားကြီး မူဖေးဒီဘူးဗီးလ်ကို သိသလား' ဟု ဖူရှာရေးက မေးသည်။

'သိတာ ကြာလှပြီ'ဟု ဟက်တာလာဖာလွိုင်းက ပြန်ပြောသည်။ 'မူဖေးတို့ ခြံမြေတွေက ကျွန်တော်တို့ ခြံမြေတွေနဲ့ ကပ်နေတာ၊ သူတို့ဆီကို ကျွန်တော် မကြာမကြာ သွားလည်ဖူးတယ်၊ မြို့စားကြီးက သူ့ဇနီးရယ်၊ ပြီးတော့ သူ့ယောက္ခမ မြို့စားကြီး မာကေဒီချူးအတ်ရယ်၊ သူတို့နဲ့ အတူတူ နေတာ'

mgyoe.com

mgyoe.com

သူ၏ဝမ်းကွဲအစ်ကို တအံ့တသြ ဖြစ်နေသည်ကိုကြည့်ကာ ဟက်တာသည် များစွာ ပီတိဖြစ်လျက်ရှိ၏။ မူဖေးတို့မိသားစုနှင့် ပတ်သက်၍ သူသိထားသမျှ ဆက်၍ဖောက်သည်ချသည်။ မြို့စားမူဖေး၏ ယောက္ခမ မာကေဒီချူးအတ်မှာ နိုင်ငံတော် ကောင်စီဝင်တစ်ဦးဖြစ်၍ မြို့စားမူဖေးမှာ မကြာသေးခင်ကမှ ဘုရင်မကြီး၏ အိမ်တော်ဝန်အဖြစ် ခန့်အပ်ခြင်းခံရကြောင်း စသည်စသည်ဖြင့် ပြောပြနေသည်။ ဖူရှာရေးသည် ပွဲကြည့်မှန်ပြောင်းဖြင့် မြို့စားကတော်အား စေ့စေ့စပ်စပ်ကြည့်နေသည်။ မြို့စားကတော်သည် အသားဖြူဖြူ၊ မျက်လုံးလှလှ၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နှင့် မိန်းမချောတစ်ဦးပေတည်း။

'အားလပ်ချိန်ကျရင် မင်း ငါ့ကို မိတ်ဆက်ပေးစမ်း' ဟု ဖူရှာရေးက ပြောသည်။ 'ငါ့မြို့စားနဲ့တော့ တွေ့ဖူးပြီးပြီ၊ ဒါပေမဲ့ ငါ သူတို့အိမ်ကို ကြာသပတေးနေ့ အားရက်မှာ သွားလည်ချင်တယ်'

ငြိမ်ငြိမ်နေကြရန် သတိပေးနေသံများသည် အပေါ်ထပ် ထိုင်ခုံများဆီမှ ထွက်ပေါ်လာသည်။ ပဏာမတီးလုံး စနေပြီဖြစ်သော်လည်း လူတွေကတော့ တိုးဝှေ့ကာ ဝင်ရောက်လာနေဆဲ။ ထိုင်ခုံများ၌ ထိုင်နေကြသူများသည် နောက်ကျမှ ရောက်လာသူများ ဝင်သာအောင် မတ်တတ်ရပ် ထပေးနေကြရသည်။ တံခါးဆောင့်ပိတ်သံများ ထွက်ပေါ်လာသည်။ အပြင်ဘက်စင်္ကြံဆီမှ ရန်ဖြစ်နေသံများကိုလည်း ကြားနေကြရသည်။ စကားပြောသံများမှာလည်း စဲမသွား။ စာကလေးတွေ အုပ်လိုက် သင်းလိုက်ဖွဲ့၍ တကျီကျီ တကျာကျာ အော်မြည်နေသည်နှင့် တူလှသည်။

တစ်ခါတစ်ရံတွင် ရှေ့မှ မတ်တတ်ရပ်နေကြသူများကြောင့် စကားများသံများ ထွက်လာတတ်သည်။ 'ရှေ့ ထိုင်ကြပါ ထိုင်ကြပါ' ဟူသော အော်သံများကိုလည်း မကြာခဏ ကြားကြရ၏။ အောက်ထပ် ရီးရီးတန်းမှ အော်ဟစ်ဆူပူသံများသည်လည်း စဲသွားသည်မရှိ။ သီတင်းတစ်ပတ်တိတိ ကြာမျှ ပါရီတစ်မြို့လုံးအား စိတ်ဝင်စားစေခဲ့သည့် နာနာအား တွေ့လိုမြင်လိုသောဆန္ဒက အဆမတန် ကြီးမားနေသည် မဟုတ်ပါလား။

mgyoe.com

mgyoe.com


တဖြည်းဖြည်းနှင့် စကားပြောသံများသည် လျော့သွားသည်။ တစ်ခါ တစ်ရံတွင်မူ ခပ်ကြမ်းကြမ်း အော်ဟစ်သံများ ထွက်ပေါ်လာတတ်သေးသည်။ ထိုအခိုက်မှာပင် တူရိယာဝိုင်းမှ ခေတ်ပေါ်တေးဂီတ မြူးမြူးကြွကြွအသံ ပေါ်လာသည်။ ပရိသတ်အားလုံးလိုလိုပင် ပြုံးရယ်လာကြသည်။ သီးသန့် ထိုင်ခုံများရှေ့၌ ရှိနေကြသည့် လက်ခုပ်တီးရန် အခကြေးငွေပေး၍ ငှားထား သူများထံမှ တစ်ခဲနက် လက်ခုပ်သြဘာသံ ထွက်ပေါ်လာသည်။ ကတ္တီပါ ပိတ်ကားကြီးသည် ဖြည်းဖြည်းချင်း လိုက်ကာအပေါ်သို့ တက်သွားလျက် ရှိလေပြီ။

'ဟာ… ဘယ်လိုလဲ' ဟု ဟက်တာက ရေရွတ်သည်။ 'လူစီဘေး မှာ ယောကျ်ားတစ်ယောက် ရောက်နေပါပေါ့လား'

သူသည် လေသာဆောင် သီးသန့်ခန်းဆီသို့ လှမ်းကြည့်နေသည်။ အခန်းထဲတွင် ရှေ့ဆုံးခုံ၌ ကာရိုလိုင်းနှင့် လူစီတို့ ထိုင်နေကြသည်။ နောက် ဘက်ထိုင်ခုံတွင် ကာရိုလိုင်းနား၏ အမေ။ ပြီးတော့ အရပ်ထောင်ထောင် မောင်းမောင်း၊ ဦးခေါင်းလှလှ၊ ဆံပင်ပုံကောင်းကောင်းနှင့် တခမ်းတနား ဝတ်စားဆင်ယင်ထားသည့် လူရွယ်တစ်ယောက်။

'ကြည့်ပါဦးဗျ' ဟု ဟက်တာက ထပ်ပြောသည်။

'ယောကျ်ားတစ်ယောက် ရှိနေတယ်'

ဖူရှာရေးက လက်ထဲမှ မှန်ပြောင်းဖြင့် လှမ်းကြည့်သည်။ သူသည် ချက်ချင်းပင် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။

'လာ… ဘော်ဒေးဆိုတဲ့ အကောင်ပါကွာ' ဖူရှာရေးက ဤနေရာ၌ ဤလူစားကို တွေ့ရသည့်အတွက် မထူးဆန်းဟူသော လေသံမျိုးဖြင့် ရေရွတ် သည်။

သူတို့နောက်မှ 'တိတ်ကြစမ်းပါ' ဟူသော အော်သံထွက်လာသဖြင့် နှစ်ယောက်သား စကားပြောရပ်လိုက်ကြသည်။ အခုကျတော့လည်း တစ်ရုံ လုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အားလုံး လည်ပင်းများ ဆန့်တန်းကာ ဇာတ်စင်ဆီသို့ တမျှော်မျှော် ဖြစ်နေကြသည်။ တီးဝိုင်းဆီသို့ ရောက်နေသော အာရုံသည် ဇာတ်စင်ဆီသို့ ပြောင်းသွားခဲ့လေပြီ။

mgyoe.com

mgyoe.com


'နတ်မိမယ်ပြဇာတ်'၏ ပထမဆုံး ပြကွက်မှာ အိုလံပီယာတောင်ထိပ်တွင် နတ်သဘင် အစည်းအဝေးအတွက် ပြင်ဆင်ကြသည့် အခန်းဖြစ်သည်။ ကော်များဖြင့်ကပ်၍ မွမ်းမံတည်ဆောက်ထားသည့် အိုလံပီယာ တောင်ထိပ်တွင် တိမ်ဖြူဖြူများ လွင့်မျောနေသည်။ ညာဘက်ထောင့်တွင် ဂျူပီတာနတ်သား၏ပလ္လင်။ အိုင်းရစ်နှင့် ဂါနီမိဒ်တို့သည် အခြားနတ်သမီးများ အကူအညီဖြင့် နတ်ဘုရားများအတွက် နေရာထိုင်ခင်းများ ပြင်ဆင် ခင်းကျင်းနေကြသည်။ ဤပြကွက်ကို သီချင်း သံပြိုင်ဆို၍ သရုပ်ဖော်နေကြသည်။

ကြိုတင်၍ စည်းဝါးတိုက်ထားသည့်အတိုင်း ရှေ့ဆုံးတန်းမှ ကြေးစား လက်ခုပ်သမားများသည် အော်ဟစ်ပြီး လက်ခုပ်များ ဆူညံစွာတီး၍ သြဘာပေးကြသည်။ ကျန်ပရိသတ်ဆီကတော့ ဘာသံမှ မကြားရ။ မှင်တက်မိသလိုဖြစ်ကာ ငေးမောနေကြသည်။ ဟက်တာကတော့ အိုင်းရစ်နတ်သမီးအဖြစ် ကပြနေသော ကလဲရစ်ဘက်စ်နပ်စ် တစ်ယောက်တည်းကိုသာ ရွေး၍ သြဘာပေးလျက်ရှိ၏။ ကလဲရစ်သည် ဘော်ဒီနေး၏ မိန်းမငယ်ကလေးများ အုပ်စုဝင်တစ်ဦးဖြစ်ပြီး ယခု ဇာတ်ခုံပေါ်၌ အိုင်းရစ် နတ်သမီးကလေးအသွင် သရုပ်ဆောင်ရာ၌ အပြာနုရောင် ဝတ်စုံပေါ်မှ ခုနစ်ရောင်ခြယ် ခါးစည်းပဝါစည်းထားသဖြင့် အမြင်ဆန်းကာ တစ်မျိုးတစ်ဖုံ လှလျက်ရှိလေသည်။

'သူ ဒီအဝတ်အစား ဝတ်ဖို့အတွက် အတွင်းခံအင်္ကျီကို ချွတ်ထားခဲ့ရတာ ခင်ဗျား သိရဲ့လား' ဟု ဟက်တာက ဖူရှာရေး ကြားအောင်အော်၍ မေးသည်။ 'ကျွန်တော်နဲ့သူ ဒီနေ့မနက် ဒီအဝတ်တွေကို စမ်းဝတ်ကြည့်တယ်၊ အတွင်းခံဝတ်လို့ မရဘူးဗျ၊ သိလား၊ အတွင်းခံဝတ်ထားရင် သူ့ကျောနဲ့ လက်မောင်းတွေ ကြားကနေပြီး ပရိသတ်က အတွင်းခံကို မြင်နေရမှာ သေချာတယ်'

ပရိသတ်များကြားတွင် အနည်းငယ်မျှ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ လနတ်သမီး ဒိုင်ယာနာအဖြစ် သရုပ်ဆောင်သူ မင်းသမီး ရို့စ်မီနွန် ထွက်လာခြင်းကြောင့် ပေတည်း။ ရို့စ်မီနွန်မှာ ကိုယ်ကာယ သေးသွယ်ပြီး အသားညိုသဖြင့် သူ သရုပ်ဆောင်ရသည့် လနတ်သမီး မျက်နှာမျိုးနှင့် ကိုယ်လုံးမျိုး မရှိပေ။ သို့သော်လည်း အပြင်အဆင် အမွမ်းအမံ ကောင်းသဖြင့် နှစ်သက်စဖွယ် ကောင်းနေသည်။

mgyoe.com

mgyoe.com


ရိုစ်မီနွန် ထွက်လာသည့်အခါ ဗီးနပ်စ် အချစ်နတ်သမီးအတွက် ကြောင့် သူ့အား စွန့်ခွာသွားသည့် မားစ်နတ်သားအား တမ်းတနေဟန် သရုပ်ဆောင်သည်။ သူဆိုသည့် သီချင်းမှာ အလွမ်းသီချင်း။ သူ့ယောက်ျား နှင့် စတိုင်းနား တို့က အောက်မှနေ၍ ရယ်နေကြသည်။

ထိုအခိုက်မှာပင် နတ်စစ်သည်တော် တို့၏ ဗိုလ်ချုပ်မားစ် နတ်သား အဖြစ် သရုပ်ဆောင်သော ပရူလီ ထွက်လာသဖြင့် ပရိသတ် အုန်းအုန်းကျွက် ကျွက် ဖြစ်သွားသည်။ ပရူလီမှာ အများက နှစ်သက်သော မင်းသားကြီး ဖြစ်၏။ သူ့အနေနှင့် ဒိုင်ယာနာ့ အပေါ် စိတ်ကုန်ပြီ။ သူ့အမြင်တွင် ဒိုင်ယာနာ သည် သူ့ကိုယ်သူ သိပ်အထင်ကြီးလွန်းသည့် စသည်ဖြင့် မားစ်က ပြော သည်။ ထိုစကားအပေါ် ဒိုင်ယာနာက မကျေနပ်၊ လက်စားချေမည်ဟု ပိုင်းဖြတ်သည်။ သူတို့နှစ်ယောက် အပြန်အလှန် ဆိုနေကြသည့် စုံတွဲသီချင်း တွင် ပရူလီ၏ အသံသည် ဝေးသံ စူးသံများ ရောစွက်နေသဖြင့် မာန်ဖီနေ သော ကြောင်ထီး တစ်ကောင် အော်သံနှင့် တူလျက်ရှိ၏။ ပရူလီ၏ မျက်လုံးအစုံ ကလယ်ကလယ် လုပ်နေပုံသည် သီးသန့်ခန်းများထဲမှ အမျိုး သမီး များအဖို့ ရယ်စရာကောင်းသည့် မျက်လုံးတစ်ခုလို ဖြစ်နေသည်။

ထိုနောက်တော့ ပရိသတ် သွေးအေး လာပြန်သည်။ နောက်ပိုင်း ဆက်လာသည့် ပြကွက်များသည် ပျင်းရိ ငြီးငွေ့စရာ ကောင်းလှချေသည်။ အူတူတူ အတတ ဂျူပီတာ နတ်သားအဖြစ် သရုပ်ဆောင်သော ဘော့စ်၏ ဦးခေါင်းသည် အထုအထောင်း ခံထားရသည့် သရဖူထဲ ဝင်နေသည်မှာ ရယ်စရာ ဖြစ်နေသည်။ ဤတစ်ကွက်မှ တစ်ပါး ကျန်အပိုင်းများသည် စိတ်ဝင်စားစရာ မရှိ။ နက်ပ်ကျွန်၊ ပလူတို၊ မင်နားဗား အစရှိသော နတ်ဘုရား များသည် တစ်ပါးပြီး တစ်ပါး တန်းစီ၍ ဝင်လာနေကြသည်။ ပရိသတ်သည် လှုပ်စိလှုပ်စိ ဖြစ်လာပြန်သည်။ စကားတွေ ပြောလာကြပြန်သည်။ အော်လား ဟစ်လား လုပ်လာကြပြန်သည်။ အများစု၏ မျက်လုံးများသည် ဇာတ်စင် ပေါ်သို့ မကြည့်ကြတော့။ သူတို့ ဘေးပတ်ဝန်းကျင်ကိုသာ လှည့်ပတ် ကြည့်ရှုနေကြသည်။

လူစီနှင့် လာဘော်ဒေး တို့သည် အချင်းချင်း ခေါင်းချင်းဆိုင်၍ ရယ်မောနေကြသည်။ မြို့စား ဗင်ဒူဗရေး၏ ဦးခေါင်းသည် ဘလန်ချီ၏

mgyoe.com

mgyoe.com


တုတ်ခိုင်ခိုင် လက်မောင်းပေါ်မှ ကျော်၍ ထွက်လာသည်။ ဖူရှာရေးကတော့ မြို့စား မူဖေးတို့ စုံတွဲဆီကိုသာ ကြည့်လျက်ရှိ၏။ မြို့စား၏ မျက်နှာသည် တစ်စုံတစ်ရာကို စဉ်းစား ဆင်ခြင်နေသည့်နှယ် တည်ငြိမ်လျက် ရှိသော်လည်း မြို့စားကတော် ကတော့ အိပ်မက် မက်နေသူ တစ်ဦး၏ မျက်နှာထားမျိုးဖြင့် ပြုံးနေသည်။ ထိုအခိုက်မှာပင် ကြေးစားလက်ခုပ်သမား များဆီမှ လက်ခုပ်သံများ တဖြောင်းဖြောင်း ထွက်ပေါ်လာသည်။ နာနာဆိုသော မင်းသမီး ထွက်လာပြီလား။ သူ့ကို မြင်ရဖို့အတွက် စောင့်မျှော်နေကြရသည်မှာ ကြာလှပြီ။

နတ်သဘင် အစည်းအဝေးကို တာဝန်ယူ၍ ပြင်ဆင် ခင်းကျင်းပေးခဲ့သော အိုင်းရစ်နှင့် ဂါနီမိဒိ တို့က မယားများ လင်ငယ်နေသွားသဖြင့် ဒုက္ခရောက်နေကြသည့် နတ်များအား နတ်မင်းများ၏ ရှေ့တော်မှောက်သို့ ခေါ်သွင်းလာသည်။ နတ်များကလည်း သူတို့ မယားများအား ရာဂစိတ် ပြင်းထန်လာအောင် လှုံ့ဆော်ပေးခဲ့သည့် ဗီးနပ်စ် နတ်သမီး၏ အပြစ် အနာအဆာများကို ထုတ်ဖော် တင်ပြပြီး တိုင်တန်းကြသည်။ သူတို့ သီဆိုနေကြသည့် သီချင်းများမှာ မယားများ လင်ငယ်နေသွား၍ အပူတိုက် နေရသော သီချင်းများ ဖြစ်သဖြင့် ပရိသတ်အဖို့ ပွဲကျစရာ ဖြစ်နေသည်။ အချို့က 'ထပ်ဆိုပါဦးဗျို့' ဟုအော်ကြသည်။

ထိုအခိုက်မှာပင် မီးနတ်သား ဗာလ်ကန် ဝင်လာသည်။ သူ့မယား ပျောက်သွားသည်မှာ သုံးရက်ကြီးများပင် ရှိနေပြီ မဟုတ်ပါလော။ မီးနတ်သားက တိုင်တန်းနေခိုက်တွင် စောစောက ဆိုခဲ့သော သီချင်းကို နောက်တစ်ကြော့ ထပ်၍ ဆိုကြပြန်သည်။ မီးနတ်သားအဖြစ် သရုပ်ဆောင်သူမှာ လူရွှင်တော် မွန်တန်ဖြစ်၏။ 'အတော့်ကို အရုပ်ဆိုးတဲ့ ကောင်ပဲ' ဟူသော မိန်းမတစ်ယောက်၏ ပြောသံကို ကြားရသဖြင့် အမျိုးသမီး ပရိသတ်က ဟားတိုက်၍ ရယ်ကြရုံမျှမက လက်ခုပ်တီး၍ပင် ဩဘာပေးကြသည်။

ဤပြကွက်သည် တော်တော်နှင့် အဆုံးမသတ်နိုင်။ ဂျူပီတာ နတ်သားသည် မယား လင်ငယ်နေ၍ မျောက်မီးခဲ ကိုင်မိသလို ဖြစ်နေသူများအား ခေါ်လာ၍ မဆုံး။ အခုအချိန်ထိ 'နာနာကို မမြင်ရသေး။ ကတ္တီပါ

mgyoe.com

mgyoe.com


ပိတ်ကားကြီး ကျလာသည်အထိ နာနာကို ဝှက်ထားဦးမှာလား။ ဤမျှ လောက် အချိန်ဆွဲလွန်း လာသည့်အခါ ပရိသတ်သည် မကျေမနပ် ဖြစ်လာ ကြသည်။ ညည်းသံ ညူသံများ ကြားလာရသည်။

'ဒီလောက်ကြီး လုပ်ထားတာ မကောင်းဘူး' ဟု မိန္ဒန်က စတိုင်းနား အား လှမ်းပြောသည်။ 'ဒီပုံဆိုရင် မင်းသမီးကို ဝိုင်းပြီး လှောင်ကြတော့မှာ. သေချာတယ်။ ခင်ဗျား စောင့်ကြည့်။

ထိုအခိုက်မှာပင် ဇာတ်စင် နောက်ဘက်ရှိ တိမ်လွှာများသည် နှစ်ခြမ်း ကွဲသွားပြီး ဗီးနပ်စ် နတ်သမီး ထွက်ပေါ်လာသည်။ နာနာသည် အရပ်မြင့် မြင့်။ ဆယ့်ရှစ်နှစ် ဟူသော အသက်နှင့် မမျှအောင် ကိုယ်ကာယ ဖွံ့ဖြိုးတောင့် တင်းသည်။ အဖြူရောင် နတ်ဝတ် တန်ဆာများ ဝတ်ထားသည်။ ရှည်လျား လှပသော ရွှေရောင်ဆံပင်သည် ပခုံးနှစ်ဖက်တွင် ဝဲပျံ့၍ကျကာ အောက် ဘက် ဇာတ်ခုံ ကြမ်းပြင်ပေါ်ရှိ မီးလုံးများဆီသို့ သက်ဆင်းသွားသည်။ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝ ရှိနေပုံရ၏။ သူသည် ပရိသတ်ဘက်သို့ လှည့်၍ ချစ်စရာကောင်းသော အပြုံးဖြင့် နှုတ်ဆက်သည်။ ထို့နောက် သီချင်း စဆိုသည်။

'အချစ်နတ်သမီးလေး…ဗီးနပ်စ် အလှမယ်

ညနေခင်း အပျင်းပြေ လမ်းလျှောက်ရာဝယ်…'

ပွဲကြည့် ပရိသတ်များသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကြသည်။ ဘော်ဒီနေးသည် ပရိသတ်အား အရူး လုပ်ပြီထင်၏။ ဤမျှ လောက် ညံ့ဖျင်းသည့် အသံမျိုးကို ယခင်က မကြားစဖူး။ အနုပညာမြောက် ဖို့ နေနေသာသာ စည်းဝါးပင် မကိုက်။ ဇာတ်မန်နေဂျာ ဘော်ဒီနေး တစ် ယောက် အကဲဖြတ် လွဲပြီထင်၏။ ပြီးတော့ မင်းသမီးသည် ဇာတ်စင်ပေါ်၌ ဘယ်လိုနေထိုင် ပြုမူရမည်ကိုပင် သိပုံမရ။ နာနာသည် သူ့တစ်ကိုယ်လုံးကို ယိမ်းယိုင် လှုပ်ရှားကာ လက်နှစ်ဖက်ကို မြှောက်၍ ရှေ့သို့ ဆန့်တန်းလိုက် သည်။ သူ ကပြပုံသည် အချိုးအစားမကျ။ ကြည့်ရသည်မှာ မတင့်မတယ် မဖွယ်မရာ နိုင်လွန်းလှ၏။ ဈေးနည်းသော အတန်းများရှိ ပရိသတ်များသည် 'အိုး အား အူး အဲ' ဟူသော အသံများ လုပ်၍ သံသေးသံကြောင်ဖြင့်

mgyoe.com

mgyoe.com

အော်ဟစ် ပြောင်လှောင်နေကြသည်။ ဤ ကြားထဲမှာပင် ကြက်မြီးကောင် ပေါက် တစ်ကောင်၏ အသံမျိုးဖြင့် အော်သံတစ်ခွန်း ထွက်ပေါ်လာသည်။

'သိပ်ကို လှတာပဲ'

တစ်ဇာတ်ရုံလုံးရှိ လူများသည် အသံလာရာဘက်သို့ လှည့်ကြည့်ကြ သည်။ အော်လိုက်သူမှာ ကောလိပ်ကျောင်းသား လူချောကလေး ဖြစ်သည်။ သူ၏ လှပသော မျက်လုံးအစုံသည် နာနာ့အပေါ်၌ စူးစိုက်လျက်ရှိ၏။ ဇာတ်ရုံတွင်းရှိ လူတိုင်းလိုလိုက သူ့အား ဝိုင်းကြည့်နေကြသည်ကို သတိ မထားမိသောအခါ အမှတ်တမဲ့ အော်လိုက်မိသော သူ့စကားအတွက် ရှက် စိတ်ဝင်ကာ တစ်မျက်နှာလုံး နီရဲလာသည်။ သူ့ဘေး၌ ထိုင်နေသော ဒက်ရှူးနက်က သူ့အား ကြည့်၍ ပြုံးသည်။ ပရိသတ်သည် ဝါးခနဲ ရယ်လိုက် ကြသည်။ လက်အိတ်အဖြူ စွပ်ထားသည့် လူငယ်လူရွယ် အများအပြား သည် နာနာ၏ အလှတွင် မိန်းမောကာ ငြိမ်ဆိတ်လျက် ရှိကြရာမှ လက်ခုပ် လက်ဝါး တီး၍ သြဘာပေးကြသည်။

ပရိသတ်များ ရယ်သည်ကို မြင်သောအခါ နာနာကပါ ရယ်သည်။ ထိုအခါ သာယာပျော်ရွှင်မှုသည် နှစ်ဆ တိုးလာသည်။ နာနာသည် တကယ့် ကို လှသည့် မိန်းမချော မိန်းမလှကလေး ဖြစ်ပါ၏။ ပြုံးလိုက်သည့် အခါတိုင်း မြင်ရသည့် ပါးချိုင့်ကလေးများသည် ချစ်စရာ ကောင်းလှချေပါတိ ခြင်း။ သူသည် စိတ်လှုပ်ရှားခြင်း ကင်းစွာဖြင့် ပရိသတ်နှင့် ရင်းနှီးသွားအောင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်သည်။ သူသည် ပရိသတ်၏ စိတ်တွင် စွဲငြိသွားအောင် အားထုတ်သည်။ သူသည် အသံနှင့် အကဘက်တွင် ထူးခြားသော စွမ်းရည် မရှိသော်လည်း အခြားဘက်တွင် ချစ်ခင်နှစ်သက်စရာတွေ အများကြီး ရှိပါသေးသည် ဟူသော အချက်ကို နှုတ်က မပြောသော်လည်း အမူအရာ အားဖြင့် သိသာ ထင်ရှားစေသည်။ သူသည် တီးဝိုင်း ခေါင်းဆောင်ဘက်သို့ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်သည်။ ရဲရဲသာ ဆက်တီးပါတော့ ဟု ပြောလိုက်သည့်နှယ် ရှိသည်။ နာနာ၏ နှုတ်ဖျားမှ သီချင်း ဒုတိယပိုဒ် ဆိုသံ ပေါ်ထွက်လာသည်။

mgyoe.com

mgyoe.com

'ညသန်းခေါင်ယံမှာ ရောက်လာတာ
ဗီးနပ်စ် အလှမယ်ကလေးပါ'

အသံကတော့ စောစောက အတိုင်းပင် နားထောင်၍ မကောင်း။ သို့သော်လည်း ယခုတစ်ကြိမ် ကြားရသည်မှာ ခွင့်လွှတ်နိုင်စရာ ရှိလာသည်။ ပရိသတ်၏ နားများက လက်ခံနိုင်လာသည်။ နာနာသည် မျက်နှာပေါ်မှ အပြုံးပန်းကို ဆက်လက် ဖွင့်ထားဆဲ။ ဤအပြုံးသည် နာနာ၏ နီရဲသော နှုတ်ခမ်းများနှင့် မျက်လုံးပြာပြာများကို အလှကျက်သရေ တိုးစေသည်။

နာနာသည် သူ၏ ခန္ဓာကိုယ်ကို ဘယ်ယိမ်း ညာနွဲ့ လှုပ်ရှားလျက် ရှိသည်။ ထို့ထက်ပို၍ လှုပ်ရှားတတ်ပုံလည်းမရ။ သို့သော်လည်း ပရိသတ်က စောစောကလို အပြစ်ဟု မမြင်တော့၊ အမျိုးသားများသည် သူတို့၏ ပွဲကြည့်မှန်ပြောင်း များဖြင့် နာနာအား စိတ်ဝင်တစား ကြည့်နေကြပြီဖြစ်၏။ နာနာသည် သူ့သီချင်းကို အဆုံးသတ်လိုက်သည်။ အသံသည် တိမ်ဝင်သွားသည်။ သီချင်းအဆုံးကိုပင် ပီသအောင် မဆိုနိုင်။

ပြဇာတ်၏ ပထမပိုင်း အဆုံးသတ်မှာ အေးလွန်းလှ၏။ နတ်သားများ၏ ညီလာခံ သဘင်သည် မပြီးဆုံးသေး။ မယားများ လင်ငယ်နေသွား ခံရသူများ၏ အမှုကိစ္စများကို ကောင်းကင်ဘုံ၌သာ စုံစမ်း စစ်ဆေးရုံများဖြင့် မလုံလောက်၊ မြေပြင်ရှိ လူဘုံ အတွင်းသို့ပါ ဆင်းသက်စုံစမ်းမှ ဖြစ်မည်ဟု ဆုံးဖြတ်ကြသည်။ ဤပြကွက်များအပေါ်တွင် ပရိသတ်သည် ပျင်းရိ ငြီးငွေ့နေကြသော်လည်း ပထမပိုင်း ဇာတ်သိမ်း သီချင်းများနှင့် အတီး သီချင်းကို ဇာတ်ဆောင်များက အဖွဲ့လိုက် သံပြိုင်စု၍ သီဆိုကြပြီး အတီးကိုမူ ရွှေပွဲလာ ပရိသတ်များက များစွာ သဘောတွေ့ကြသည်။ ရှေ့ဆုံးတန်းမှ ကြေးစား လက်ခုပ်သမားများသည် ဇာတ်ဆောင်များအား ပရိသတ်က လက်ခုပ်သြဘာ ပေးရန် ဆွယ်သည့်အနေဖြင့် လက်ခုပ်များ မနားတမ်း တီးကြသည်။ သို့သော်လည်း ကျန်ပရိသတ်က မတီး။ ဇာတ်သိမ်း သီချင်း ရပ်လိုက်ချိန်တွင် အားလုံး မတ်တတ်ရပ် ထကာ အပြင်သို့ထွက်ရန် တာစူနေကြလေပြီ။

ထိုင်ခုံများမှ လူများသည် အတန်းလိုက် တိုးဝှေ့ပြီး ထွက်လာနေကြသည်။ သွားရင်း လာရင်းကပင် တစ်ယောက်နှင့် တစ်ယောက် ထင်မြင်ချက် ပေးကြသည်။ သူတို့ပေးသည့် ထင်မြင်ချက်မှာ တစ်သံတည်းဖြစ်လျက်ရှိ၏။

mgyoe.com

mgyoe.com


'ပြဇာတ်ကဖြင့် ချာပေါ့ကွာ'

ဝေဖန်ရေးဆရာ တစ်ယောက်ကမူ သူသာဆိုလျှင် ပရိသတ် စိတ်ဝင်စားအောင် ပြဇာတ်ကို ဘယ်နေရာတွင် ဘယ်လိုတိ၍ ဘယ်လိုဖြတ်လိုက်မည် စသည်ဖြင့် ပါးစပ်မှ အမြှုပ်ထွက်အောင် ဝေဖန်လျက်ရှိ၏။ ပြဇာတ်အပေါ် စိတ်ဝင်စားသူ နည်းသော်လည်း နာနာ့ အကြောင်းကတော့ လူတိုင်း၏ ပါးစပ်ဖျားတွင် ရေပန်းစားလျက် ရှိသည်။ ရုံပြင်သို့ ရှေ့ဆုံးမှ ထွက်လာသည့် ဖူရှာရေးနှင့် ဟက်တာလာ ဖလွိုင်းတို့သည် အပြင် စင်္ကြံ၌ ရှိနေသော စတိုင်းနားတို့နှင့် ဆုံမိသည်။ ဤစင်္ကြံ တစ်လျှောက်တွင် လူတွေ ကျပ်သိပ်နေသဖြင့် မွန်းကျပ်လျက် ရှိ၏။ ရိုးရိုးတန်းမှ လူများသည် စကားတွေ ဖောင်လောက်အောင် ပြောကာ ဆူညံ လှုပ်ရှားလျက်ရှိသည်။ သူတို့၏ ဖိနပ်သံများသည် နားမခံသာအောင် ကျယ်လောင်လွန်းလှ၏။

'ကျွန်တော် ဒီအမျိုးသမီးကို သိသလိုလို ဖြစ်နေတယ်' ဟု စတိုင်းနားက ဖူရှာရေးအား တွေ့လျှင် တွေ့ချင်း လှမ်းပြောသည်။ 'ကျွန်တော် သူ့ကို တစ်နေရာရာမှာ မြင်ဖူးခဲ့တာကတော့ သေချာတယ်ဗျာ၊ ကျွန်တော်ထင်တာကတော့ သူ့ကို တွေ့ဖူးတာ ကက်ဆီနို ကပွဲရုံ တစ်ခုမှာ ဖြစ်မယ်၊ အဲဒီတုန်းက သူသိပ်မူးနေလို့ ပုလိပ် ဆွဲခံသွားရသလိုပဲ'။

'အေးဗျ၊ ကျွန်တော်လည်း ဇဝေဇဝါ ဖြစ်နေလို့၊ သူ့ကို ဘယ်နေရာမှာလဲတော့ အတိအကျမမှတ်မိဘူး၊ ကျွန်တော် တွေ့ဖူးတာကတော့ သိပ်ကို သေချာတယ်'ဟု ဖူရှာရေးက ပြန်ပြောသည်။

သူသည် အသံကို နှိမ့်ချလိုက်ပြီး ရယ်၍ ပြောသည်။

'ဟို ခေါင်းမကြီး လာထရီကွန့်ရဲ့ အိမ်မှာများ ဖြစ်မလားတော့ မသိဘူး'။

'သေချာပါတယ်၊ ခင်ဗျားတို့တွေ့တာ မကောင်းတဲ့နေရာ တစ်နေရာမှာပဲ ဖြစ်ဖို့များပါတယ်ဗျာ' ဟု မီနွန်က ဒေါသတကြီးနှင့် ပြောသည်။ 'ဇာတ်စင်ပေါ် ရောက်လာတဲ့ မိန်းမပျက် တစ်ယောက်ကို ပရိသတ်က အခုလောက်ကြီး ဩဘာ ပေးနေကြတာတော့ အတော့်ကို စက်ဆုပ်ဖို့ကောင်းတာပဲ၊ အခုလိုသာဆိုရင်တော့ ဇာတ်စင်ပေါ်ကို ရိုးသားဖြူစင်တဲ့

mgyoe.com

mgyoe.com

မိန်းမကောင်းတွေ ဘယ်တက်တော့မှာလဲ၊ ဟုတ်တယ်လေဗျာ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပေါ့၊ ကျွန်တော့်မိန်းမ ရှိစ်ကိုတောင် နောက်ထပ် စင်ပေါ် မတင်တော့ဘူး'

မီနွန်၏ စကားကြားသည့်အခါ ဖူရှာရေးသည် မပြုံးဘဲ မနေနိုင်။ အောက်ထပ်သို့ ပြေးဆင်းသွားနေသည့် ဖိနပ်သံများမှာ မစဲသေး။ စကြံတစ်ဖက်၌ ရောက်နေသော လူငယ်နှစ်ယောက်သည် အငြင်းအခုံ ဖြစ်လျက်ရှိကြ၏။ တစ်ဦးက 'တော်တော် စုတ်ပဲ့တာပဲ၊ တော်တော့်ကို စုတ်ပဲ့တာပဲ' ဟု ထပ်တလဲလဲ ရေရွတ်နေသည်။ မည်သူ့အား စုတ်ပဲ့သည်ဟု ပြောနေမှန်းတော့ မသိ။ ကျန်လူငယ်ကမူ 'အံ့မခန်းပါပဲကွာ' ဟူသော စကားကိုသာ ရေရွတ်လျက်ရှိသည်။

ဟက်တာလာ ဖာလွိုင်းကတော့ နာနာအား အလွန်ကောင်းသည်ဟု ယူဆသည်။ အသံကိုသာ ကောင်းလာအောင် စနစ်တကျ လေ့ကျင့်သင်ကြားပေးလိုက်ပါက အခုထက် အဆပေါင်းများစွာ ပို၍ ကောင်းလာလိမ့်မည်ဟု သူပြောရဲသည်။ စတိုင်းနားကတော့ မည်သူ့ စကားကိုမှ နားမထောင်တော့ပေ။ ဘာပဲဖြစ်ဖြစ် စောင့်ကြည့်ဖို့ လိုသေးသည်ဟု ယူဆသည်။ ဆက်လက်၍ ကပြမည့် အခန်းများတွင် ပရိသတ် မနှစ်သက်စရာတွေ ပါချင် ပါလာလိမ့်ဦးမည်ဟု သူထင်သည်။ ပရိသတ်သည် နာနာအား ခင်မင်ဖော်ရွေမှုကို ထုတ်ဖော်ပြသသည့် အဆင့်၌သာ ရှိသေးသည်။ ပရိသတ်ကို အပေါ်စီးရသွားပြီဟူ၍ မဆုံးဖြတ်နိုင်သေး။

မည်သို့ပင်ဖြစ်စေ မီနွန်ကတော့ ပြဇာတ်ကို ပြီးဆုံးအောင် ကပြသွားနိုင်လိမ့်မည် မဟုတ်ဟု ကျိန်တွယ်ပြီး ပြောနေသည်။ ဖူရှာရေးနှင့် လာဖာလွိုင်းတို့ ဇာတ်ရုံအဝင် ခန်းမကြီးထဲသို့ ဝင်သွားသည့်အခါ မီနွန်သည် စတိုင်းနား၏ လက်မောင်းကို လှမ်းဆွဲကာ နားနားသို့ ကပ်၍ တိုးတိုးပြောသည်။

'နေပါဦး ကိုယ့်လူရာ၊ ဒုတိယပိုင်းမှာ ကျွန်တော့်မိန်းမ ဝတ်မယ့် အဝတ်တွေကို လိုက်ကြည့်ပါဦး'

အပေါ်ထပ် ဧည့်ဆောင်ခန်းမကြီးထဲတွင် မျက်နှာကြက်မှ မီးပန်းဆွဲကြီးများ၏ အလင်းရောင်ဖြင့် ထိန်လင်းလျက်ရှိသည်။ ညီအစ်ကို နှစ်

mgyoe.com

mgyoe.com


ယောက်သည် တစ်ခဏမျှရပ်ကာ မှန်တံခါး ပေါက်ကြီးများမှ နေ၍ အတွင်းဘက်သို့ လှမ်းကြည့်သည်။ နိမ့်မြင့်ဖြစ်နေသော လူခေါင်းများကို မြင်နေရ၏။ သူတို့သည် ခန်းမဆောင်အတွင်းသို့ ဝင်ခဲ့ကြသည်။ ယောက်ျားများသည် အုပ်စုငါးစု ခြောက်စုခန့်ခွဲကာ လက်ဟန်ခြေဟန်ဖြင့် စကားပြောလျက်ရှိသည်။ အငြင်းအခုံဖြစ်နေကြသည့် လက္ခဏာလည်း ရှိ၏။ အချို့ကတော့ ရှေ့နောက်တန်းကာ တခြားဘက်သို့ လျှောက်သွားနေကြသည်။ မိန်းမတချို့သည် တိုင်ကြီးများ ကြား၌ ချထားသည့် နီရဲရဲ ကတ္တီပါအုပ် ခုံတန်းများပေါ်၌ ထိုင်ကာ သူတို့၏ ဘေးတစ်ဖက်တစ်ချက်မှ ဖြတ်သွားဖြတ်လာ လုပ်နေကြသူများအား ကြည့်နေကြသည်။ သူတို့သည် အပူဒဏ်ကို ခံနေရသဖြင့် ပင်ပန်းနွမ်းလျ နေကြပုံပေါ်သည်။ သူတို့ နောက်ဘက်ရှိ မှန်ကြီးများပေါ်တွင် သူတို့၏ လှပသော ဆံစ အခွေအလိပ်ကလေးများသည် ဘယ်ညာယိမ်းနွဲ့ကာ လှုပ်ရှားလျက်ရှိကြ၏။ ခန်းမကြီး အစွန်းတစ်ဖက်ရှိ စားသောက်ခုံ ရှေ့တွင်မူ ဗိုက်ရွှရွှ လူဝကြီးတစ်ယောက်သည် သစ်သီးရည် ဖန်ခွက်ကို အငမ်းမရ မော့သောက်လျက်ရှိသည်။

ဖူရှာရေးသည် လေဝဝ ရှူလိုသဖြင့် ဆင်ဝင်ဘက်သို့ ထွက်ခဲ့သည်။ သူ့ညီ လာဖာလ္လိုင်းသည် တိုင်ကြီးများ၌ မှန်ပေါင်ကြီးများ တပ်၍ တခမ်းတနား ချိတ်ဆွဲထားသည့် မင်းသား မင်းသမီး ဓာတ်ပုံများကို ကြည့်နေသည်။ ထို့နောက် ဖူရှာရေး နောက်သို့ လိုက်သွားသည်။ ဓာတ်ရုံရှေ့မျက်နှာစာသည် မီးလုံးများ မှိတ်ထားပြီ ဖြစ်သဖြင့် မှောင်မည်းလျက်ရှိသည်။ လသာဆောင်ဘက်တွင်မူ အေးလျက်ရှိသည်။ ကျောက်တိုင်တစ်တိုင်ကို မှီရပ်ကာ စီးကရက်တစ်လိပ်ဖွာနေသည့် လူရွယ်တစ်ဦး မှတစ်ပါး အခြားမည်သူမှမရှိ။ ဖူရှာရေးက ဒက်ဂူးနက်မှန်း ချက်ချင်းသိသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်လက် တစ်ယောက်ဆွဲ၍ နှုတ်ဆက်ကြသည်။

'ကိုယ့်လူက ဒီနေရာမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ' ဟု ဖူရှာရေးက မေးသည်။ 'ပြဇာတ် ပထမညဆိုရင် ခင်ဗျားဘယ်တော့မှ အပြင်ထွက်လေ့ မရှိပါဘူး။ ဒီညကျမှ ထူးထူးခြားခြား သီးခြားကမ္ဘာလေးလို နေရာမှာ ဘာပြုလို့ လာပုန်းနေရတာလဲ'။

mgyoe.com

mgyoe.com


'ခင်ဗျား မြင်တဲ့ အတိုင်းပဲ၊ ကျွန်တော် ဒီမှာလာပြီး ဆေးလိပ်သောက်နေတာပါ' ဟု ဒက်ဂူးနက်က ပြန်ပြောသည်။

ထို့နောက် ဖူရှာရေးက သတင်းစာဆရာ ပီပီ တစ်ဖက်လူ ခေါင်းရှုပ်စေမည့် မေးခွန်းတစ်ခုကို မေးပြန်သည်။

'ဘယ့်နှယ်လဲ၊ မင်းသမီးသစ်ကလေးကို ခင်ဗျား ဘယ်လိုမြင်သလဲ၊ စကြဲ့ ဘက်မှာတော့ ဝေဖန်လိုက်ကြတာ ရစရာကို မရှိဘူး၊ မှိုချိုးမျှစ်ချိုးပဲ'

'ဟုတ်လား' ဟု ဒက်ဂူးနက်က ရေရွတ်လိုက်သည်။ 'နာနာကို သဘောမကျတဲ့ ယောက်ျားတွေကတော့ ဒီလိုပဲ ဝေဖန်ကြမှာပေါ့ဗျာ'

နာနာ၏ အရည်အသွေးနှင့်ပတ်သက်၍ ဒက်ဂူးနက်၏ ဝေဖန်မှုသည် ဤမျှသာ ဖြစ်သည်။ လာဖာလွိုင်းသည် ဆင်ဝင်ရှေ့ဘက်သို့ ကိုယ်ကိုကိုင်းကာ လမ်းမကြီးဆီသို့ မျှော်ကြည့်နေသည်။ မျက်နှာချင်းဆိုင်ဘက်ရှိ ဟိုတယ်တစ်ခုနှင့် ကလပ်တစ်ခုသည် မီးရောင်များဖြင့် ထိန်ထိန်လင်းနေဆဲ။ မက်ဒရစ် ကဖီးရှေ့ ပလက်ဖောင်းဘောင်ရှိ စားပွဲများတွင် လူအများအပြား အရက်သောက်နေကြဆဲ။ ညဥ့်နက်ပြီ ဖြစ်သော်လည်း လူကတော့ မစဲသေး။ သွားလာလှုပ်ရှားလျက်ပင်ရှိ၏။ ဂျိုဖရွိုင်း လမ်းကြားထဲမှ လူများသည် ထွက်လာမစဲ တသဲသဲ။ အချို့လူအုပ်သည် လမ်းမကြီးကို ဖြတ်ကူးရန် ပလက်ဖောင်းပေါ်၌ ရပ်၍ စောင့်နေကြသည်။

'ဘယ်လို လှုပ်ရှားမှုတွေလဲ၊ ဘယ်လို အသံတွေလဲ' ပါရီမြို့၏ သဘာဝအပေါ် အံ့သြလျက်ရှိသော လာဖာလွိုင်းက တစ်ကိုယ်တည်း ရေရွတ်နေသည်။

အချက်ပေး ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ချက်ချင်း လိုလိုပင် ဧည့်ခန်းဆောင်ထဲ၌ လူစလူန ပျောက်သွားသည်။ လူစုလူဝေးသည် စကြဲ့တစ်လျှောက်၌ တိုးဝှေ့ နေကြသည်။ ရုံထဲသို့ သုတ်သီးသုတ်ပျာနှင့် ဝင်ရောက်သွားနေကြသည့် လူများ။ ကတ္တီပါ ပိတ်ကားကို လိပ်တင်ထားပြီဖြစ်၏။ သို့သော်လည်း လူများကတော့ အဆက်မပြတ် ဝင်လာနေဆဲ။ ထိုင်ခုံတွင် ထိုင်နေကြသူများအဖို့ အနှောင့်အယှက် ဖြစ်နေသည်။ လာဖာလွိုင်း၏ မျက်လုံးများသည် ဂါဂါအား လိုက်လံရှာဖွေလျက်ရှိသည်။ မကြာသေး

mgyoe.com

mgyoe.com


ခင်က သီးသန့်ခန်းထဲ၌ လူစီနှင့် တွဲထိုင်နေသော အရပ်မြင့်မြင့် လူချောလူလု သည် ယခုအခါ ဂါဂါ့ဘေး၌ ရောက်နေသည်။ ဤအဖြစ်ကို မြင်သောအခါ လာဖာလ္လိုင်းသည် များစွာ အံ့အားသင့်လျက်ရှိ၏။

'ဟိုလူ့ နာမည်က ဘာ' ဟု မေးသည်။ ပထမတွင် ဖူရှာရေးသည် လာဖာလ္လိုင်း ညွှန်ပြသည့် လူကို မမြင်။ တစ်ခဏကြာမှ မြင်သည်။ 'သြော်…အဲဒီဟာလား၊ လာဘော်ဒေးဆိုတဲ့ ကောင်ပါကွာ' ဟု စောစောက လိုပင် အရေးမထားသည့် လေသံဖြင့် ပြန်ဖြေသည်။

ပြဇာတ်၏ ဒုတိယပိုင်းသည် အံ့သြဖွယ် ကောင်းလောက်အောင် ထူးခြားသည့် ပြကွက်တစ်ကွက် ဖြစ်နေသည်။ အောက်တန်း ခပ်ကျကျ ဆင်ခြေဖုံး ရပ်ကွက်တစ်ခု၏ ကပွဲရုံ ခန်းမအတွင်းမှ မြင်ကွင်းတစ်ခုကို ပြခြင်း ဖြစ်သည်။ ဇာတ်ကောင်များသည် ထိုကပွဲရုံ ခန်းမအတွင်း၌ ကြမ်းပြင်ကို သူတို့ခြေထောက်များနှင့် စည်းချက်ကျကျ ပေါက်၍ ဆောင့်၍ နင်းကာ ကခုန်နေကြသည်။ သီချင်းနှင့် တေးဂီတက မြူးမြူးကြွကြွ။ ကခုန်နေကြသူ များကလည်း မြူးမြူးကြွကြွ။ ပရိသတ်သည် မြူးထူး ရွှင်လန်းလာသည်။ တက်ကြွလှုပ်ရှားလာသည်။ သီချင်းကို ထပ်၍ ဆိုဖို့ မကြာခဏ ပွဲတောင်း သည်။

ထိုအခိုက်တွင် အိုင်းရစ်နတ်သမီး ခေါင်းဆောင်သော အဖွဲ့ ဆိုက် ရောက်လာသည်။ အဖွဲ့ဝင်အားလုံးသည် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် လူယောင်ဖန်ဆင်းပြီး လာကြခြင်း ဖြစ်၏။ ဝတ်စားဆင်ယင် လာကြပုံများ သည် ကိုးရိုးကားရား။ အဖွဲ့ဝင်များကို ကြည့်၍ ပရိသတ်သည် ပွဲကျနေ ကြသည်။ တဝါးဝါး တဟားဟား ရယ်သံများသည် ဇာတ်ရုံထဲတွင် သောသောညံလျက်ရှိ၏။ 'မင်း လူချော တစ်ယောက် ဖြစ်နေရင်တော့ ကောင်မလေးတွေက ချစ်တာကို ခွင့်ပြုရမှာပဲ ငါ့လူ' ဟူသော စကားမျိုး ပြောသံကြားရသည့်အခါ ယောကျ်ားပရိသတ်က သြဘာပေးကြသည်။ အမျိုးသမီးများကတော့ ယပ်တောင်ကလေးများဖြင့် မျက်နှာများကို ကွယ်၍ ပြုံးကြသည်။ သီးသန့်ခန်းထဲရှိ လူစီကတော့ ခွက်ထိုးခွက်လန် ရယ်လျက်ရှိ သဖြင့် သူ့ဘေးမှ ကာရီလိုင်းက လက်ထဲမှ ယပ်တောင်ဖြင့် ရိုက်၍ သတိပေးသည်။

mgyoe.com

mgyoe.com

ထိုအချိန်မှစ၍ ပြဇာတ်သည် အောင်မြင်မှု အရှိန်ရလာသည်။ နတ်သား နတ်သမီးများ၏ ပျော်ပွဲပြကွက်သည် ပရိသတ်အတွက် ရယ်ရွှင် စရာ ဟာသပြကွက် တစ်ခု ဖြစ်သဖြင့် တသောသော ရယ်မောလျက်ရှိကြ ၏။ ပရိသတ်အနေဖြင့် ဤအခန်းများကို ကြည့်ရသဖြင့် ကျေနပ်နှစ်သိမ့်လာ ကြသည်။ ရွှင်လန်းမြူးထူးလာကြသည်။ စိတ်လက် ကြည်လင်ပေါ့ပါးကာ လန်းဆန်းလာကြသည်။

ဤ ဟာသပြကွက်များကြားမှပင် မူရင်းပြဇာတ်၏ ဇာတ်လမ်းသည် ပီပီပြင်ပြင် ပေါ်လာသည်။ မီးနတ်သား ဗာလ်ကန်သည် လူငယ်တစ်ယောက် အသွင်ဖြင့် ထွက်လာသည်။ သူသည် ဗီးနပ်စ် နတ်သမီး နောက်မှ တ ကောက်ကောက်လိုက်ဆဲ ဖြစ်၏။ ငါးစိမ်းသည်မ အသွင်ဖြင့် ပြန်လည် ပေါ်ထွက်လာသော ဗီးနပ်စ်သည် ခေါင်းတွင် ပဝါစည်းကာ ရင်ဘတ်တွင် ရွှေတု ဆွဲကြိုးများ ဆွဲထားသည်။ ဗီးနပ်စ် နတ်မိမယ် နာနာ အနေဖြင့် ဘယ်လို အဝတ်အစားတွေ ဝတ်ပြီး ထွက်လာလာ၊ လှလျက်ပင်ရှိ၏။ တောင့်တင်း ပြည့်ဖြိုးသည့် တင်ပါးများနှင့် ချစ်စရာကောင်းသည့် ပါးစပ်တို့ သည် ပရိသတ်အား ညှို့ယူဖမ်းစား ထားသည်။

ပရိသတ်၏ အမေ့ခံနေရသူမှာ ရို့စ်မီနွန် ဖြစ်သည်။ ရို့စ်မီနွန်သည် ကောက်ရိုးဦးထုပ် လှလှကို ဆောင်းကာ တက်ကြွရွှင်မြူးသော အသွင်တစ် မျိုးဖြင့် ထွက်လာသည်။ သူ၏ အဆိုနှင့် လှုပ်ရှားမှုများသည် တစ်မျိုးတစ်ဖုံ ထူးခြားသည်။ မြူးကြွကြွ တေးဂီတကလည်း သူ့အား ပို့ပေးနေသည့်နှယ် ရှိသည်။

ထို့နောက် ကတ္တီပါပိတ်ကား ကျလာသည်။ ပရိသတ်၏ ဩဘာသံ များက မစဲ။ ထုံးစံအတိုင်း ကတ္တီပါ ပိတ်ကားသည် ပြန်တက်သွားလိုက် ကျလာလိုက်။ ဩဘာပေးခံရသူများသည် ဇာတ်ခုံပေါ်တွင် တစ်ယောက်ချင်း ထွက်ကာ ပရိသတ်ဆီသို့ ဦးညွှတ်သည်။ ပရိသတ်ထဲမှ အချို့က 'အဖွဲ့လိုက် ထွက်ပါ၊ အဖွဲ့လိုက် ထွက်ပါ'ဟု အော်ကြသည်။ ထိုအခါ ကတ္တီပါ ပိတ်ကားသည် ပြန်တက်သွားသည်။ သရုပ်ဆောင်အားလုံး ဇာတ်ခုံထက်တွင် စုပိုင်း၍ ရပ်နေကြသည်။ နာနာနှင့် ရို့စ်မီနွန်က အလယ်မှ ရပ်လျက်။

mgyoe.com

mgyoe.com


ဇာတ်ဆောင်များက ပရိသတ်ဆီသို့ ဦးညွတ်၍ သြဘာပေးခြင်းကို ခံယူကြသည်။ ပရိသတ်ကလည်း လက်ခုပ်တီး၍ သြဘာပေးကြသည်။ ထို့နောက် ပိတ်ကားသည် ဖြည်းဖြည်းချင်း ပြန်ကျသွားသည်။ ဒုတိယအကြိမ် အားလပ်ချိန် ပေးလိုက်ပြန်လေပြီ။ ဇာတ်ရုံထဲမှ လူများသည် အပြင်သို့ တိုးဝှေ့ပြီး ထွက်ကြပြန်၏။

'ကျွန်တော် မြို့စား မူဖေးကို သွားပြီး နှုတ်ဆက်လိုက်ဦးမှ ဖြစ်မယ်' ဟု လာဖာလွိုင်းက ပြောသည်။

'အေး…ကောင်းတယ်၊ ငါနဲ့လည်း မိတ်ဆက်ပေးဦး' ဟု ဖူရှာရေးက ပြန်ပြောသည်။ 'ပြီးတော့မှ အောက်ထပ်ဆင်းပြီး သွားလိုက်ကြတာပေါ့ကွာ'။

သို့သော်လည်း အထူးသီးသန့်ခန်းများ ဆီသို့ သွားရန်မှာ မလွယ်။ အပေါ်ထပ် စင်္ကြံတစ်လျှောက်လုံး လူတွေဖြင့် ပြည့်ကျပ်နေသည်။ ဤလူအုပ်ကြားမှ တိုးထွက်မည် ဆိုပါက လူများအား တွန်း၍ တိုက်၍ တံတောင်နှင့် တွက်၍ သွားပါမှ ဖြစ်ပေလိမ့်မည်။ ခပ်ဝဝ လူတစ်ယောက်သည် နံရံကို ကျောနှင့်ကပ်၍ ရပ်ကာ ပြဇာတ်ကို ဝေဖန်နေသည်။ အချို့က ထိုဝေဖန်ရေး ဆရာ၏ နာမည်ကို မေးနေကြသည်။ ပြဇာတ် ကနေစဉ် ထိုပုဂ္ဂိုလ်သည် တစ်ချိန်လုံး ရယ်မောလျက် ရှိသည်ဟု အချို့က ပြောနေကြသည်။ မည်သို့ပင် ဖြစ်စေ ဝေဖန်ရေး ဆရာကတော့ အလေးအနက် ပြု၍ ဝေဖန်ဆဲ။ ပြဇာတ်ကို ဝေဖန်ရာမှ ပရိသတ်၏ အကြိုက်နှင့် ကိုယ်ကျင့်တရားများကိုပါ ရောယှက်၍ ဝေဖန်ပြနေသည်။

ဖူရှာရေးသည် အထူးသီးသန့်ခန်း တံခါးများဆီသို့ ကြည့်ကာ မျက်စိရှာလျက်ရှိ၏။ သို့သော်လည်း မြို့စား ဗင်ဒူဗရေးက သူ့အားဆီး၍ စကားပြောနေသဖြင့် ရပ်နေရသည်။ မြို့စား မူဖေးတို့ မိသားစုထံ သွား၍ နှုတ်ဆက်စကားပြောမည်ဟု သိလိုက်သောအခါ ဒူဗရေးက အထူး သီးသန့်ခန်း အမှတ်(၇) ဘက်သို့ လက်ညှိုး ညွှန်ထိုးပြသည်။ ထိုအခိုက်မှာပင် မူဖေးတို့ ထွက်လာသည်ကို မြင်ရ၏။ ထို့နောက် ဒူဗရေးက သတင်းဆရာ ဖူရှာရေး၏ နားသို့ ကပ်၍ နှစ်ကိုယ်ကြား လေသံဖြင့် စကားတစ်ခွန်း ပြောသည်။

'ဒီမယ် သူငယ်ချင်း၊ ကိုယ်တို့နှစ်ယောက် တစ်ညတုန်းက ဒီနားနာ

mgyoe.com

mgyoe.com


ဆိုတဲ့ အမျိုးသမီးကို ပရိုးဗင့်လမ်းထောင့်မှာ တွေ့ခဲ့ဖူးတယ်၊ ကိုယ့်လူ မှတ်မိသေးလား'။

'ဟာ ဟုတ်တာပေါ့၊ ဒါကြောင့်မို့ ကျွန်တော့် စိတ်ထဲက သူ့ကို မြင်ဖူးပါတယ်လို့ ထင်နေတာ' ဟု ဖူရှာရေးက ပြောသည်။

လာဖာလွိုင်းက သူ့ဝမ်းကွဲ အစ်ကိုအား မြို့စား မူဖေးနှင့် မိတ်ဆက်ပေးသည်။ မူဖေး၏ တုံ့ပြန်မှုမှာ ဟက်ဟက်ပက်ပက် မရှိလှ။ သို့သော်လည်း ဖူရှာရေး၏ နာမည်ကြားလိုက်သော မြို့စားကတော်သည် ခေါင်းထောင်၍ ကြည့်လိုက်ပြီး ဖစ်ငါးရိုး သတင်းစာထဲ၌ ပါသည့် ဖူရှာရေး၏ ဆောင်းပါးများ အလွန်ကောင်းသည်ဟု ချီးမွမ်းစကား ပြောသည်။ မြို့စားကတော်သည် ကတ္တီပါထိုင်ခုံ လက်တန်းကို ကန့်ကလျ မှီ၍ မျက်နှာကို ခပ်စောင်းစောင်း လှည့်ကာ ဖူရှာရေးအား ကြည့်နေသည်။ လှပသော လက်မောင်းများ၏ လှုပ်ရှားပုံသည် ချစ်စရာကောင်းလှ၏။ သူတို့ နှစ်ယောက်သည် ကမ္ဘာ့ပြပွဲကြီး အကြောင်းကို ပြောနေကြသည်။

'အတော့်ကို လှပြီး ခမ်းနားမယ့် ပြပွဲပဲ' ဟု မြို့စားက ဝင်ပြောသည်။ 'ကျွန်တော် ကနေ့ပဲ မာ့စ်လမ်းသွယ်ကို ရောက်ခဲ့သေးတယ်၊ တအံ့တဩ ဖြစ်ပြီး ပြန်လာခဲ့ရတယ်'။

'တချို့က အချိန်မီပြီးမှာ မဟုတ်ဘူးလို့ ပြောနေကြတယ်ခင်ဗျ' ဟု လာဖာလွိုင်းက ဝင်ပြောသည်။ 'လုပ်ရင်း ကိုင်ရင်းနဲ့ အလွဲလွဲ အမှားမှား တွေ ဖြစ်နေလို့'။

သူ့စကားမဆုံးမီ မြို့စားက ကြားဖြတ်ပြောသည်။

'အချိန်မီ ပြီးမှာပါ၊ ဘုရင်မင်းမြတ်က ပြီးအောင် လုပ်စေချင်တဲ့ ဆန္ဒရှိနေတာပဲ'။

ဖူရှာရေးက သူလည်း ပြခန်းသို့ ရောက်ခဲ့သေးသည်ဟု ဆိုကာ သူမြင်ခဲ့ရသည့် အဆောက်အအုံများ အကြောင်း ပြောပြသည်။ မြို့စားကတော်က ပြုံးပြုံးကလေး လုပ်၍ နားထောင်နေသည်။ နားထောင်နေရင်းမှလည်း ဇာတ်ရုံထိုင်ခုံများ ဆီသို့ ငေး၍ ကြည့်သည်။ လက်ထဲမှ ယပ်တောင်ဖြင့် သူ့ကိုယ်သူ ဖြည်းဖြည်း သာသာကလေး ခတ်လျက်ရှိသည်။ ယပ်ခတ်လိုက်

mgyoe.com

mgyoe.com

တိုင်း သွယ်လျပြည့်ဖြိုးသော လက်မောင်းများသည် တိုး၍ တိုး၍ လှလာသည်ဟု ထင်ရ၏။

ထိုင်ခုံများဆီသို့ ပရိသတ်များ ပြန်မရောက်ကြသေး။ ဇာတ်ရုံထဲတွင် တိတ်ဆိတ်လျက် ရှိသည်။ သီးသန့်ခန်းများထဲမှ အမျိုးသားများသည် သတင်းစာများ ဖတ်နေကြသည်။ အမျိုးသမီးများကတော့ ခဏတဖြုတ် ဝင်၍ နှုတ်ဆက်သည့် မိတ်ဆွေ အပေါင်းအသင်းများနှင့် စကားလက်ဆုံ ကျနေကြသည်။ ဝင်ပေါက်တံခါးဝများ၌ စုပြုံ၍ ရပ်နေကြသော အမျိုးသားများသည် ထိုင်ခုံများ၌ ရှိနေကြသည့် အမျိုးသမီးများအား မျက်စိ စားပွဲထိုင်နေကြသည်။ သူတို့ လည်ပင်းများသည် ရှပ်အင်္ကျီဖြူဖြူများ ကြားမှဆန့်၍ ထွက်လာလိုက် စောင်း၍ ငဲ့၍ ထွက်လာလိုက်နှင့် ဂနာငြိမ်သည်ဟု မရှိ။

'လာမယ့် အပတ် အင်္ဂါနေ့ကျရင် အိမ်ကို လာလည်ကြပါလား' ဟု မြို့စားကတော်က လာဖာလွိုင်းဘက် လှည့်၍ ပြောသည်။ ပြီးတော့ ဖူရှာရေးအား လှမ်းကြည့်ပြီး လာဖာလွိုင်း နှင့်အတူ လိုက်လာဖို့ ဖိတ်သည်။ ဖူရှာရေးက ဦးခေါင်းကို အသာအယာ ညွတ်၍ လက်ခံကြောင်း ဖော်ပြသည်။

သူတို့သည် ပြဇာတ်အကြောင်းကို မပြောကြ။ နာနာ့ အကြောင်းကိုလည်း စကားမစပ်မိကြ။ နာမည်ကိုပင် မပြောမိကြ၊ မြို့စား၏ မျက်နှာထားသည် ဣန္ဒြေကြီးမား လွန်းလှသဖြင့် ဥပဒေပြု လွှတ်တော်မှ အမတ်တစ်ဦးနှင့် တူနေသည်။ သူ့ယောက္ခမကြီး ဇာတ်ဝါသနာကြီးသဖြင့် လာရောက်ကြည့်ရှုကြခြင်း ဖြစ်သည်ဟူသော စကားကိုသာ တစ်ခွန်းမျှသာ ပြောသည်။ သူ့ယောက္ခမ မြို့စားကြီး မာကေဒီချူးအတ်မှာ အားလပ်ချိန်ဖြစ်၍ အပြင်သို့ ထွက်သွားသည်။ မကြာမီ အဆင်သင့်ဖွင့်ထားသည့် တံခါးမှ မြို့စားအဘိုးအို ပြန်ဝင်လာသည်။ ဦးထုပ်အောက်မှ သူ့မျက်နှာသည် ဖြူရော်ရော် အိတွဲတွဲ။ သူ့မျက်လုံးသည် ဖြတ်သွားဖြတ်လာ လုပ်နေကြသည့် အမျိုးသမီးများ နောက်သို့ တကောက်ကောက် လိုက်လျက် ရှိလေသည်။

မြို့စားကတော်၏ နှုတ်မှ ဖိတ်ကြားသည့် စကားကို ကြားရပြီးသည်နှင့် တစ်ပြိုင်နက် ဖူရှာရေးသည် အားလုံးကို နှုတ်ဆက်၍ ပြန်ထွက်လာခဲ့သည်။ သူ့ရင်ထဲတွင် ပြဇာတ်အကြောင်း ဝေဖန် ပြောဆိုချင်သည့် ဆန္ဒသည်

mgyoe.com

mgyoe.com


ပြင်းပြလျက်ရှိ၏။ လာဖာလ္လိုင်းမှာမူ မြို့စား ဗင်ဒူဗရေးတို့၏ ဖာတ်စင်အနီး အထူး သီးသန့်ခန်းသို့ ဝင်၍ လာဘော်ဒေးအား နှုတ်ဆက်ရာမှ ဘလန်ချီဒီ ဆီမရီနှင့်ပါ စကားလက်ဆုံကျပြီး ကျန်ရစ်ခဲ့လေ၏။

* * *

သူ့အစ်ကိုထံ ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် လာဖာလ္လိုင်းက 'အစ်ကို ဘယ်လိုထင်သလဲ၊ လာဘော်ဒေးဆိုတဲ့ ငနဲက မိန်းမတွေအားလုံးနဲ့ သိနေပါသလား၊ အခုပဲကြည့် ဘလန်ချီနဲ့ တွဲနေပြန်ပြီ' ဟု ပြောသည်။

'ဘာဖြစ်လို့လဲကွ၊ ဟုတ်တယ်လေ သူကတော့ အားလုံးကို သိတာ အမှန်ပဲ' ဟု ဖူရှာရေးက ပြန်ပြောသည်။ 'ဒါနဲ့ နေပါဦး၊ မင်းက ဘယ်သွား နေတာလဲ'။

စကြံတွင် လူရှင်းလျက်ရှိ၏။ ဖူရှာရေးသည် အောက်ထပ်သို့ ဆင်းရန် ဟန်ပြင်နေသည်။ ထိုအခိုက်မှာပင် သီးသန့်ခန်း တံခါးဝ၌ ရပ်နေသော လူစီစတီးဝပ်က သူ့အား လှမ်းခေါ်သည်။ အခန်းထဲတွင် ပူလွန်း၍ အပြင် ထွက်နေရသည်ဟု လူစီက ပြောသည်။ လူစီသည် ကာရိုလိုင်းဟက်ကွက်တို့ သားအမိနှင့်အတူ ရပ်နေခြင်းဖြစ်၏။ ရုံစောင့် အမျိုးသမီး တစ်ယောက်သည် သူတို့နှင့်အတူ တွဲ၍ရပ်ကာ စကားပြောလျက် ရှိသည်။ လူစီသည် သတင်း စာဆရာ ဖူရှာရေးအား ဆီး၍ ရန်ထောင်သည်။ သူတို့ထံလာပြီး စကားလေးမှ ပြောဖော်မရဘဲ အခြားမိန်းမတွေနောက် လိုက်နေသည်ဟု စွပ်စွဲသည်။ ထို့နောက် ချက်ချင်းပင် စကားလမ်းကြောင်း ပြောင်းပစ်လိုက်ပြီး 'ဘယ့်နှယ် လဲ ဖူရှာရေး၊ ကျွန်မကတော့ နာနာကို သဘောကျသွားပြီ၊ နာနာ တော်သား ပဲ' ဟု ပြောသည်။ လူစီက ဖူရှာရေးအား ပြဇာတ် နောက်ဆုံးအပိုင်းကို သူနှင့်အတူ ကြည့်စေချင်သည်။ သို့သော်လည်း ဖူရှာရေးက ရုံအထွက်ကျမှ လာကြိုမည်ဟု ကတိပေးကာ ခွာလာခဲ့၏။

အောက်ထပ်သို့ ရောက်သည့်အခါ ဖူရှာရေးနှင့် လာဖာလ္လိုင်းတို့သည် ရုံအပြင် စကြံ၌ရပ်၍ စီးကရက် သောက်နေကြသည်။ အပြင်ဘက်တွင် ထွက်၍ ရပ်နေကြသူများမှာ နည်းနည်းနောနော မဟုတ်၊ စကြံလမ်း တစ် လျှောက်တွင် ပိတ်ဆို့လျက် ရှိသည်။

mgyoe.com

mgyoe.com


ထိုအချိန်တွင် မီနွန်သည် စတိုင်းနားအား ဗာရက်ရတီး ကဖီးဆီသို့ ဆွဲခေါ်သွားသည်။ နာနာ အောင်မြင်မှုရသွားပြီကို သိနေပြီဖြစ်သော မီနွန်သည် နာနာ့ အကြောင်းကို စိတ်အားထက်သန်စွာဖြင့် ဝေဖန် ပြောဆိုလျက် ရှိသည်။ ပြောရင်းကလည်း ဘဏ်သူဌေး စတိုင်းနား၏ မျက်နှာကို မသိမသာ အကဲခတ်သည်။ သူသည် စတိုင်းနားအကြောင်း ကောင်းကောင်းသိနေသူ ဖြစ်၏။ ရိုစ်အား လှည့်ဖြားရန်အတွက် စတိုင်းနားကို သူကိုယ်တိုင် နှစ်ကြိမ် တိတိ ကူညီခဲ့ရဖူး၏။ ထို့နောက် စတိုင်းနားအား နောင်တရနေသည့် သစ္စာရှိ လူတစ်ယောက်အဖြစ်ဖြင့် ရို့စ်ထံ ပြန်ရောက်အောင် သူကိုယ်တိုင်ပင် အားထုတ် ပေးခဲ့ရဖူးသည် မဟုတ်ပါလော။

ဆိုင်ထဲရှိ ကျောက်စားပွဲများတွင် စားသောက်နေကြသူများနှင့် ပြည့်ကျပ်နေသည်။ အချို့က ထိုင်စရာ နေရာမရှိသဖြင့် မိုးတိုး မတ်တတ်ရပ်၍ ကသောကမျော သောက်ကာ ပြန်ထွက်သွားကြသည်။ စတိုင်းနားသည် လမ်းမကြီးဘက် မျက်နှာပြုနေသည့် အခန်းထဲရှိ စားပွဲတစ်လုံး၌ ထိုင်နေခြင်း ဖြစ်ရာ ဆိုင်ရှေ့မှ ဖြတ်သွားသော ဖူရှာရေးတို့ ညီအစ်ကိုအား လှမ်းမြင်သဖြင့် လှမ်းခေါ်သည်။

စတိုင်းနား၏ ခေါင်းထဲသို့ စိတ်ကူးတစ်ခု ဝင်လာသည်။ နာနာထံ ပန်းစည်းတစ်စည်း ပို့ချင်သော စိတ်ကူး ဖြစ်၏။ ချက်ချင်းပင် သူနှင့် ရင်းနှီးနေသော စားပွဲထိုး ဩဂတ်စတီးအား လှမ်းခေါ်ပြီး ပန်းစည်းတစ်စည်း ဝယ်ခိုင်းသည်။ သူပြောနေသည့် စကားကို ကြားလိုက်သော မီနွန်က အဓိပ္ပာယ် အလွန်ပါသော မျက်နှာထားဖြင့် စိုက်ကြည့်နေသဖြင့် စတိုင်းနားမှာ အနေရအထိုင်ရ ခက်လာသည်။

'ဩဂတ်စတီးရေ၊ ပန်းစည်းကို နှစ်စည်း ဝယ်ကွာ၊ ပြီးတော့ ရုံစောင့် တစ်ယောက်နဲ့ ပေးပြီး ဒီည အထူးခြားဆုံးဖြစ်တဲ့ အမျိုးသမီး နှစ်ယောက်ဆီ ကို ပို့ပေးခိုင်းပါ'

အခန်း၏ တစ်ဖက်သော အစွန်းတွင် အသက် ဆယ့်ရှစ်နှစ် အရွယ်ခန့် မိန်းကလေး တစ်ယောက်သည် မှန်ကြီး တစ်ချပ်၏ ဘောင်ကို မှီ၍ ရပ် နေသည်။ တစ်စုံတစ်ခုကို စောင့်မျှော်နေရသည်မှာ ကြာလွန်းသဖြင့် ပျင်းရိ

mgyoe.com

mgyoe.com

ငြီးငွေ့နေဟန် ပေါက်နေသည်။ သဘာဝအတိုင်း တွန့်လိမ် ကောက်ကွေးနေသည့် ဆံပင် အခွေအလိပ်ကလေးများ အောက်ရှိ မျက်နှာသည် ရိုးသားဖြူစင်မှုကို ဖော်ပြနေသည်။ မျက်လုံးအစုံသည် နူးညံ့သိမ်မွေ့လှ၏။ ဝတ်ဆင်ထားသည့် စိမ်းနုရောင် ပိုးသား ဝတ်စုံသည် သူ့အလှကို ပီပြင် ပေါ်လွင်စေသည်။

'ဟ…ဟိုဟာ ဆာတင်ပါလား' ဟု မိန်းကလေးကို လှမ်းမြင်လိုက်သော ဖူရှာရေးက တအံ့တဩ ရေရွတ်သည်။

လာဖာလ္လိုင်းက ဘယ်က ဆာတင်လဲဟု မေးသည်။ လမ်းဘေးက ပြည့်တန်ဆာမလေး တစ်ယောက်ဖြစ်သည်ဟု ဖူရှာရေးက ဖြေသည်။ ကောင်မလေးသည် မထိတရိ ပြောတတ်ဆိုတတ်သော အကျင့်စရိုက် ရှိသဖြင့် လူအများက သူနှင့် စကားပြောရသည်ကို သဘောကျကြောင်း ရှင်းပြသည်။ ထို့နောက် ဖူရှာရေးသည် အသံကိုမြှင့်၍ လှမ်းမေးသည်။

'ဟေ့…ဆာတင်၊ မင်း ဒီမှာလာပြီး ဘာလုပ်နေတာလဲ'။

'အစာသစ် လာရှာတာပေါ့' ဟု ဆာတင်က ဖြေသည်။ သူ့ဖြေပုံကို သဘောကျသဖြင့် လေးယောက်လုံး ဝါးခနဲ ရယ်လိုက်မိကြသည်။

ပြဇာတ် တတိယအပိုင်းအဟွက် ပြင်ရ ဆင်ရသည်မှာ အနည်းဆုံး မိနစ်နှစ်ဆယ်ခန့်ကြာမည် ဖြစ်၍ ရုံထဲသို့ အလျင်စလို ပြန်၍ မဝင်ကြရန် မီနွန်ကပြောသည်။ သို့သော်လည်း ဘီယာကို လက်စသတ်ပြီး သွားကြသော ညီအစ်ကို နှစ်ယောက်က အပြင်တွင် ထိုင်နေရသည်မှာ အေးလာသဖြင့် ရုံထဲသို့ မြန်မြန်ပြန်၍ ဝင်လိုကြသည်။ သူတို့နှစ်ယောက် ထသွားသည့်အခါ၊ မီနွန်သည် စားပွဲပေါ် လက်ထောက်ကာ စတိုင်းနားဘက်သို့ ကိုင်း၍ နှစ်ကိုယ်ကြား လေသံဖြင့် ပြောသည်။

'ကဲဗျာ၊ ကျွန်တော်တို့ချင်း နားလည်မှုရပြီလို့ပဲ သဘောထားလိုက်၊ ကျွန်တော်တို့ သူ့အိမ်ကို သွားလည်ကြမယ်၊ ခင်ဗျားကို သူနဲ့ မိတ်ဆက်ပေးမယ်၊ ဒါပေမဲ့ ဒီကိစ္စကို ခင်ဗျားနဲ့ ကျွန်တော်သာ သိပါစေ၊ ကျွန်တော့်မိန်းမ မသိပါစေနဲ့'

* * *

mgyoe.com

mgyoe.com


သူတို့ ထိုင်ခုံများ၌ ပြန့်၍ ထိုင်နေကြပြီဖြစ်သော ဖူရှာရေးနှင့် လာဖာလွှိုင်းတို့သည် ရှိုးရှိုးယဉ်ယဉ်ကလေး ဝတ်စား ဆင်ယင်ထားသည့် မိန်းမချော တစ်ယောက်ကို သတိထားမိကြသည်။ မိန်းမချောနှင့် တွဲ၍ ထိုင်နေသူမှာ ဌာနတစ်ခုမှ အရာရှိချုပ်တစ်ဦး ဖြစ်၏။ လာဖာလွှိုင်းက ထိုအရာရှိချုပ်အား မူဖေးတို့ အိမ်၌ တွေ့ဖူးခဲ့သဖြင့် သိနေသည်။ ဖူရှာရေးကတော့ အမျိုးသမီး၏ နာမည်မှာ 'မဒမ်ရောဘတ်' ဟုခေါ်သည် ထင်ကြောင်း။ အမျိုးသမီးမှာ ရိုးသားသူ ဖြစ်၍ ချစ်သူတစ်ဦးသာလျှင် ထားလေ့ရှိကြောင်း။ သူထားသော ချစ်သူမှာ လေးစားထိုက်လောက်အောင် ဂုဏ်သိက္ခာရှိသည့် လူမျိုးသာ ဖြစ်ကြောင်း ရှင်းပြသည်။

သူတို့သည် ပတ်ဝန်းကျင်ကို တစ်ချက်မျှ လှည့်ကြည့်သည်။ ဒက်ဂူးနက်က သူတို့အား လှမ်းကြည့်ပြီး ပြုံးနေသည်ကို တွေ့ရ၏။ အခုဆိုလျှင် နာနာတစ်ယောက် အောင်မြင်သွားပြီဖြစ်ရာ သူ့အနေဖြင့် ကန့်လန့်ကာနောက်ကွယ်၌ ပုန်းနေစရာ မလိုတော့။ သူ့ဘေး၌ ထိုင်နေသူမှာ ကျောင်းပြေး ကောလိပ်ကျောင်းသား ဖြစ်သည်။ ဤကျောင်းသားသည် နာနာ၏ အလှတွင် ယစ်မူးနေသူဖြစ်ရာ အားလပ်ချိန် အတွင်းမှာပင် အပြင်သို့မထွက်၊ သူ့အနေဖြင့် နာနာမှတစ်ပါး အခြားဘာကိုမှ မသိနိုင် မမြင်နိုင် ဖြစ်နေသည်။ သူ့စိတ်သည် လုံးဝ ဂနာမငြိမ်။ သူ လက်အိတ်များကို ပြန်ချွတ်လိုက် ပြန်စွပ်လိုက်နှင့် အလုပ်ရှုပ်လျက်ရှိသည်။ သူ့ဘေးမှ နာနာအကြောင်း ပြောသံကြားသည့်အခါ ရဲဆေးတင်ပြီး မေးခွန်းထုတ်သည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ မွန်စီကာ၊ အခု ပြဇာတ်မှာ အဓိက သရုပ်ဆောင် မင်းသမီးကို သိပါသလား'။

'အင်း…သိတယ်၊ ဒါပေမဲ့ နည်းနည်းပါးပါးလေး သိတာပါ'။

'ဒါဆိုရင် သူ့လိပ်စာကိုကော မသိဘူးလား ခင်ဗျာ'။

ဤမေးခွန်းမှာ ရိုင်းစိုင်းလွန်းသည့် သဘော သက်ရောက်နေသဖြင့် ဒက်ဂူးနက်၏ စိတ်တွင် ကသိကအောက် ဖြစ်သွားသည်။ လူငယ်၏ မျက်ခွက်ကို လက်သီးဖြင့် တစ်ချက်လောက် ပိတ်ထိုးပြီးခါမှ အဖြေပေးချင်စိတ် ဖြစ်မိသည်။

mgyoe.com

mgyoe.com


'မသိဘူးကွ' ဟု ဒက်ဂူးနက်က လေသံ ပြတ်ပြတ်ဖြင့် ဖြေကာ မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။ သူ့အပြုအမူ ရိုင်းစိုင်းသွားမှန်း သိနေသော လူငယ်သည် များစွာ အနေကျုံ့သွားသည်။ သူ့မျက်နှာသည် နီရဲလျက်ရှိသည်။

သတိပေး ခေါင်းလောင်းသံ သုံးကြိမ် ထွက်ပေါ်လာသည်။ အပြင် ရောက်နေသည့် လူအုပ်သည် ကမူးရှူးထိုး တိုးဝှေ့ပြီး ဝင်လာနေကြသည်။ ရုံစောင့်များသည် ပရိသတ်များကြားတွင် ညပ်ကာ အလုပ်များလျက် ရှိကြ၏။ တတိယပိုင်းအတွက် ကတ္တီပါ ပိတ်ကားလိပ် တင်လိုက်သည်နှင့် တစ်ပြိုင်နက် လက်ခုပ် သြဘာသံများသည် ဆူညံသွားသည်။ တစ်ရုံလုံး သည်းထိတ်ရင်ဖို ဖြစ်ကြရသည့် ပြကွက်ပေတည်း။ ဤတစ်ကြိမ် ပေါ်ထွက် လာသော နာနာမှာ သူ၏ သဘာဝအလှကို လှစ်ပြထားသည့် နာနာဖြစ်၏။

တကယ်တော့ သူသည် လှိုင်းလုံးကြီးမှ မွေးဖွားလိုက်သည့် ဗီးနပ်စ် နတ်သမီးတစ်ပါး ဖြစ်သည့် အားလျော်စွာ သူ့တစ်ကိုယ်လုံးအား လွှမ်းခြုံ ဖုံးအုပ်စရာ ဟူ၍ နူးညံ့ ပျော့ပျောင်းသော သူ့ဆံပင်မှတစ်ပါး အခြား မည်သည့် အရာမှမရှိရ။ သို့မှသာလျှင် သဘာဝနှင့် တူလိမ့်မည် မဟုတ်ပါ လော။

ပရိသတ်ထံမှ လက်ခုပ်သြဘာသံများ မကြားရ။ ရယ်သံများလည်း ထွက်မလာ။ အားလုံး တိတ်ဆိတ်နေကြသည်။ အမျိုးသားများ၏ မျက်နှာ များသည် တည်ငြိမ်လျက် ရှိကြ၏။ ကိုယ်များကို ရှေ့သို့ ကိုင်းကာ ဇာတ်စင်ပေါ်မှ အလှတွင် နစ်မျောနေကြသည်။ နာနာ၏ မျက်နှာသည် အပြုံးပန်း ပွင့်လျက်ပင် ရှိသည်။ သို့တစေလည်း ထိုအပြုံးသည် ယောကျ်ား တစ်ယောက်အား စားသောက် ဝါးမျိုပစ်မည့် အပြုံး ဖြစ်ချေသည်။

'အင်း...ဒုက္ခပဲဟေ့' ဟု သတင်းစာဆရာ ဖူရှာရေးက လာဖာလွိုင်း ဘက်လှည့်၍ ရေရွတ်သည်။

နောက်တစ်ကွက်မှာ မားစ်နတ်သား ဆိုက်ရောက်လာပြီး နတ်သမီး နှစ်ယောက်၏ အလယ်၌ ရပ်ကာ ပြဿနာကို ရင်ဆိုင်နေသော အခန်း ဖြစ်သည်။ ဤအခန်းတွင် ပရိသတ်တို့၏ အသည်းစွဲ ပရူးလီသည် ပီပြင်စွာ

mgyoe.com

mgyoe.com


သရုပ်ဆောင်လျက် ရှိ၏။ လနတ်သမီး ဒိုင်ယာနာသည် မားစ်နတ်သား ဗီးနပ်စ်နောက် ပါမသွားရန် အစွမ်းကုန်ကြိုးစား၍ ချော့မြူသည်။ ဗီးနပ်စ်ကလည်း မားစ်နတ်သားအား သူ့လက်တွင်းမှ လွတ်ထွက်မသွားစေရန် အားထုတ်သည်။ ထိုအတောအတွင်းမှာပင် ရုံစောင့်သည် ဇာတ်စင်နှင့် အနီးဆုံးဖြစ်သည့် လူစီစတီးဝပ်၏ အထူး သီးသန့်ခန်းထဲသို့ ဝင်လာပြီး လက်ထဲမှ ပန်းစည်း နှစ်စည်းကို ဇာတ်စင်ထက်သို့ ပစ်တင်လိုက်သည်။ အချို့သော အကြောင်းသိလူများက စတိုင်းနားနှင့် မီဒွန်တို့ အခန်းဘက်သို့ လှမ်းကြည့်ပြီး ပြုံးကြသည်။ ဘဏ်သူဌေး စတိုင်းနား၏ မျက်နှာသည် နီရဲလျက် ရှိလေသည်။

ဇာတ်စင်ပေါ်မှ ပြကွက်သည် ပရိသတ်အား ဆွဲဆောင်လျက်ပင်ရှိသည်။ ဗီးနပ်စ်၏ မာယာထောင်ချောက် အတွင်းမှ ရုန်းမထွက်နိုင် ဖြစ်နေသော မားစ်အား ဒိုင်ယာနာ နတ်သမီးက စိတ်ဆိုးကာ ထွက်ခွာသွားသည်။ ထိုအခါ ဗီးနပ်စ်က မားစ်၏ လည်ပင်းကိုဖက်၍ သူ့အပါးသို့ ဆွဲခေါ်သည်။ အမျိုးသမီးတစ်ဦးက အမျိုးသားတစ်ယောက်အား အခုလို ပွေ့ဖက်ခေါ်ယူသည့် ပြကွက်မျိုးကို ယခင်က တစ်ကြိမ်မျှ ဇာတ်စင်ပေါ်၌ မပြခဲ့ဖူးပေ။ ထို့ကြောင့်လည်း ပရိသတ်အတွက် အလွန် အမြင်ဆန်းသော အကွက်တစ်ကွက် ဖြစ်နေသည်။

ဤအခိုက်မှာပင် ဗီးနပ်စ်၏ ခင်ပွန်း ဖွန်တွန်ရောက်လာသည်။ သူ့ဇနီး လင်ငယ်နှင့် ပျော်ပါးနေသည်ကို လက်ပူးလက်ကြပ် မိသဖြင့် ဒေါသအမျက် ချောင်းချောင်းထွက်သည်။ သူ့တွင် အသင့်ပါလာသည့် သံကွန်ချာဖြင့် ပစ်၍ ဖမ်းသည်။ ဗီးနပ်စ်နှင့် မားစ်တို့ ဘာမှ မတတ်နိုင်။ သံကွန်ချာအတွင်းသို့ သက်ဆင်းကြရသည်။ သူတို့ မျက်နှာများမှ အပျော်ကြူးနေသည့် အရိပ်အငွေ့များ ချက်ချင်းပျောက်သွားသည်။

ပရိသတ်ထဲမှ မသဲမကွဲ မပြတ်မသား ရေရွတ်သံများ ထွက်ပေါ်လာသည်။ လက်ခုပ်တီးသံ အနည်းငယ် ကြားရသည်။ ရုံထဲရှိ ဇာတ်ကြည့်မှန်ပြောင်း အားလုံးသည် ဗီးနပ်စ် အပေါ်သို့သာ စူးစိုက်နေကြသည်။

mgyoe.com

mgyoe.com


နာနာသည် တဖြည်းဖြည်းချင်း ပရိသတ်၏ အာရုံကို ဆွဲဆောင်ရယူလျက် ရှိသည်ဖြစ်ရာ ယခုအချိန်တွင် ယောက်ျား ပရိသတ်သည် သူ၏ ညှို့ယူဖမ်းစားမှု အောက်သို့ ကျရောက်နေကြလေပြီ။ နာနာက လက်ညှိုးကလေး တစ်ချောင်း လှုပ်ပြရုံမျှဖြင့် တစ်ကိုယ်လုံး ပူလောင်လာစေနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်၏။

သူ့ရှေ့တည့်တည့်မှ ကောလိပ်ကျောင်းသားကလေး ဖင်တကြွကြွ ဖြစ်လောက်အောင် စိတ်လှုပ်ရှားနေသည်ကို ဖူရှာရေး သတိထားမိသည်။ ထူးခြားမှု တစ်ခုခုကို သိလိုမြင်လို စိတ်၏ လှုံ့ဆော်မှုအရ သတင်းစာဆရာ ဖူရှာရေးသည် မြို့စား ဗင်ဒူဗရေးအား ဖျတ်ခနဲ လှမ်းကြည့်သည်။ ဗင်ဒူဗရေးသည် သူ့ နှုတ်ခမ်းများကို ကိုက်ထားသည်။ မျက်နှာကလည်း ဖြူရော်ရော် ဖြစ်လျက်ရှိ၏။ လူဝကြီး စတိုင်းနား၏ ကြည့်ပုံ ရှုပုံသည် ဝက်ရူးပြန်သူ တစ်ဦးနှင့် တူနေသည်။ လာဘော်ဒေး၏ မျက်လုံးများမှာမူ ပြူးထွက်နေကြသည်။ ဒက်ဂူးနက်၏ နားရွက်များသည် နီရဲကာ အကြောဆွဲသလို တလှုပ်လှုပ် ဖြစ်နေကြသည်။

တစ်စုံတစ်ခု၏ ဆွဲဆောင်မှုကြောင့် ဖူရှာရေးသည် နောက်သို့ လှည့်ကြည့် မိပြန်သည်။ မြို့စားကတော်၏ နောက်၌ ထိုင်နေသော မြို့စား၏ လည်ပင်းသည် လည်တံရှည် ဗျိုင်းသဖွယ် အထက်သို့ ရှည်ထွက်နေသည်။ ပါးစပ်ကလည်း ဟောင်းလောင်း၊ မျက်နှာတွင်လည်း နီရဲရဲ အကွက်များ ထနေသည်။ မြို့စားအနီး၌ ထိုင်နေသော သူ့ယောက္ခမကြီး၏ မျက်လုံးသည် ကြောင်ထီးကြီးတစ်ကောင်၏ မျက်လုံးများနှင့် တူလျက်ရှိ၏။

ဇာတ်ရုံထဲရှိ လူအားလုံး အသက်ရှူ၍ မဝဖြစ်ကာ မွန်းကျပ်နေကြသည်။ သူတို့၏ ဆံပင်များသည် ချွေးများတွင် နစ်ကာ ခေါင်းများတွင် ကပ်နေကြသည်။ ညလူစု ညနေရာ၌ ရောက်နေကြသည်မှာ သုံးနာရီတိတိ ရှိခဲ့ပြီ။ သူတို့၏ ဝင်လေထွက်လေတို့ကြောင့် ပတ်ဝန်းကျင်လေသည် ပူနွေးလျက် ရှိရုံမျှမက လူနံ့များဖြင့် ထောင်းထောင်းထလျက် ရှိ၏။ လူအားလုံး ကိုယ့်ခုံတွင်ကိုယ် ငြိမ်ငြိမ် မထိုင်နိုင်ကြ။ လှုပ်စိလှုပ်စိ ဖြစ်နေကြသည်။ မူးနောက်နောက် ရီဝေဝေ ဖြစ်နေကြသည်။ ပင်ပန်း နွမ်းနယ်ကာ မောဟိုက်

mgyoe.com

mgyoe.com


နေကြသည်။ စိတ်တွေကလည်း ဂနာမငြိမ်။ မည်သို့ပင်ဖြစ်စေ အောင်မြင်မှုကို ရင်ဝယ်ပိုက်မိနေပြီ ဖြစ်သော နာနာကတော့ ဇာတ်ခုံပေါ်၌ ရပ်လျက်။

ပြဇာတ် ဇာတ်သိမ်းပိုင်းသို့ ရောက်လာသည်။ နတ်ဘုရားများသည် ချစ်သူများ ရှေ့မှောက်သို့ တန်းစီ၍ ဝင်လာကြသည်။ နတ်ဘုရား ဂျူပီတာက ဗာလ်ကန်အား 'သားတော် ဗာလ်ကန်၊ သင်၏ ပြဿနာသည် အသေးအဖွဲမျှသာ ဖြစ်ချေသည်' ဟု မိန့်ကြားသည်။ ထို့နောက် ဗီးနပ်စ်အား မျက်နှာသာပေးသည့် စကားများ ကြားရသည်။ မယား လင်ငယ်နေသွားသည့် ယောကျ်ားများအကြောင်း ဖွဲ့ဆိုထားသည့် သီချင်းသံ ပြန်ပေါ်လာသည်။ အိုင်းရစ်နတ်သမီးက ယင်းပုဂ္ဂိုလ်တို့၏ အသနားခံလွှာကို စဉ်းစားဆုံးဖြတ်ပေးခြင်း မပြုရန် နတ်ဘုရားများအား တောင်းပန်သည်။

နတ်ဘုရားများက ဗီးနပ်စ်အား အပြစ်မှ လွှတ်လိုက်သည်။ ဗာလ်ကန်နတ်သားသည် သူ့ဇနီး ဒိုင်ယာနာနှင့် ကွာရှင်းခွင့် ရသွားသည်။ မားစ်နတ်သားသည် ဒိုင်ယာနာနှင့် ဘဝအသစ် ထူထောင်သည်။ ဗီးနပ်စ်၏ နတ်သမီးအား ကျေးဇူးတင်ကြောင်း ဖော်ပြသည့် သီချင်းသံကို ကြားကြရသည်။ ဗီးနပ်စ် နတ်မိမယ် နာနာကတော့ အပြုံးပန်းကလေး ပွင့်လျက်။ သူသည် ပရိသတ်အပေါ် လွှမ်းမိုး ခြယ်လှယ်နိုင်သည့် အဆင့်သို့ ပိုင်ပိုင်နိုင်နိုင် ရောက်သွားခဲ့ပြီ မဟုတ်ပါလား။ ကတ္တီပါ ကားလိပ်သည် ဖြည်းဖြည်းချင်း ကျလာသည်။

ထိုင်ရာမှထ၍ ရပ်နေကြပြီဖြစ်သော ရှေ့ပွဲလာ ပရိသတ်တို့သည် ထွက်ပေါက်များဆီသို့ ဦးတည်၍ ရွှေ့လျားနေကြသည်။ လက်ခုပ်ဩဘာသံများသည် မစဲသေး။ တစ်ခဲနက် ထွက်ပေါ်နေသည့် လက်ခုပ်သံများကြားမှ 'နာနာ ဟေ့၊ နာနာ' ဟူသော အော်သံများ ထွက်ပေါ်လာသည်။ ထို့နောက် ဇာတ်ရုံထဲမှ လူမကုန်သေးမီ မျက်နှာကြက်ရှိ မီးပန်းဆိုင်းကြီးမှ မီးလုံးများကို ငြိမ်းလိုက်သည်။ စောစောက ဆူညံ လှုပ်ရှားသော ဇာတ်ရုံသည် တစ်ခဏ အတွင်းမှာပင် တိတ်သွားသည်။ မြို့စားကတော် မူဖေးသည် ပရိသတ် လူစုအကွဲကို ရပ်၍ စောင့်လျက်ရှိ၏။ သူသည် ဇာတ်ရုံ၏ အမှောင်ရိပ်များ ဆီသို့ ငေးမောနေသည်။

mgyoe.com

mgyoe.com

ဖူရှာရေးနှင့် လာဖာလို့င်းတို့သည် သူတို့ မိတ်ဆွေများအား ရုံပေါက်မှ စောင့်ကြိုနိုင်ရန် ထွက်ပေါက်ဆီသို့ လျင်မြန်စွာ လျှောက်သွားလျက် ရှိကြ၏။ ဆင်ဝင်တွင် လူများဖြင့် ပြည့်ကျပ်နေသည်။ လှေကားပေါ်တွင်လည်း အောက်ထပ်သို့ အလုအယက် ဆင်းသွားနေကြသည့် လူများဖြင့် ပြည့်နေသည်။

စတိုင်းနားနှင့် မီနွန်တို့သည် မျက်နှာစာ သီးသန့်ခန်းများ၏ အပြင်သို့ ကသောကမျော ထွက်သွားကြသည်။ မြို့စား ဗင်ဒူဗရေးသည် ဘလန်ချီဒီဆီဗရီအား လက်တွဲ၍ ရုံထဲမှ ထွက်လာသည်။ ဂါဂါတို့ သားအမိမှာ ယောင်လည်လည် ဖြစ်နေသဖြင့် လာဘော်ဒေးက မြင်းရထားတစ်စီး ခေါ်ပြီး ရထားပေါ် အရောက် တင်ပေးလိုက်သည်။

ဒက်ဂူးနက် ထွက်သွားသည်ကိုမူ မည်သူမှ မမြင်ကြ။ ကျောင်းမှ လစ်လာသော ကောလိပ် ကျောင်းသားကလေးသည် ဇာတ်စင်အပေါက်ဝမှ ရပ်စောင့်ရန် ဆုံးဖြတ်ကာ တံခါးဆီသို့ အပြေးအလွှား သွားသည်။ သံတံခါးကြီးမှာ ပိတ်လျက် ရှိ၏။လမ်းဘေး ပလက်ဖောင်းပေါ်မှ ရပ်၍ လူရှာနေသော ဆာတင်သည် ကောလိပ် ကျောင်းသားကလေး အနီးမှ ဖြတ်လျှောက်သည်။ သူ့စကပ်ဖြင့် ကျောင်းသားကလေးအား မသိမသာ တိုက်သွားသည်။ ကျောင်းသားကလေးက ဆာတင်အား တွန်းဖယ်ကာ လူအုပ်ကြားထဲသို့ တိုးဝင် ပျောက်ကွယ်သွားသည်။

ပရိသတ်ထဲမှ လူတချို့သည် ဆေးပြင်းလိပ်များကို ညှိ၍ ဖွာရင်း စောစောက ကြားခဲ့ရသည့် 'အချစ် နတ်သမီးလေး ဗီးနပ်စ် အလှမယ်··· ညနေခင်း အပျင်းပြေ လမ်းလျှောက်ရာဝယ်' ဟူသော သီချင်းတစ်စကို ညည်းကြသည်။ ဆာတင်သည် ဗာရက်ရတီး ကဖီးရှေ့သို့ ပြန်ရောက်သွားသည်။ စားပွဲထိုး ဩဂတ်စတီးက ဆာတင်အား လှမ်းခေါ်ပြီး စားပွဲပေါ်၌ ကျန်ခဲ့သည့် စားကြွင်းစားကျန်များ ကျွေးသည်။ ဇာတ်ရုံထဲမှ ထွက်လာသော လူဝဝ တစ်ယောက်သည် ဆာတင်အား လမ်းမကြီး၏ မှောင်ရိပ်ဆီသို့ ခေါ်သွားသည်။

လူအများအပြားသည် ဇာတ်ရုံထဲမှ ထွက်လာနေကြဆဲ။ လာဖာလို့င်းသည် ကလဲရစ်ဘက်စ်နပ်စ်အား စောင့်လျက်ရှိသည်။ ဖူရှာရေးသည် လူစီ

mgyoe.com

mgyoe.com


စတီးဝပ်နှင့် ကာရိုလိုင်းဟက်ကွက်တို့ သားအမိအား ပြန်ပို့ပေးပါမည်ဟု ကတိ ပေးထားမိသဖြင့် ရုံဝမှ စောင့်နေရသည်။ သူတို့ ရောက်လာသည့် အခါ အတူတွဲ၍ ထွက်လာသည်။ စကားတပြောပြောနှင့် အော်ကြီးဟစ်ကျယ် ရယ်မောလာကြသည်။ ထိုအခိုက်တွင် သူတို့အနီးမှ မြို့စားကတော်မူဖေးတို့ မိသားစု ဖြတ်သွားသည်။ ထို့နောက် ဘော်ဒီနေး ထွက်လာပြီး ပြဇာတ်အကြောင်း ဝေဖန် ရေးသားပေးရန် ဖူရှာရေးအား အပူကပ်သည်။ သူ့တစ်ကိုယ်လုံး ချွေးများဖြင့် နစ်နေသည်။ သူ့မျက်နှာသည် သူ့ပြဇာတ် အောင်မြင်မှုရသဖြင့် ဝင်းလက်နေသည်။

'ခင်ဗျား ပြဇာတ် အနည်းဆုံး အချိုး နှစ်ရာလောက်တော့ ကရမှာ သေချာနေပြီ' ဟု လာဖာလွိုင်းက ပြောသည်။ 'ပါရီတစ်မြို့လုံးက လူတွေ ခင်ဗျားရဲ့ ဇာတ်ရုံရှေ့မှာ တန်းစီနေမှာ မြင်ယောင်နေသေးတယ်'။

လာဖာလွိုင်း၏ စကား ကြားသည့်အခါ ဘော်ဒီနေးက စိတ်ဆိုးသည်။ ယခုအချိန်ထိ နာနာ့အပေါ် တန်းတန်းစွဲ ဖြစ်နေသေးပုံရသော ဆင်ဝင်အောက်မှ ယောက်ျားဆီသို့ မေးငေါ့ပြကာ ဒေါသသံဖြင့် ပြန်ပြောသည်။

✣

mgyoe.com

mgyoe.com

(၂)

နောက်တစ်နေ့ နံနက် ဆယ်နာရီထိုး အချိန်အထိ နာနာသည် သူ့အခန်းထဲ၌ အိပ်မောကျနေဆဲ။ နာနာ၏ အခန်းမှာ ဟော့ခ်မန်း လမ်းမကြီးအတွင်းရှိ တိုက်သစ်ကြီး တစ်လုံး၏ ဒုတိယထပ်ဖြစ်သည်။ တိုက်ပိုင်ရှင်သည် သူ့တိုက်ရှိ အခန်းများအား အတွယ်အတာ ကင်းမဲ့သည့် ဒေါမျိုးသမီးများအား အငှားချစားနေသူ ဖြစ်သည်။ လက်ရှိ နာနာ၏ အခန်းမှာ ဆောင်းရာသီအတွင်း ပါရီမြို့သို့ လာရောက် အနားယူသည့် မော်စကိုမြို့မှ လူချမ်းသာကုန်သည်ကြီး တစ်ယောက်က အိမ်လခ ခြောက်လအတွက် ကြိုတင်ငွေပေးပြီး ငှားပေးထားသည့် အခန်းဖြစ်၏။ အခန်းများမှာ များစွာ ကျယ်ဝန်းသော်လည်း မည်သည့် အခန်းတွင်မှ အိမ်ထောင် ပရိဘောဂ ပစ္စည်းများ ပြည့်စုံလုံလောက်အောင် ထား၍ ခမ်းနားလှပအောင် မွမ်းမံ ပြင်ဆင်ထားခြင်း မရှိပေ။ အလွန် သစ်လွင်တောက်ပသော စန္ဒရားနှင့် ရွှေရောင်ဝင်းနေသည့် ကုလားထိုင် အနည်းငယ်သည် အဖိုးမတန်တော့သည့် အခြား ပရိဘောဂ အဟောင်းများနှင့် ရောနေသဖြင့် အမြင်မလှ ဖြစ်လျက်ရှိသည်။ ခြုံ၍ ကြည့်လိုက်ပါက အခန်းများသည် အပျော်ထားသူ တစ်ဦး၏ စွန့်ပစ်မှုကို ခံထားရသဖြင့် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် ပေါ့ပေါ့နေ ပေါ့ပေါ့စား မိန်းကလေး တစ်ယောက်၏ အခန်းနှင့် တူသည်။ အခန်းထဲရှိ အပြင်အဆင် အထားအသိုများကို မြင်ရုံမျှဖြင့် ပိုင်ရှင်သည် ဘဝအစ မအောင်မြင်သူမှန်း သိသာထင်ရှားလျက် ရှိ၏။ တကယ်တော့လည်း နာနာ၏

mgyoe.com

mgyoe.com


ဘဝသည် အကြွေးပင်ပေးမည့်သူ မရှိတော့သည့်ဘဝ ဖြစ်၏။ အိမ်လခများ မပေးနိုင်၍ အိမ်ရှင်က မောင်းချတော့မည်ဟု မကြာခဏ ခြိမ်းခြောက်ခံနေသည့် ဘဝဖြစ်၏။

နာနာသည် အိပ်ရာပေါ်၌ အလျားမှောက်၍ အိပ်နေခြင်း ဖြစ်သည်။ သူ့လက်နှစ်ဖက်သည် သူ့မျက်နှာ အုပ်ထားသည့် ခေါင်းအုံးကို တအားဖက်ထားသည်။ သူ၏ လှပ နုနယ်သော မျက်နှာသည် ဖြူရော်ရော် ဖျော့တော့တော့နှင့် ပင်ပန်း နွမ်းနယ်ခြင်းကို ဖော်ပြလျက်ရှိ၏။ ရှိရှိသမျှ အခန်းများထဲတွင် အိပ်ခန်းနှင့် အဝတ်လဲခန်း ဤနှစ်ခန်းသာလျှင် စနစ်တကျ ပြုပြင်ထိန်းသိမ်းခံရသည့် လက္ခဏာ ရှိသည်။ ခန်းဆီး တစ်ခုကြားမှ တိုးဝင်လျက်ရှိသော အလင်းရောင်ဖြင့် ဤအခန်းများ အတွင်းရှိ ပရိဘောဂ ပစ္စည်းများ၊ ပိုးသား လိုက်ကာများနှင့် လှပသော ကုလားထိုင်စွပ်များကို မြင်နေရသည်။ အိပ်ခန်းမှာ စွတ်စို ထိုင်းမှိုင်းပြီး အိုက်စပ်စပ် နိုင်လွန်းလှသော အခန်းဖြစ်သည်။

နာနာသည် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးလာသည်။ သူ့ဘေး၌ ဟာလာဟင်းလင်း ဖြစ်နေသည်ကို ကြည့်ပြီး အံ့အားသင့်လျက် ရှိသည်။ သူ့ဘေးမှ ခေါင်းအုံးသည် အလယ်တွင် ချိုင့်ဝင်လျက် ရှိရာ ဤခေါင်းအုံးထက်၌ လူတစ်ယောက် ခေါင်းချသွားကြောင်း သိသာထင်ရှားစွာ ဖော်ပြလျက်ရှိသည်။ သူသည် လက်တစ်ဖက်ကို ဆန့်တန်းကာ ခုတင်ဘေးမှ လျှပ်စစ်လူခေါ် ခလုတ်ကို နှိပ်လိုက်သည်။

'သူ ပြန်သွားပြီလား'

အခန်းတွင်းသို့ ရောက်လာသည့် အိပ်ခန်းစောင့်အား နာနာက ဆီး၍ မေးသည်။

'ပြန်သွားပါပြီ မဒမ်၊ မွန်စီယာပေါလ် ထသွားတာ ဆယ်မိနစ်လောက်ပဲ ရှိပါဦးမယ်၊ မဒမ် ပင်ပန်းနေတာ သိလို့ မနှိုးဘဲ ပြန်သွားတာပါ၊ သူ မနက်ဖြန်ကျရင် လာမယ်လို့ ကျွန်မကို မှာသွားပါတယ်'။

နာနာ စကားပြောနေခိုက်တွင် အိပ်ခန်းစောင့်သည် တရုတ်ကတ်မှန်များကို လိုက်ဖွင့်နေသည်။ နေ၏ အလင်းရောင်သည် ပိုပိုပြင်ပြင် ဝင်ရောက်လာ

mgyoe.com

mgyee.com


ပြီ ဖြစ်၏။ အိပ်ခန်းစောင့် ဖိုးအိသည် အသားမည်းမည်း၊ မျက်နှာရှည်ရှည်၊ မေးချွန်ချွန်နှင့် ဖြစ်သည်။ ခွေးတစ်ကောင်၏ မျက်နှာနှင့် တူ၏။ မျက်လုံး အရောင်သည် အနက်ဖြစ်၍ နှာခေါင်းက ပြားသည်။ သူ့မျက်လုံးအစုံသည် ဂနာမငြိမ်။

'မနက်ဖြန်၊ အင်း...မနက်ဖြန်'

အိပ်ချင်မူးတူး ဖြစ်နေသော နာနာက ထပ်တလဲလဲ ရေရွတ်သည်၊ 'မနက်ဖြန်က သူ့နေ့ ဟုတ်ရဲ့လား'။

'ဟုတ်ပါတယ် မဒမ်၊ မွန်စီယာပေါလ်ဟာ ဗုဒ္ဓဟူးနေ့တိုင်း အမြဲလာ ပါတယ်'

နာနာက လှဲနေရာမှထထိုင်သည်။ 'အင်း...ဟုတ်သားပဲ၊ အခုမှ သတိရတယ်၊ အစီအစဉ်တွေကို အားလုံးပြောင်းလိုက်ပြီ၊ ဒီနေ့မနက် သူ့ကို ပြောပြမလို့ စိတ်ကူးထားတာ၊ အခုပုံဆိုရင် သူနဲ့ ဟိုလူမည်းကြီးနဲ့ ထိပ်တိုက် တွေ့တော့မှာ၊ ကျွန်မတို့ ပွဲကြီးပွဲကောင်း တစ်ခုတော့ မြင်ကြရတော့မှာပဲ'

'မဒမ် ကြိုပြီး ပြောမထားတော့ ကျွန်မလည်း မသိဘူးလေ' ဟု ဖိုးအိက ပြန်ပြောသည်။ 'မဒမ် အနေနဲ့ နေ့စဉ် အစီအစဉ်တွေကို ပြောင်းတဲ့ အခါ ကျွန်မကို အသိပေးထားစေချင်တယ်၊ ဒါမှလည်း ကျွန်မ သိထားပြီး လုပ်စရာရှိတာ လုပ်ထားလို့ရမှာ၊ အင်းလေ၊ ဒီလိုဆိုရင်တော့ ဟို...ဦးကပ်စေး ကြီး အင်္ဂါနေ့လာနေကျ လာမှာ မဟုတ်တော့ဘူးပေါ့'

သူတို့နှစ်ဦး ပြောနေကြသည့် လူမည်းကြီးနှင့် ဦးကပ်စေးကြီးတို့မှာ နာနာအား ထောက်ပံ့ နေသူများဖြစ်၏။ တစ်ဦးမှာ ဈေးသည်ဖြစ်၍ ခြစ်ခြစ် ကုပ်ကုပ် သုံးစွဲတတ်သော အလေ့အထ ရှိသူဖြစ်၏။ ဒုတိယလူမှာ မြို့စား တစ်ယောက်ဟု ဆိုနေကြသော လူဖြစ်၍ ထောက်ပံ့ငွေကို အချိန်မှန်မှန် ပေးလေ့ မရှိပေ။ အဘိုးအို ဦးကပ်စေး လာ၍အိပ်သော ညများတွင် မနက်လင်း၍ ဦးကပ်စေး ပြန်သွားသည်နှင့် တစ်ပြိုင်နက် ဒက်ဂူးနက်က လူစားဝင်လေ့ ရှိသည်။ အဘိုးအိုသည် မနက်ဆိုလျှင် အိမ်ပြန်ရောက်ရသည် ဖြစ်ရာ အစောကြီး ထ၍ ပြန်သည်။ ဒက်ဂူးနက်က ဖိုးအိ၏ မီးဖိုချောင်ထဲမှ နေ၍ အဘိုးကြီး အပြန်ကို စောင့်သည်။ ပြန်သွားသည်နှင့် တစ်ပြိုင်နက်

mgyee.com

mgyoe.com


အိပ်ခန်းထဲရှိ အဘိုးကြီး အိပ်သွားသည့် လူဌေ့ပင် မပျောက်သေးသော အိပ်ရာပေါ် ဝင်အိပ်သည်။ နံနက် ဆယ်နာရီထိုးခါမှ ထပြီး သူ့အလုပ်ကို သွားသည်။ နာနာနှင့် ဒက်ဂူးနက်တို့ နှစ်ယောက်စလုံးသည် ထိုအစီအစဉ်ကို များစွာ သဘောတွေ့နေကြလေသည်။

'ကိစ္စမရှိဘူးလေ' ဟု နာနာပြောသည်။ 'ကျွန်မ သူ့ဆီကို ဒီနေ့ နေ့ခင်း စာရေးလိုက်မယ်၊ တကယ်လို့ ကျွန်မရဲ့စာ သူ့လက်ထဲ မရောက်လို့ လာနေပြန်ရင်လည်း ရှင်က ဝင်ခွင့်မပေးနဲ့ပေါ့'။

ဇိုးအိသည် အခန်းထဲ၌ လုပ်စရာ ရှိသည်များကိုသာ သာယာ ဖြည်းညင်းစွာ သွားလာ လုပ်ကိုင်လျက် ရှိသည်။ လုပ်ကိုင်နေရင်းကလည်း ယမန်နေ့ညက နာနာ၏ အောင်မြင်မှုကို ပြောနေသည်။ မဒမ်အနေဖြင့် မိမိပိုင်ဆိုင်သော အစွမ်းအစများကို ပြသခဲ့ပြီးပြီ ဖြစ်ကြောင်း၊ သီချင်းဆိုရာ၌ လည်း အလွန် နားထောင်၍ ကောင်းကြောင်း၊ နောင်အခါတွင် ပူပင်ကြောင့် ကြစရာ မလိုတော့ဘဲ အေးအေးဆေးဆေး နေထိုင်သွားနိုင်လိမ့်မည်ဟု ထင်ကြောင်း စသည်ဖြင့် တတွတ်တွတ် ပြောလျက်ရှိသည်။

ခေါင်းအုံးပေါ် တံတောင်တစ်ဖက် ထောက်၍ နားထောင်နေသော နာနာကတော့ ခေါင်းကိုသာ ခါလျက် ရှိသည်။ သူ့ကိုယ်ပေါ်မှ ညဝတ် အင်္ကျီသည် လျှောကျလျက် ရှိသည်။ သူ့ဆံစများသည် ပခုံးနှစ်ဖက်ပေါ်တွင် ဝဲပျံ၍ ကျနေကြသည်။

'ဒါပေါ့လေ၊ သံသယ ဖြစ်စရာ မရှိပါဘူး' ဟု နာနာက ပြောသည်။

'ဒါပေမဲ့ ရတ်တရက် ချက်ချင်း အဆင်မပြေသေးခင် အချိန်မှာ ကျွန်မ ဘယ်လိုလုပ်နေမလဲ၊ ဒီနေ့ပဲ ကြည့်ပါဦး။ ကျွန်မမှာ ပူပင်သောက ရောက်စရာတွေ အများကြီး ရှိနေပြီ။ ကဲလေ ကျွန်မတို့ အခြေအနေကို ကြည့်ရအောင်၊ ဒီမနက် အိမ်စောင့် တက်လာသေးလား'

ထို့နောက် အမျိုးသမီးနှစ်ယောက်သည် အိမ်အခြေအနေ အရပ်ရပ်ကို ဆွေးနွေးကြသည်။ အခန်းလခမှာ သုံးလစာ အကြွေးတင်နေသဖြင့် တိုက်ရှင် က နာနာပိုင် ပစ္စည်းအားလုံး သိမ်းမည်ဟု ပြောနေသည်။ ထို့ပြင်လည်း အကြွေးရှင်များက တပူပူ တဆူဆူ လုပ်နေကြသည်။ အငှား မြင်းရထား

mgyoe.com

mgyoe.com


ပိုင်ရှင်၊ အတွင်းခံ အင်္ကျီချုပ် သမ မိန်းမကြီး၊ စက်ချုပ်သမား၊ ကျောက်မီးသွေး သည်နှင့် အခြား ကြွေးရှင် အများအပြားသည် အိမ်ရှေ့ခန်း ထဲသို့ နေ့စဉ်လိုလို ရောက်လာပြီး မျက်နှာပြနေကြသည်။ အထူးသဖြင့် ကျောက်မီးသွေးသည်၏ အပြုအမူမှာ ရွံ့ရှာ စက်ဆုပ်ဖွယ်ကောင်းသည်။ သူသည် လှေကားမှ ရပ်၍ အော်ဟစ်ပြီး တောင်းလေ့ရှိသည် မဟုတ်ပါလား။

ဤပြဿနာများ ကြားမှပင် နာနာသည် သားငယ်လေး လူးဝစ် အတွက် အမြဲတစေ သောကရောက်လျက် ရှိသည်။ ထိုကလေးငယ်မှာ သူ့အသက် ဆယ့်ခြောက်နှစ်သမီးက မွေးခဲ့သောကလေးဖြစ်သည်။ သူ့သား ငယ် အားရမ်ဘိုလက်မြို့၏ ဆင်ခြေဖုံးရှိ ရွာငယ်တစ်ရွာ၌ သူနာပြုတစ်ဦးထံ အပ်နှံထားခဲ့ရသည်။ ထိုအမျိုးသမီးကလည်း လူးဝစ်အား ပြန်၍ မအပ်မီ ဖရန့်ငွေ သုံးရာ အကြွေးပေးရမည်ဟု တောင်းနေသည်။ နောက်ဆုံးတစ် ခေါက် သားငယ်ထံ ရောက်သည့်အချိန်မှစ၍ နာနာသည် သူ့အစီအစဉ် အထမမြောက်ဖြစ်မည်ကို များစွာပူပန်လျက်ရှိသည်။ အချိန်ကြာလာတော့ လည်း ထိုအပူသည် လုံးဝ ဖျောက်မရတော့သည့် အစွဲအလမ်းကြီးတစ်ခု ဖြစ်လာတော့သည်။ သူ့အနေဖြင့် ဆရာမအား အကြွေးအကျေပေးကာ သူ့ သားငယ်အား ပြန်ခေါ်လာပြီး ဘာတီးနိုး၌နေထိုင်လျက်ရှိသည့် အဒေါ်မဒမ် လီရက်ထံ အပ်နှံထားလိုသည်။ အဒေါ်ထံသာ အပ်နှံထားပါက သူ့အနေဖြင့် မကြာခဏ သွားရောက်ကြည့်ရှုနိုင်မည် မဟုတ်ပါလား။

ယင်းပြဿနာနှင့်ပတ်သက်၍ ဇိုးအိက ထိုကိစ္စကို အဘိုးကြီးဦး ကပ်စေးအား ဖွင့်ပြောပြီး အကူအညီတောင်းကြည့်ဖို့ အကြံပေးသည်။

'ကျွန်မ သူ့ကို အားလုံး ဖွင့်ပြောပြီးပြီ'ဟု နာနာကပြောသည်။ 'သူက ဘာပြောတယ်၊ သူ့မှာ တာဝန်ယူထားရတာ သိပ်များနေတယ်တဲ့၊ ကျွန်မကိုပေးတဲ့ တစ်လဖရန့်တစ်ထောင်ထက် ပိုပြီး မပေးနိုင်ဘူးတဲ့၊ ကိုလူ မည်းကျတော့လည်း အခုတလော ဘိုင်ကျနေပုံပေါ်တယ်၊ ကျွန်မ ထင်တာ တော့ လောင်းကစားဝိုင်းမှာ ရှုံးပြန်ပြီနဲ့တူတာပဲ၊ ဒက်ဂူးကျတော့လည်း သူကိုယ်တိုင် ငွေချေးရမည့် အခြေအနေမှာ ဆိုက်နေတယ်၊ ဈေးကွက်မှာ ကျွန်မအတွက် ပန်းတောင်မှ မှန်မှန်ဝယ်မပေးနိုင်ရှာဘူး…'

mgyoe.com

mgyoe.com


နာနာက ဒက်ဂူးနက်နှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်းပင် ပြော သည်။ ဤကိစ္စမျိုးနှင့် ပတ်သက်လာလျှင် နာနာသည် သူ၏အတွင်းရေး ကိစ္စများကို ဗိုးအိအား ဖွင့်၍တိုင်ပင်လေ့ရှိသည်။ ယင်းကဲ့သို့ အတွင်းရေး ကိစ္စများကို ဖွင့်ဟတိုင်ပင်လေ့ ရှိခြင်းကြောင့်လည်း ဗိုးအိက တလေးတစား နားထောင်ကာ ကိုယ်ချင်းစာတရား ထား၍ အကြံပေးလေ့ရှိသည်။ သူမ၏ သခင်မ ယခုကဲ့သို့ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချ၍ သူမ၏ အတွင်းရေးကိစ္စများကို သူမအား ဖွင့်ပြောသည့်အတွက် ဗိုးအိက ဂုဏ်ယူသည်။ ထို့ကြောင့်လည်း နာနာ ပြောသမျှကို တလေးတစား နားထောင်ကာ သူ့စိတ်ထဲ ရှိသည့်အတိုင်း လွတ်လွတ်လပ်လပ် အကြံပေးလေ့ ရှိသည်။ အကြိုက်လိုက်ပြောခြင်းဖြင့် နာနာ ဒုက္ခရောက်အောင်လုပ်ဖို့ သူ လုံးဝ စိတ်မကူး။ ပြီးတော့လည်း ဗိုးအိသည် သူ့သခင်မ နာနာ၏ ရိုးသားပွင့်လင်းမှုများကြောင့် နာနာအား အလွန်ခင်သည်။ အမှန်တော့ ဗိုးအိသည် ဤခင်မင်မှုကြောင့်ပင် မဒမ် ဘလန့်ချီထံမှ အပြီးအပြတ် အလုပ်ထွက်ခဲ့ကာ နာနာ့ထံ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ရောက်လာသည့်အချိန်မှစ၍ နာနာ့အား ခွဲခွာသွားဖို့ စိတ်မကူး တော့။ မဒမ်နာနာသည် အနာဂတ်ကာလတွင် အောင်မြင်မှု ရရှိလာနိုင်မည့် အမျိုးသမီးတစ်ယောက်ဟုလည်း ယုံကြည်ထားသဖြင့် လောလောဆယ်ဆယ် အခြေအနေ မည်မျှပင်ဆိုးဆိုး လက်တွဲမဖြုတ်စတမ်း နေသွားမည်ဟု ဆုံးဖြတ် ထားသည်။

ယခုလည်း ဗိုးအိသည် သူ့သခင်မအား အကောင်းဆုံးဖြစ်မည် ထင်သော အကြံကိုသာပေးသည်။ လူတိုင်းလိုလို အသက်ငယ်ရွယ်စဉ်က မှားတတ်ကြသည်မှာ သဘာဝဖြစ်သည်။ ယခုလို အသက်ရွယ်ကျတော့ နောက်ထပ်မမှားအောင် မဒမ်နာနာအနေဖြင့် မျက်စိများကို ဖွင့်ထားသင့် သည်။ ယောကျ်ားဆိုသည့်သတ္တဝါများမှာ ပျော်ပါးဖို့လောက်သာ အဓိက ထားတတ်ကြသဖြင့် သတိထားပြီး ဆက်ဆံသင့်သည်။ ယင်းကဲ့သို့ ဆက်ဆံ သွားမည်ဆိုပါက အစစအရာရာ အဆင်ပြေသွားလိမ့်မည်ဟု သူ ထင်သည်။ မဒမ်နာနာအနေဖြင့် ယခုလောလောဆယ်ဆယ် နားပူနားဆာလုပ်နေသည့်

mgyoe.com

mgyoe.com


ကြွေးရှင်များအား အေးအေးဆေးဆေး ဖြစ်သွားအောင် လိမ္မာပါးနပ်စွာ ပြောဆိုထားပြီး လိုနေသောငွေများကို တစ်ဖက်မှ မရမနေရှာဖွေသင့်သည် စသည်ဖြင့် အကြံပြုသည်။

'ဖရန့်ငွေသုံးရာ ချက်ချင်းရဖို့ဆိုတာတော့ မလွယ်ဘူး'ဟု နာနာက ဖရိုဖရဲဖြစ်နေသော သူ့ဆံပင်များကြားသို့ လက်ချောင်းများထိုးသွင်းပြီး အသာအယာကုတ်၍ ပြန်ပြောသည်။ 'ကျွန်မအနေဖြင့် ဖရန့်ငွေသုံးရာကို ဒီနေ့ရမှဖြစ်မှာ၊ ချက်ချင်းကိုလိုချင်တာ၊ ငွေသုံးရာပေးမယ့် ယောက်ျားတစ်ယောက်ယောက်နဲ့မသိတာ နာတာပဲ'ဟု ညည်းညူသည်။

နာနာသည် ငွေသုံးရာရဖို့အတွက် နည်းလမ်းရှာလျက် ရှိသည်။ သူ့အနေဖြင့် သူ၏အဒေါ် မဒမ်တီရက်အား ရမ်ဘိုလက်ရှိ သူ့သားလေးထံ စေလွှတ်ချင်သည်။ ပြီးတော့ သူ့သားလေးအားခေါ်၍ ယနေ့ပင်ပြန်ရောက်စေချင်သည်။ ဤသောကကြောင့် မနေ့က သူရရှိခဲ့သော အောင်မြင်မှုကိုပင် သတိမရနိုင်တော့ပေ။ ထိုအောင်မြင်မှုအတွက် ဝမ်းသာအားတက်ခြင်းလည်း မပြုနိုင်တော့ပေ။ မနေ့ညက သူ့အား အရှူးအမူး ချီးကျူးသြဘာပေးခဲ့သော လူများထဲမှ လူဝီရွှေဒင်္ဂါးဆယ့်ငါးပြား ပေးမယ့်သူ ပေါ်လာခဲ့ပါမူ မည်မျှပင် ကောင်းမည်နည်း။ သို့သော်လည်း ထိုနည်းမျိုးဖြင့် ရရှိလာသည့်ငွေကို လက်ခံရသည်မှာ မကောင်း။ သူ၏ကံသည် ဆိုးလွန်းလှချေသည်။ သူ့စိတ် အာရုံတွင် သူ့သားကလေး၏ ရုပ်လွှာသည် အမြဲတစေ ထင်ဟပ်လျက်ရှိသည်။ မပီကလာ ပီကလာဖြင့် 'မာမာ'ဟုခေါ်သော အသံသည် သူ့နားထဲမှ မထွက်။

ထိုအခိုက် အိမ်ရှေ့တံခါးဆီမှ ဘဲလ်သံ ကြားရသည်။ ဇိုးအိထွက်သွားပြီး ချက်ချင်းပင် ပြန်ဝင်လာပြီး တီးတိုးလေသံဖြင့် ပြောသည်။

'အမျိုးသမီးတစ်ယောက်ပါ မဒမ်'

ဇိုးအိသည် ထိုအမျိုးသမီးကို တွေ့ဖူးမြင်ဖူးသည်မှာ အကြိမ်နှစ်ဆယ်ခန့်ပင် ရှိပြီ။ သို့သော် လုံးဝမမှတ်မိလေဟန် ဆောင်ထားသည်။ အခက်အခဲများနှင့် ကြုံနေရသော မိန်းကလေးများနှင့် မည်သို့မည်ပုံ ဆက်ဆံကူညီတတ်သည်ကိုလည်း လုံးဝ မသိလေဟန် ဆောင်ထားသည်။

'သူက နာမည်ပြောလိုက်ပါတယ် မဒမ်၊ သူ့နာမည်က ထရီကွန်တဲ့'

mgyoe.com

mgyoe.com


'မဒမ် ထရီကွန်'ဟု နာနာ ရေရွတ်လိုက်သည်။ 'အင်း… ကျွန်မ လုံး၀၊ ကျွန်မ သူ့ကို မေ့နေပြီ၊ ကဲပါလေ ခေါ်ခဲ့ပါ…'

ဇိုးအီသည် အရပ်ထောင်ထောင်မောင်းမောင်း ၀တ်ကောင်းစားလှနှင့် မြို့စားကတော်ရုပ်ပေါက်နေသည့် အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ဦး အား ခေါ်လာသည်။ ထိုနောက် ဇိုးအီသည် အခန်းထဲမှ ယောက်ျားဧည့်သည် တစ်ယောက် ရောက်လာသည့်အခါများတွင် ထွက်ခွာသွားလေ့ရှိသည့် ပုံစံ မျိုးဖြင့် ကုပ်ကုပ်ရုပ်ရုပ်လေး ထွက်သွားသည်။ မဒမ်ထရီကွန်သည် ထိုင်ပင် မထိုင်တော့ဘဲ သူ ပြောစရာများကို ပြောသည်။

ထိုနောက် မဒမ်ထရီကွန်က ရာသီဥတု ခြောက်ခြောက်သွေ့သွေ့ ရှိပြီး သာယာကြည်လင်နေသဖြင့် လမ်းလျှောက်ဖို့ကောင်းသည်ဟု ပြော သည်။ သူတွင် နောက်ထပ်တွေ့စရာ လူလေးငါးယောက် ရှိသေးသည်ဟု ဆိုကာ သူမှတ်စုစာအုပ်ကိုကြည့်သည်၊ ပြီးတော့ နာနာအား နှုတ်ဆက်၍ ထွက်သွားသည်။

အခန်းထဲ၌ တစ်ယောက်တည်း ကျန်ရစ်နေသော နာနာသည် များစွာ စိတ်ချမ်းသာလျက် ရှိသည်။ သူ့ပခုံးနှစ်ဖက်သည် မသိမသာ တုန်ယင် လှုပ်ရှားလျက် ရှိသည်။ သူသည် အအေးဒဏ်မခံနိုင်သော ကြောင်မလေး သဖွယ် နွေးနွေးထွေးထွေး ရှိနေဆဲဖြစ်သော အိပ်ရာစင်ပေါ်ရှိ စောင်များ အကြားသို့ ပြန်၍တိုး၀င်သည်။ သူ့မျက်လုံးအစုံတို့သည် တဖြည်းဖြည်းနှင့် ပြန်၍မှိတ်သွားသည်။ နောက်တစ်နေ့တွင် သူ့သားကလေး လူး၀စ်အား အ၀တ်လှလှကလေးတွေ ၀တ်ပေးမည်ဟူသော စိတ်ကူးကြောင့် သူ့မျက်နှာ သည် ပြုံးလျက်ရှိသည်။ လောလောဆယ် ရင်ဆိုင်နေရသော အပူမီးငြိမ်းသည် နှင့် တစ်ပြိုင်နက် ယမန်နေ့ညက ကြားခဲ့ရသော လက်ခုပ်သြဘာသံများနှင့် ချီးကျူးသံများသည် သူ့အာရုံတွင် ပြန်လည်ထင်ပေါ်လာသည်။ ထိုအခါ ကိုယ်စိတ်နှစ်ပါး ပင်ပန်းနွမ်းနယ်မှုသည် ပျောက်သွားသည်။

မဒမ်လီရက်အားခေါ်၍ ဇိုးအီပြန်လာသည့် နံနက်ခင်း ၁ နာရီထိုး သည့်အချိန်ထိ နာနာသည် အိပ်ပျော်နေဆဲ။ သို့သော် ၀င်လာသူနှစ်ဦး၏ လှုပ်ရှားသံများကြောင့် နာနာ လန့်နိုးလာသည်။

mgyoe.com

mgyoe.com


'ဪ… အဒေါ်ပါလား၊ အဒေါ်ဒီနေ့ ရမ်ဘိုလက်ကို သွားရမယ်လေ…'

'အေးလေ… အဲဒီကိစ္စကြောင့် ငါ အခု လာတာပဲလေ'ဟု သူ့အဒေါ်က ပြောလိုက်သည်။ 'မီးရထားက ၁ နာရီ ၂၀ မိနစ်မှာ ထွက်မယ်၊ ရထားမီဖို့က အရေးကြီးတယ်မလား'

'ကျွန်မမှာ လောလောဆယ် ငွေမရှိသေးဘူး'ဟု နှာနှာက ပြန်ပြောလိုက်သည်။ 'အဒေါ် နေ့လယ်စာစားပြီးမှ စီစဉ်ကြတာပေါ့'

ဖိုးအိက နှာနှာ၏ အင်္ကျီရှည်ကြီးကို ယူလာသည်။

'မဒမ်… အပြင်မှာ ဆံပင်အလှပြင်သမား ရောက်ပြီ'

သို့သော်လည်း နှာနှာသည် အဝတ်လဲခန်းသို့ သွားလိုစိတ် မရှိ။ ထို့ကြောင့် သူ့ဘာသူ ဆံပင်အလှပြင်သမားကို ခေါ်လိုက်သည်။

'ဝင်ခဲ့လေ ဖရန့်စစ္စ'

အိပ်ခန်းတံခါးပွင့်သွားပြီး အတွင်းသို့ ဝတ်ကောင်းစားလှ ကျကျနန ဝတ်ထားသည့် အမျိုးသားတစ်ယောက် ဝင်လာသည်။ သူသည် နှာနှာအား ဦးခေါင်းတစ်ချက်ညွှတ်၍ နှုတ်ဆက်လိုက်သည်။ ထိုအချိန်တွင် နှာနှာသည် အိပ်ရာပေါ်မှ ဆင်းခိုက်ဖြစ်သည်။ နှာနှာ၏လှပသော ခြေသလုံးကြွက်သားများ ဝင်းခနဲ ပေါ်သွားသည်၊ နှာနှာကတော့ အေးအေးဆေးဆေးပင် ရှိသည်။ ဖိုးအိဘက်သို့ လက်တစ်ဖက် ဆန့်ပေးလိုက်သည်။ ဖိုးအိသည် အင်္ကျီအပွကြီးကို ဝတ်ပေးလိုက်သည်။ ဖရန့်စစ္စက သူ့ရှေ့ကမြင်ကွင်းကို ငြိမ်ဆိတ်စွာ ရပ်ကြည့်နေသည်။ နှာနှာသည် ကုလားထိုင်ပေါ်တွင် ထိုင်မိ၍ နှာနှာ၏ ဆံပင်များကို ဘီးတစ်ချောင်းဖြင့် စ၍ ဖြီးချိန်မှပင် စကားပြောသည်။

'မဒမ် သတင်းစာ မဖတ်ရသေးဘူးလို့ ထင်တယ်ခင်ဗျာ' ဒီနေ့မနက် ''မစ်ဂါရို'' သတင်းစာထဲမှာ အလွန်ကောင်းတဲ့ ဆောင်းပါးတစ်ပုဒ်ပါတယ်' ဖရန့်စစ္စက သူဝယ်လာသော သတင်းစာကို ထုတ်၍ပေးသည်။ မဒမ်လီရက်က သူ့မျက်မှန်ကို ထုတ်တပ်ပြီး ပြတင်းပေါက်ရှေ့မှရပ်၍ သတင်းစာထဲက ဆောင်းပါးကို အော်ဖတ်လိုက်သည်။ ဆောင်းပါးမှာ ဖူရှာရေး၏ ဆောင်းပါးဖြစ်သည်။ နှစ်ကော်လံတိတိရှိ၍ နှာနှာအား ဝေဖန်ထားသည်။

mgyoe.com

mgyoe.com


'သိပ်ကိုကောင်းပါတယ် မဒမ်'ဟု ဖရန့်စစ္စက ထပ်တလဲလဲ ရေရွတ်သည်။

ဆောင်းပါးထဲတွင် သူ၏အသံကို ဆောင်းပါးရှင်က သရော်ထားသော်လည်း နာနာကတော့ ဂရုမစိုက်။ ဖူရှာရေးသည် လူကောင်းတစ်ယောက် ဖြစ်မှန်း သူသိသည်။ ဤဝေဖန်ချက်အတွက် သူ့နည်းသူ့ဟန်ဖြင့် ပြန်လည်တုံ့ပြန်ဖို့သာ ဖြစ်သည်။

မဒမ်လီရက်သည် ဆောင်းပါးကို ဒုတိယအကြိမ် တစ်ခေါက်ထပ်ဖတ်သည်။ ထိုနောက် ယောကျ်ားအားလုံး ကြောက်စရာကောင်းသည်ဟု မှတ်ချက်ချသည်။ အဘယ့်ကြောင့် ကြောက်စရာကောင်းသည်ဟူသော မှတ်ချက်များကို ထုတ်ဖော်၍ မပြော။ နာနာ၏ဆံပင်ကို အပြီးသတ်ပြင်ဆင်အပြီးတွင် ဖရန့်စစ္စက ဦးခေါင်းတစ်ချက်မျှညွှတ်၍ နာနာအားပြောသည်။

'ကျွန်တော် ညနေသတင်းစာတွေကို စောင့်ဖတ်လိုက်ပါဦးမယ်၊ ကျွန်တော်လာနေကျအချိန် လာရမယ် မဟုတ်လား မဒမ်၊ ငါးနာရီခွဲလေ'

ဖရန့်စစ္စတံခါးကို ပြန်ပိတ်နေချိန်ကျမှ နာနာကနောက်မှနေ၍ လှမ်းအော်ပြီး မှာသည်။

'မျက်နှာလိမ်း ခရင်မ်တစ်ဘူးနဲ့ ဗာဒံစေ့တစ်ပေါင် ဘွိုင်ဆီယားဆိုင်က ဝင်ယူခဲ့စမ်းပါ'

* * *

မိန်းမနှစ်ယောက်သည် အခန်းထဲ၌ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသည်။ ထိုအခါကျမှပင် စောစောက သူတို့နှစ်ယောက် တစ်ယောက်ကို ပွေ့ဖက်ပြီး တစ်ယောက်ပါးတစ်ယောက် မနမ်းရှုပ်ခဲ့ကြရသည့်အဖြစ်ကို သတိရကြသည်။ ဆောင်းပါးသည် သူတို့၏နှလုံးသားများကို နွေးထွေးစေခဲ့သည်မှာ အမှန်။ စောစောက အိပ်ပျော်နေသဖြင့် ဘာကိုမှ၊ သတိမရခဲ့သော နာနာသည် ယခုအခါတွင် သူ၏အောင်မြင်မှုကို ပြန်၍ ဆင်ခြင်ကာ ယစ်မူးလျက် ရှိပြန်လေသည်။

ဇာတ်ပွဲကြည့်လျှင် 'မူးဝေ အော့အန်တတ်သော အကျင့်ရှိသဖြင့် နာနာ၏အဒေါ်သည် ယမန်နေ့ညက ဇာတ်ရုံသို့မရောက်။ ထိုကြောင့် ည

mgyoe.com

mgyoe.com


ကြုံခဲ့ရသော အဖြစ်အပျက်ကို အစမှအဆုံးတိုင် နာနာကပင်ဒိုင်ခံ၍ ဖောက်သည်ချနေရသည်။ သူသည် သူ့ဇာတ်လမ်းကို ပြန်ပြောရာ၌ အရသာတွေ့လျက်ရှိသည်။ အခုဆိုလျှင်သူ့အား ချီးကျူး ပြောဆိုနေသံများသည် ပါရီတစ်မြို့လုံးတွင် လျှံထွက်နေပေလိမ့်မည်ဟု ထင်သည်။ ထို့နောက် နာနာက သူ့အတွေးနှင့်သူ တစ်ချက်မျှ ရယ်မောလိုက်ပြီး ဟိုတစ်ချိန်က ဂေါ်တီဒီအိုရမ်း နောက်ဖေးလမ်းကြားထဲ၌ ဖြစ်ချင်သလိုဖြစ်ကာ လေလွင့်နေသော သူ့လိုမိန်းကလေးတစ်ယောက်အား အခုလို ထင်ရှားကျော်ကြားလိမ့်မည်ဟု မည်သူကမှ ထင်လိမ့်မည်မဟုတ်ဟု ပြောသည်။ သူ့အဒေါ်ကလည်း နာနာ၏စကားကို ထောက်ခံသည်။ အခုလိုဖြစ်လာလိမ့်မည်ဟု မည်သူကမှလည်း ကြိုတင်၍ သိကြလိမ့်မည် မဟုတ်ဟု ပြောသည်။ သူ့အဒေါ်လည်း နာနာပြောသမျှကို စိတ်ဝင်တစား နားထောင်ရုံမျှမက သူကလည်း စကားပြန်ပြောလျှင် အလေးအနက်ထား၍ ပြောသည်။ နာနာ့ကိုလည်း 'သမီး'ဟု ခေါ်သည်။ အမှန်တော့လည်း သူ့အဒေါ်သည် သူ့၏ပထမအမေ သူ့အဖေနှင့် သူ့ဘွားအေတို့နည်းတူ ကွယ်လွန်သွားသည့်အချိန်မှစ၍ သူ၏ဒုတိယအမေ ဖြစ်လာခဲ့သည် မဟုတ်ပါလော။

သူ့အဖြစ်ကိုတွေးကာ စိတ်ထိခိုက်လျက်ရှိသော နာနာသည် မျက်ရည်များစို့လာသည်။ ထိုအခါ မဒမ်လီရက်က အတိတ်ဖြစ်ရပ်ဆိုးများကို ပြန်မတွေးဖို့ ဖျောင်းဖျသည်။ နာနာသည် လင်ကောင်မဖော်နိုင်ဘဲ ကလေးတစ်ယောက် မွေးလာသည့်အချိန်မှစ၍ မိမိတို့မိသားစု အသိုင်းအဝိုင်းက နာနာနှင့် အဆက်အသွယ် မလုပ်ရန် တားမြစ်ခဲ့ကြောင်း၊ ထိုကြောင့်လည်း သူ့အနေဖြင့် တူမဖြစ်သူ နာနာ့ထံ အချိန်အတော်ကြာမျှ မလာဘဲ နေခဲ့ခြင်းဖြစ်ကြောင်း နာနာ၏အဖြစ်ကို မိမိအားပြောပါဟု မတိုက်တွန်းလိုကြောင်း၊ နာနာသည် ဂုဏ်သရေရှိရှိ နေထိုင်လျက်ရှိသည်ဟုပင် သူယုံကြည်ကြောင်း။ အခု လူချင်းပြန်တွေ့သည့်အခါမှာလည်း သူ့တူမ တခမ်းတနားနေထိုင်လျက်ရှိသည်ကို တွေ့ရပြီး မွေးထားသည့်သားကလေးအပေါ်တွင် များစွာ သံယောဇဉ် ရှိသည်ကို တွေ့ရသဖြင့် ဝမ်းသာကျေနပ်မိကြောင်း စသဖြင့် အေးအေးဆေးဆေး ရှင်းပြသည်။ နောက်ဆုံးတွင် အဒေါ်လီရက်က သူသိလိုသော မေးခွန်းတစ်ခု မေးသည်။

mgyoe.com

mgyoe.com


'စကားမစပ် မေးရဦးမယ် သမီးရယ်၊ ကလေးအဖေက ဘယ်သူလဲကွယ့်'

မမျှော်လင့်သော မေးခွန်းဖြစ်သဖြင့် နာနာသည် အံ့အားသင့်လျက်ရှိသည်။ သူသည် တစ်စက္ကန့်မျှ ငိုင်နေသည်။

'လူကြီးလူကောင်း တစ်ယောက်ပါ'ဟု နာနာက ဖြေသည်။

'အေးပေါ့လေ၊ လူတွေကတော့ ငါ့သမီးယောကျ်ားဟာ ပန်းရန်သမားတစ်ယောက်လို့ ပြောနေကြတယ်၊ သမီးကို အမြဲရိုက်တယ်တဲ့၊ ကိစ္စမရှိဘူးလေ၊ ဒါတွေကို မေ့ထားလိုက်ပါတော့၊ နောင်တစ်နေ့ကျတော့လည်း ငါ့သမီးက ပြောပြချင်ပြောပြလာမှာပေါ့၊ သမီးလည်း သိပါတယ်လေ၊ အခေါ်ကတော့ ချင့်ချင့်ချိန်ချိန် စဉ်းစားတတ်သူပါ၊ နောက်ဆုံးတစ်နေ့ အဲဒီလိုဆိုလည်း အခေါ်က ဂရုမစိုက်ပါဘူး၊ ငါ့သမီးရဲ့သားလေးကို မင်းသားတစ်ပါးလို မွေးပေးမှာပါ။'

နာနာ့အခေါ် မဒမ်လီရက်သည် ပန်းသည်အလုပ်မှ အနားယူကာ စုဆောင်းထားသည့် ငွေကလေးမှ ရရှိထားသော အတိုးငွေအပေါ် အမှီပြု၍ နေထိုင်လျက်ရှိသူ ဖြစ်၏။ သူ့ဝင်ငွေမှာ တစ်နှစ်လျှင် ဖရန့်ငွေ ခြောက်ရာမျှသာ ဖြစ်သည်။ နာနာက သူ့အတွက် အိပ်ခန်းတစ်ခန်းငှားပေးပြီး တစ်လလျှင် ဖရန့်ငွေတစ်ရာ ထောက်ပံ့မည်ဟု ကတိပေးသည်။ ငွေတစ်ရာ ထောက်ပံ့မည်ဟူသော စကားကိုကြားလိုက်သောအခါ အဘွားကြီးသည် သူ့ကိုယ်သူ မေ့သွားပုံရသည်။ အခွင့်အရေးသာ ပေါ်လာလျှင် မည်သည့် ယောကျ်ားကိုမှ ချမ်းသာမပေးဘဲ ငွေများများရအောင် လည်မျိုညှစ်ယူဖို့ အကြံပေးသည်။ သူတို့သည် ဝမ်းသာအားရ တစ်ယောက်ကိုတစ်ယောက် ဖက်ကြပြန်သည်။ နာနာသည် သူ့သားငယ် လူးဝစ်အကြောင်း ပြောနေရာမှ ရုတ်တရက် တစ်စုံတစ်ရာကို သတိရလိုက်သဖြင့် မျက်နှာညှိုးသွားသည်။

'တော်တော် စိတ်ပျက်စရာကောင်းတာပဲ၊ ၃ နာရီကျလျှင် ကျွန်မ အပြင်သွားစရာ ရှိနေပြန်တယ်'ဟု ညည်းသည်။ 'မသွားလို့ကလည်း မဖြစ်ဘူး၊ သွားကို သွားမှ ဖြစ်မယ့်ကိစ္စ'

mgyoe.com

mgyoe.com


ထိုအခိုက်မှာပင် ဖိုးအိ ဝင်လာပြီး နေ့လယ်စာပြင်ပြီးပြီဟု ပြောသဖြင့် နှစ်ယောက်သား ထမင်းစားခန်းထဲသို့သွားကြသည်။ စားပွဲတွင် အသက်ခပ်ကြီးကြီး မိန်းမကြီးကြီး ထိုင်နေသည်ကို တွေ့ရ၏။ မိန်းမကြီးသည် ခေါင်းမှ ဦးထုပ်ကို မချွတ်။ ဝတ်ဆင်ထားသော အဝတ်အစားများ၏ အရောင်မှာ ခပ်ဆန်းဆန်း။ အစိမ်းပုပ်ရောင်နှင့် နီညိုရောင်ကြားမှ အရောင်မျိုးဖြစ်သည်။ ထိုမိန်းမကြီး ဤနေရာ၌ ရောက်သည့်အတွက် နာနာသည် အံ့သြပုံမရ။ ဘာပြုလို့ အိပ်ခန်းထဲ မဝင်လာလဲ ဟုမေးသည်။

'အခန်းထဲမှာ စကားပြောသံတွေ ကြားနေရလို့ ဝင်မလာတာ' ဟု အဘွားကြီးက ပြန်ပြောသည်။ 'မင့်မှာ ဧည့်သည်ရှိနေတယ်ထင်လို့'

မဒမ်မာလ္လိုင်၏ ပုံပန်းသည် တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေရှိသော အသွင်အပြင် ရှိသည်။ သူသည် နာနာ၏ ရင်းနှီးသော မိတ်ဆွေတစ်ဦး ဖြစ်၏။ နာနာ၏ အထိန်းတော်အဖြစ်ဖြင့် အပြင်သွားတိုင်း အဖော်လိုက်သည်။ ပထမတော့ မဒမ်လ္လိုင်သည် မဒမ်လီရက် ရှိနေသည့်အတွက် စိတ်ကသိကအောက် ဖြစ်သွားပုံရသည်။ ထို့နောက် နာနာ၏ အဒေါ်မှန်း သိသွားသောအခါ အလွန်နူးညံ့သိမ်မွေ့သော မျက်နှာဖြင့် နှုတ်ဆက်သည်။ သူ့အပြုံးမှာ မချိုပြုံးဖြစ်သည်။ နာနာကတော့ သူဆာနေပြီဟုပြောကာ ပေါင်မုန့်ကိုပင် မစားတော့ဘဲ မုန်လာဥပြုတ်များကို အဆက်မပြတ် ယူ၍စားသည်။ မဒမ်လီရက် ကတော့ မုန်လာဥပြုတ်များကို မစား။ အစာမကြေဖြစ်တတ်၍ မစားခြင်းဖြစ်သည်ဟု အကြောင်းပြသည်။ ဖိုးအိက အသားကြော်များကို လာပို့သည့်အခါ နာနာက အငမ်းမရစားသည်။ စားရင်းကလည်း သူ့မိတ်ဆွေ အဘွားကြီးအား လှမ်းလှမ်းကြည့်သည်။

အဲဒီဦးထုပ်သစ်က ကျွန်မပေးတဲ့ ဦးထုပ်လား' ဟု နာနာက မေးသည်။

'ဟုတ်တယ်၊ ပြန်ပြင်ထားတာ' ဟု မဒမ်မာလ္လိုင်က အစား ပလုပ်ပလောင်းဖြင့် ပြောသည်။

ဦးထုပ်မှာ အလွန်ထူးဆန်းသောပုံ ဖြစ်သည်။ အရှေ့ဘက်တွင် ငှက်တောင်မျိုးစုံ စိုက်၍ တန်ဆာဆင်ထားသည်။ မဒမ်မာလ္လိုင်သည် ဦးထုပ်

mgyoe.com

mgyoe.com


မှန်သမျှကို ပြန်၍ပြုပြင်ပြီးမှ ဆောင်းလေ့ရှိသော အကျင့်ဆန်းတစ်ခု ရှိသည်။ သူ့ခေါင်းနှင့်တော်သော၊ သူနှင့်လိုက်သောဦးထုပ်ကို သူသာလျှင် သိသည်ဟု အယူအဆလည်း ရှိသည်။ ယခုဆောင်းသော ဦးထုပ်မှာ နာနာ ဝယ်ပေးခဲ့သောဦးထုပ် ဖြစ်၏။ သို့သော်လည်း ဦးထုပ်မှာ နဂိုပုံစံ မရှိတော့။ နာနာအနေဖြင့် ဤအတွက် စိတ်ဆိုးနေ၍လည်း မဖြစ်။

'အနည်းဆုံး ဦးထုပ်ကို ခဏတော့ ချွတ်ထားဖို့ကောင်းသည်' ဟု နာနာက ပြောသည်။

'ကိစ္စမရှိပါဘူး' မဒမ်မာလွိုင် ပြန်ပြောသည်။ 'ဦးထုပ်ဆောင်းထားလို့ အနှောင့်အယှက် မဖြစ်ပါဘူး၊ ဦးထုပ်ဆောင်းပြီး အစာစားရတာ ပိုပြီး ကောင်းတယ်'

နောက်ထပ်အစာများ တစ်ပန်းကန်ပြီးတစ်ပန်းကန် ရောက်လာနေသည်။ နာနာသည် ဘယ်အစာကိုမှ များများမစား၊ တို့ကာပင့်ကာလောက်သာ စားသည်။ ထည့်ထားသမျှအစာများသည် သူ့ပန်းကန်ထဲတွင် အပုံလိုက်။

အချိုပွဲကို ဆက်၍ စားသုံးကြသည်။ ဇိုးအိသည် စားပွဲခင်းကိုမလဲတော့ဘဲ ကော်ဖီပွဲချပေးသည်။ သူတို့သည် ကော်ဖီသောက်ရင်းနှင့် ယမန်နေ့ညကအကြောင်းကို စိတ်ဝင်တစားဝေဖန် ပြောဆိုနေကြသည်။ နာနာသည် ကုလားထိုင်ကို အေးအေးဆေးဆေးမှီ၍ ထိုင်ကာ စီးကရက်တစ်လိပ်ကို ဖွာလျက် ရှိသည်။ ဇိုးအိကတော့ နံရံဗီရိုကို မှီ၍ရပ်ကာ သူ့ဘဝဇာတ်ကြောင်းကို ပြောပြနေသည်။

သူ့အပြောအရ ဇိုးအိသည် ဝမ်းဆွဲဆရာမ၏သမီးတစ်ဦး ဖြစ်သည်။ ပထမတွင် သူသည် သွားဆရာဝန်တစ်ယောက်၏ အိမ်၌ အလုပ်လုပ်သည်။ ထိုနောက် သူသည် အသက်အာမခံ ကိုယ်စားလှယ်တစ်ဦး၏ အိမ်တွင် အလုပ်လုပ်သည်။ ထိုအလုပ်မှာ သူနှင့် လုံးဝအဆင်မပြေ။ ဤသို့ဖြင့် သူသည် အမျိုးသမီးတော်တော်များများထံ၌ အိပ်ခန်းစောင့်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဇိုးအိ ပြောပုံအရဆိုလျှင် ထိုအမျိုးသမီးအားလုံး၏ ဘဝသည် ဇိုးအိ၏ လက်ခုပ်တွင်း၌ ရှိသည်။ သူသာမရှိခဲ့လျှင် ထိုအမျိုးသမီးအများစုသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဒုက္ခရောက်ကြဖို့သာရှိသည်။

mgyoe.com

mgyoe.com

တစ်နေ့တွင် မဒမ်ဘလန်ချီသည် အခန်း၌ မွန်စီယာအောခ်တေ့ ဆိုသူနှင့် နှစ်ပါးကြည်နေခိုက် ဘလန်ချီ၏ လင် အဘိုးကြီး ပြန်ရောက်လာသည်။ ထိုအခိုက်တွင် ဇိုးအိက ဘယ်လိုလုပ်ပေးခဲ့သနည်း။ သူသည် ဧည့်ခန်းထဲမှ ဖြတ်လျှောက်သွားရင်း ရုတ်တရက် မူးလဲကျဟန်ဆောင်ခဲ့သည်။ အဘိုးကြီးက သူ့ထံ ပြေးလာပြီးပြုစုသည်။ မီးဖိုခန်းထဲ အပြေးအလွှားသွားပြီး ဇိုးအိအတွက် ရေခပ်ပေးသည်။ ဤအခိုက်တွင် မွန်စီယာအောခ်တေ့သည် ဘလန်ချီ၏ အိပ်ခန်းထဲမှ လစ်ထွက်သွားနိုင်ခဲ့၏။

'ဇိုးအိကတော့ တကယ့်ကို တော်တာ၊ ကျွန်မ ပြောတာယုံပါ'ဟု စိတ်ဝင်တစား နားထောင်နေသော နာနာက ဇိုးအိအား ချီးကျူးသည်။

'ငါလည်း ပြဿနာအမျိုးမျိုးနဲ့ ကြုံခဲ့တာပဲအေ'ဟု မဒမ်လီရက်က စကားပျိုးသည်။ သူသည် မဒမ်မာလွိုင်၏ အနီးသို့တိုးကာ နှစ်ကိုယ်ကြား လေသံဖြင့် သူ၏အတွင်းရေးများကို ဖွင့်ချလေသည်။ မိန်းမကြီးနှစ်ယောက်သည် ကော့နီညက်အရက်ဖြင့် စိမ်ထားသော သကြားခဲများကို ဝါးလိုက် တီးတိုးပြောလိုက်နှင့် ပါးစပ်များ အားလပ်ချိန်မပေး။ မဒမ်မာလွိုင်ကတော့ သူ့အကြောင်း တစ်လုံးမှမပြောဘဲနှင့် သူများအကြောင်းကိုသာ ကြားနေရသည်။ အချို့လူများ၏ အပြောအရဆိုလျှင် မဒမ်မာလွိုင်သည် လျှို့ဝှက်သော ပင်စင် လစာတစ်ခုပေါ်တွင် အမှီပြု၍ မည်သူကိုမှ ဝင်ခွင့်မပြုသော အခန်းတစ်ခန်းထဲ၌ နေထိုင်လျက်ရှိသူ ဖြစ်တယ်။

နေရင်းထိုင်ရင်းကပင် နာနာသည် ရုတ်တရက်ထ၍ ဒေါသကြီးလာသည်။ 'ဒီမယ်… အန်တီ… ဓားတွေနဲ့ မကစားနဲ့၊ ကျွန်မ မကြိုက်ဘူးဆိုတာ အန်တီသိတယ် မဟုတ်လား…'ဟုပြောသည်။

အမှန်တကယ်တော့ မဒမ်လီရက်သည် အမှတ်တမဲ့ ဓားနှစ်ချောင်းကို တစ်ချောင်းပေါ်တစ်ချောင်း ကြက်ခြေခတ်ထပ်၍ တင်နေခြင်း ဖြစ်သည်။ နာနာသည် သူ့အား အယူသီးသူတစ်ဦးဟု စွပ်စွဲသည့်အခါ မဟုတ်ပါဘူးဟု ငြင်းတတ်သည်။ သို့သော်လည်း ဆားခွက်မှောက်လျှင် သောကြာနေ့၌ ဘာမှမရတတ်ဟူသော ယုံကြည်မှုမျိုးရှိသည်။ ဓားနှစ်ချောင်း ကြက်ခြေခတ်ခြင်းသည် သူ့အတွက် အလွန်မကောင်းသောနိမိတ် ဖြစ်၏။ ထိုအရာကို

mgyoe.com

mgyoe.com

သာ မြင်လျှင် စိတ်မချမ်းသာအဖြစ်မျိုးနှင့် ရင်ဆိုင်ရတတ်သည်ဟု သူ ယုံကြည်နေသည် မဟုတ်ပါလော။

သူသည် ပျင်းရိငြီးငွေ့စွာ သမ်းရမ်းလိုက်ပြီး 'ဘာလိုလိုနှင့် နှစ်နာရီတောင် ထိုးနေပြီ၊ ကျွန်မ အပြင်သွားရဦးမယ်၊ စိတ်ပျက်စရာကောင်းလိုက်တာ'ဟု ရေရွတ်သည်။

အဘွားကြီး နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ သုံးယောက်သား စကားမပြောဘဲ ခေါင်းယမ်းလိုက်သည်။ မှန်ပါ၏။ အပြင်ကိုထွက်ရတိုင်း ပျော်စရာကောင်းသည် မဟုတ်။ နာနာသည် စီးကရက်တစ်လိပ်ကို နောက်ထပ်၍ မီးညှိဖွာနေပြန်သည်။ ကျန်သုံးယောက်စလုံး နာနာ့အပေါ် ကိုယ်ချင်းစာနာစိတ်ဝင်ကာ စိတ်မကောင်းဖြစ်နေကြသည်။

'တို့ မင်းကို စောင့်နေတုန်း အပျင်းပြေ ဖဲကစားနေကြမယ်'ဟု မဒမ်မာလွိုင်က ပြောသည်။ 'မဒမ်လီရက် ဖဲကစားတတ်တယ် မဟုတ်လား'

မဒမ်လီရက် အနေဖြင့် ဖဲကောင်းကောင်း ကစားတတ်သည်။ အခန်းထဲမှ ပျောက်သွားသော ဇိုးအီ အားခေါ်၍ စားပွဲကို ရှင်းခိုင်းမနေတော့။ ပန်းကန်များကို စားပွဲတစ်ဖက်အစွန်းသို့ တွန်းပို့လိုက်ပြီး စားပွဲခင်းနှင့် အုပ်ထားလိုက်သည်။ မဒမ်မာလွိုင်က နံရံကပ်ဗီရိုအံဆွဲများကို ဖွင့်ကာ ဖဲထုပ်ယူသည်။ ဤအခိုက်မှာပင် နာနာက ဖဲမကစားမီ သူ့အား စာတစ်စောင်ရေးပေးဖို့ ခိုင်းသည်။ နာနာ့အနေဖြင့် စာကောင်းကောင်းမရေးတတ်။ အထူးသဖြင့် စာလုံးပေါင်းသတ်ပုံများကို မှန်အောင် မရေးတတ်။ သူသည် အခန်းထဲသို့ ကပျာကယာဝင်သွားပြီး အကောင်းစားစာရေးစက္ကူ ယူလာသည်။ သုံးပဲနိတန် မင်အိုးတစ်လုံးနှင့် သံချေးတက်နေသော ကလောင်တံကိုပါ ယူလာသည်။

စာမှာ ဒက်ဂူးနက်အတွက် ဖြစ်သည်။ မဒမ်မာလွိုင်သည် စာရေးကောင်းသူဖြစ်ရာ စာကို ထိထိခိုက်ခိုက်ဖြစ်အောင် ရေးသည်။ 'နာနာ့အချစ်ရယ်'ဟု အစချီကာ နောက်တစ်နေ့မနက် မိမိထံမလာဖို့ ရေးသည်။ မဖြစ်နိုင်သော အခြေအနေတစ်ရပ် ရှိနေ၍ဟု အကြောင်းပြသည်။ လူချင်းမတွေ့ရ

mgyoe.com

mgyee.com

သော်လည်း မိမိစိတ်ထဲမှာတော့ ဒက်ဂူးနက် အမြဲရှိနေပါသည် ဟူသော စကားဖြင့် စာကို အဆုံးသတ်သည်။

စာအဆုံးမှာ 'အနမ်းပေါင်းတစ်ထောင်ဖြင့်လို့ ရေးထည့်လိုက်တယ်' ဟု မဒမ်မာလွိုင်က ပြောသည်။

မဒမ်လီရက်က ဝါကျတိုင်းကို ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံသည်။ သူ့မျက်လုံးအစုံသည် တလက်လက် တောက်ပနေကြသည်။ သူသည် နှလုံးသားနှင့် ဆက်စပ်နေသော ကိစ္စရပ်များတွင် ပါဝင်ပတ်သက်ရသည်ကို အလွန် သဘောကျတတ်သည် မဟုတ်ပါလား။ ထို့ပြင်လည်း အခုလိုစာမျိုးတွင် သူ့ရင်ထဲ၌ ခံစားရသည့် စကားလုံးများကိုပါ ထည့်လိုက်ချင်သောစိတ် ရှိသည်။

'မောင့်ရဲ့ မျက်လုံးလှလှလေးတွေပေါ်မှာ အနမ်းပေါင်းတစ်ထောင်ဖြင့်လို့ရေးရင် ပိုကောင်းမယ်'ဟု ပြောသည်။

'ဟယ်... ကောင်းလိုက်တာ၊ 'မောင့်ရဲ့ မျက်လုံးလှလှလေးတွေပေါ်မှာ အနမ်းပေါင်းတစ်ထောင်ဖြင့်' တဲ့၊ သိပ်ကိုကောင်းတဲ့ စာသားပဲ' ဟု နာနာက ထပ်တလဲလဲ ပြောသည်။

နာနာက စာကို စာပို့သမားထံ ပို့ခိုင်းမည်ဟူသော စိတ်ကူးဖြင့် ဇိုးအိအား ဘဲလ်တီး၍ခေါ်သည်။ ထိုအခိုက်တွင် ဇာတ်ရုံမှ လူငယ်တစ်ယောက် ရောက်လာပြီး စာတစ်စောင်ပေးသည်။ စာမှာ ဇာတ်တိုက်ရမည့် အစီအစဉ်များနှင့် နာနာလုပ်ရမည့်တာဝန်များကို အသေးစိတ်ဖော်ပြထားသောစာ ဖြစ်၏။ နာနာက လူငယ်အား စာအိတ်ကိုအပ်၍ ဇာတ်ရုံအပြန်လမ်းတွင် ဒက်ဂူးနက်၏အိမ်သို့ ဝင်ခဲ့ပေးပါဟု မှာသည်။ ထို့နောက် ယမန်နေ့ညက ပြဇာတ်နှင့်ပတ်သက်၍ နောက်ဆက်တွဲ ဖြစ်ရပ်များကို စုံစမ်းသည်။ လူငယ်ကလည်း သူသိသမျှ ပြောပြသည်။ မွန်စီယာဘော်ဒီနေးမှာ များစွာဝမ်းသာ ကျေနပ်လျက်ရှိကြောင်း။ ထိုင်ခုံများမှာ တစ်ပတ်စာ ဝယ်သွားပြီဖြစ်ကြောင်း။ ယနေ့မနက် နာနာ၏လိပ်စာကို လာမေးသူ အများအပြားရှိကြောင်း စသဖြင့် ပြောပြသည်။

လူငယ်ပြန်သွားသည့်အခါ နာနာက သူအပြင်၌ နာရီဝက်ခန့်သာကြာမည်ဖြစ်ကြောင်း၊ ဧည့်သည်များလာပါက ဇိုးအိက စောင့်ခိုင်းထားလိမ့်မည်

mgyee.com

mgyoe.com

ဖြစ်ကြောင်း စသဖြင့် အဘွားကြီးများအား မှာသည်။ ထိုအခိုက်မှာပင် ဘဲလ်သံကြားရသည်။ ကြွေးရှင်တစ်ဦး ရောက်လာခြင်း ဖြစ်သည်။ ကြွေးရှင်မှာ အငှားမြင်းရထားများပိုင်ရှင် ဖြစ်သည်။ သူသည် အိမ်ရှေ့ခန်းထဲရှိ ခုံတန်းလျားတစ်လုံးပေါ်မှာ ထိုင်၍ စောင့်လျက်ရှိသည်။

'ခက်တာပဲ'ဟု နာနာက ညည်းသည်။ 'ကျွန်မ သွားသင့်နေပြီ'ဟုလည်း ရေရွတ်သည်။ သို့သော်လည်း ထိုင်ရာမှမထဖြစ်။ သူသည် စားပွဲပေါ်တွင် တင်ထားသည့်လက်ပေါ် မေးတင်ကာ ဖဲချပ်များဆီကို ငေးနေသည်။ သုံးနာရီထိုးသံ ကြားလိုက်ရ၏။

'သိပ်ကို ဆိုးတာပဲ'ဟု ဒေါသသံဖြင့် ရေရွတ်လိုက်သည်။ မဒမ်မာလွိုင်သည် ဖဲချပ်များကိုချ၍ အမှတ်ရေတွက်နေရာမှ နာနာအား လှမ်းကြည့်ပြီး ချော့ချော့မော့မော့လေသံဖြင့် လှမ်းပြောသည်။

'သွားပါကလေးရယ်... ဒါမှ ကိစ္စတစ်ခု ပြတ်သွားမယ် မဟုတ်လား'

ဖဲများကို ကုလားဖန်ထိုးနေသော မဒမ်လီရက်က ' ကဲကွယ်... မြန်မြန်လုပ်'ဟု တွန်းအားပေးသည်။ 'ဒီကို သမီး လေးနာရီတိတိ ပြန်ရောက်လာရင် အန်တီက လေးနာရီခွဲရထား စီးမယ်'

'မကြာပါဘူး၊ အချိန်မီ ပြန်ရောက်မှာပါ'ဟု နာနာက ပြန်ပြောသည်။

နောက် ၁၀ မိနစ်အတွင်း နာနာသည် ဇိုးအိ၏ အကူအညီဖြင့် အဝတ်လဲသည့်ကိစ္စ ပြီးသွားသည်။ အကယ်၍ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ပြီး မထွက်ရလျှင်လည်း နာနာကတော့ ဂရုစိုက်လိမ့်မည် မဟုတ်။ သူ့အနေဖြင့် အခုသွားမယ့်ကိစ္စတွင် စိတ်ပါလက်ပါ ရှိလှသည်မဟုတ်။

နာနာ အောက်ထပ်သို့ ဆင်းရန် ဟန်ပြင်နေခိုက်တွင် နောက်ထပ်ဘဲလ်နှိပ်သံ ကြားရပြန်သည်။ ယခုတစ်ကြိမ်တွင် ရောက်လာသူမှာ ကျောက်မီးသွေးသည်။ ကိစ္စမရှိ။ သူသည် အငှားမြင်းရထားပိုင်ရှင်အတွက် အဖော်ရနိုင်သည့်လူ။ အဖော်ကလေးနှင့်ဆိုတော့ သူတို့အဖို့ အပျင်းပြေနိုင်စရာရှိသည်။ သို့သော် သူဆင်းသွားသည်ကိုတော့ အမြင်မခံချင်။ နာနာသည် မီးဖိုခန်းထဲမှ ဖြတ်ထွက်ကာ ကုန်သည်ကြီးတက်လေ့ရှိသည့် လှေကား

mgyoe.com

mgyoe.com


အတိုင်း ဆင်းသည်။ နာနာသည် မကြာခဏ ထိုလှေကားမှ ဆင်းသည်။ ဆင်းသည့်အခါတိုင်း သူ့စကပ်ကလနားစတွေကို လက်နှစ်ဖက်ဖြင့် မထား ပါမှ။

'မိခင်ကောင်းတစ်ယောက်ဟာ အရာရာကို ခွင့်လွှတ်ရမှာပဲပေါ့လေ'ဟု မဒမ်မာလွိုင်က မဒမ်လီရက်အား ပြောသည်။ သူတို့သည် ဖဲကို သဲသဲမဲမဲ ဆက်ကစားကြသည်။

စားပွဲပေါ်မှ ပန်းကန်များမှာ အခုချိန်ထိ မရှင်းရသေး။ အခန်းတွင် ဟင်းနံ့များနှင့် စီးကရက်နံ့များသည် ထောင်းထောင်းထလျက် ရှိ၏။ အဘွားကြီးနှစ်ယောက်သည် ဘရန်ဒီနှင့် စိမ်ထားသော သကြားခဲများကို တမြုံ့မြုံ့ ဝါးဆဲ။ တတိယအကြိမ် ဘဲလ်တီးသံပေါ်လာပြီးနောက် အခန်းထဲသို့ ဇိုးအိ ဝင်လာသည့်အခါတွင်မူ အဘွားကြီးများ၏ ဖဲဝိုင်းသည် အနှောင့်အယှက်နှင့် ရင်ဆိုင်ရသည်။

'စဉ်းစားကြလေ၊ နောက်တစ်ခါ ဘဲလ်တီးသံထွက်လာရင် ဘယ်လို လုပ်ကြမလဲ၊ ရှင်တို့ ဒီနေရာမှာ ဆက်ကစားနေလို့ မဖြစ်တော့ဘူး၊ တကယ်လို့ ဧည့်သည်တွေအများကြီးသာ ရောက်လာရင် ဒီတစ်ခန်းလုံးကို သုံးရမှာ'

မဒမ်မာလွိုင်က လက်စမသတ်သေးသည့်ပွဲကို ပြီးသွားသည့်အထိ ဆက် ကစားလိုသည်။ သို့သော် ဇိုးအိ၏ အမူအရာက ဆက်ကစားနေလျှင် ဖဲချပ်များကို ယူပြီး လွှတ်ပစ်မည့်သဘော ရှိသည်။ ထို့ကြောင့် အဘွားကြီး နှစ်ယောက် ဖဲချပ်များကိုယူပြီး နေရာရွှေ့ကြသည်။ ကော့နိညက် ဘရန်ဒီ ပုလင်း ဖန်ခွက်များနှင့် သကြားခဲများကို ထားမပစ်ခဲ့။ သူတို့သည် မီးဖိုခန်း ထဲသို့ စားပွဲ၌ ဆက်ကစားကြသည်။

နောက်တစ်ကြိမ် ဇိုးအိ ရောက်လာသောအခါ နှစ်ဦးစလုံး ဖဲဝိုင်းတွင် ပြန်၍ စိတ်ဝင်စားနေကြသည်ကို တွေ့ရ၏။ မဒမ်လီရက် ဖဲထုပ်ကို ကုလား ဖန်ထိုးနေခိုက် မဒမ်မာလွိုင်က လှမ်းမေးလိုက်သည်။

'ဘယ်သူလဲ ဟဲ့'

mgyoe.com

mgyoe.com

'အို··· ဘယ်သူမှ မဟုတ်ပါဘူး' ဟု ဇိုးအိက ပြန်ပြောသည်။ 'ကောင်ကလေးတစ်ယောက်ပါ၊ ပထမတော့ ကျွန်မ သူ့ကို မောင်းထုတ်တော့မလို့ လုပ်နေတာ၊ ကောင်ကလေးက သဘောကောင်းတဲ့ပုံပဲ၊ မုတ်ဆိတ်မွေးတောင် တစ်ပင်မှ မပေါက်သေးဘူး၊ မျက်လုံးက ပြာလဲ့လဲ့နဲ့၊ မျက်နှာက မိန်းကလေးတစ်ယောက် အတိုင်းပဲ၊ အဲ့ဒါနဲ့ပဲ နောက်ဆုံးကျတော့ သနားတာနဲ့ သူ့ကို စောင့်ခိုင်းထားလိုက်တယ်၊ သူ့လက်ထဲမှာလည်း ပန်းစည်းကြီး တစ်စည်းကိုင်လို့၊ တုတ်ကောင်းကောင်းတစ်ချောင်းနဲ့ ဆော်ချင်တဲ့စိတ်တောင်ပေါက်တယ်၊ ကြည့်ရတော့ မနူးမနပ် ကောလိပ်ကျောင်းသားတစ်ယောက်နဲ့ တူပါတယ်'

သကြားနှင့် ဘရန်ဒီကြောင့် အဆမတန်ရေငတ်နေပြီဖြစ်တဲ့ မဒမ်လီရက်သည် ရေပုလင်းတစ်ပုလင်း သွားယူသည်။ အရက်နှင့် ရောသောက်ရန် ဖြစ်သည်။ မဒမ်မာလ္လိုင်လည်း သူ့အတွက် တစ်ဖန်ခွက် ရောပေးပါဟု ခိုင်းသည်။ သူ့ပါးစပ်သည် သည်းခြေတစ်ခုဝါးနေရသည့်နှယ် မခံမရပ်နိုင်လောက်အောင် ခါးနေသည်ဟု ဆိုသည်။

'အဲ့ဒီတော့ ညည်းက ကောင်ကလေးကို လက်ခံထားတယ် ဆိုပါတော့၊ ဟုတ်လား'ဟု မဒမ်မာလ္လိုင်က စကားပြန်စသည်။

'ဟိုဘက်က အခန်းကျဉ်းလေးထဲမှာ ထိုင်ခိုင်းထားတာပါ၊ အိမ်ထောင်ပရိဘောဂဆိုလို့ ဘာတစ်ခုမှ မရှိတဲ့အခန်းပါ၊ မဒမ်နာနာရဲ့ သေတ္တာကြီးတစ်လုံးနဲ့ စားပွဲတစ်လုံးပဲ ရှိတယ်၊ ကောင်ပေါက်စလေးတွေဆိုရင် အဲဒီအခန်းမှာပဲ ထားနေကျ'

ရေရောထားသည့် အရက်ဖန်ခွက်ထဲသို့ သကြားထည့်နေခိုက် ဘဲလ်သံ ကြားလိုက်သဖြင့် ဇိုးအိက ထိုင်ရာမှခုန်၍ထလိုက်သည်။ 'စိတ်ပျက်စရာပါလား'ဟု ညည်းသည်။ အရက်ကလေး တစ်ဖလားကိုမှ နားအေးပါအေး မသောက်ရ။ သူတို့အနေဖြင့် တစ်ချိန်လုံး ဘဲလ်ခလုတ်ကို နှိပ်သည့်အလုပ်တွင် သာယာနေကြသည်။ မည်သို့ပင်ဖြစ်စေ သူသည် တံခါးဆီသို့ အပြေးအလွှားသွားသည်။ ဇိုးအိ ပြန်လာသည့်အခါ လက်ထဲတွင် ပန်းစည်းကြီးတစ်စည်းသာ ပါလာသည်။

mgyoe.com

'ဘယ်လိုလဲ၊ ပန်းစည်းကြီးကလွဲရင် ဘာမှမပါဘူးပေါ့'ဟု မဒမ်မာလွိုင် ရေရွတ်သည်။

မိန်းမသုံးယောက်တို့သည် ဘရန်ဒီဖန်ခွက်ကိုယ်စီနဲ့ အားသစ်လောင်းနေကြသည်။ နောက်ထပ် ဘဲလ်သံနှစ်သံ ကြားရသည်။ ဖိုးအိသည် စားပွဲပေါ်မှ ပန်းကန်များကိုသိမ်းကာ ပန်းကန်ဆေးသည့် ကြွေခွက်ဆီသို့ ပို့သည်။ ထိုနောက် ဘဲလ်သံနှင့်ဆက်စပ်နေသည့် သတင်းများကို ပေးသည်။

'ပန်းစည်းတွေ လာပို့ကြတာလေ'

ပန်းစည်းတွေရောက်လာစဉ်က အိမ်ရှေ့ခန်း၌ ထိုင်နေကြသော ကြွေးရှင်များ၏ မျက်နှာများ ဖြစ်နေပုံကို ဖိုးအိလုပ်ပြနေသဖြင့် အဘွားကြီးနှစ်ယောက် တဝါးဝါး တဟားဟားနှင့် ပွဲကျလျက် ရှိ၏။ နာနာ ပြန်လာလျှင် သူ့မှန်တင်ခုံပေါ်၌ ပန်းစည်းတွေအပြည့် ရောက်နေသည်ကို တွေ့ရပေတော့မည်။ ပန်းများမှာ ဈေးကြီးသောပန်းများ ဖြစ်၏။ ငွေအများအပြားကို အလဟဿ ဖြုန်းတီးပစ်နေကြခြင်းပေတည်း။

'ငါတော့… အေ၊ မိန်းမတွေအတွက် ပါရီမြို့ပေါ်က ယောကျ်ားတွေ ဖြုန်းတီးပစ်နေတဲ့ ပန်းဖိုးလောက်သာ ဝင်ငွေရရင် ကျေနပ်ပါပြီ'ဟု မဒမ်မာလွိုင်က ပြောသည်။

'ကျွန်မလည်း အဲသလိုပဲ ထင်တယ်'ဟု မဒမ်လီရက် ပြောသည်။

'ရှင်က ရောင့်ရဲလွယ်သားပဲ'

လေးနာရီထိုးဖို့ ဆယ်မိနစ်ခန့်သာ လိုတော့သည်။ ခါတိုင်းဆို နာနာ ဤမျှလောက် မကြာတတ်။ ယခုတော့ ဘာကြောင့် နောက်ကျနေပါလိမ့်ဟု တွေးကာ ဖိုးအိ စိတ်ပူလျက်ရှိသည်။ မဒမ်မာလွိုင်က ဘာလုပ်လုပ် ကိုယ်ဖြစ်ချင်သလို မဖြစ်တတ်ဟု ပြောသည်။ လူ့ဘဝတွင် အနှောင့်အယှက် အခက်အခဲများ ရှိစမြဲဖြစ်သည်ဟု မဒမ်လီရက်ကပါ ဝင်ပြောသည်။ သူ့တူမ နောက်ကျခြင်းသည် အလုပ်ကိစ္စမပြီးပြတ်သေး၍ကော မဖြစ်နိုင်ဘူးလားဟု မေးခွန်းထုတ်သည်။

ဘဲလ်သံ ကြားရပြန်၏။ ကသောကမျော ထွက်သွားပြီး ပြန်လာသော် ဖိုးအိမျက်နှာသည် နီရဲလျက် ရှိသည်။ 'ဖက်တီးစတိုင်းနား ရှင့်၊

mgyoe.com

mgyoe.com


တခြားလူ မဟုတ်ဘူး’ဟု ဗိုးအိက တံခါးဝမှရပ်ကာ လေသံတိုးတိုးဖြင့် လှမ်းပြောသည်။ ‘ကျွန်မ သူ့ကို ဧည့်ခန်းကျဉ်းကျဉ်းလေးထဲမှာ နေရာပေး ထားခဲ့တယ်’

ထိုအခါ မဒမ်မာလွိုင်က ဤကဲ့သို့ လူစားမျိုးအကြောင်းမသိသော မဒမ်လီရက်အား ဘဏ်သူဌေး စတိုင်းနားအကြောင်း ဖောက်သည်ချသည်။ စတိုင်းနားသည် သူ့အဆက် ရို့စ်မီနွန်အား ခွာဖို့ စိတ်ကူးနေပြီလားဟု မေးသည်။ ဗိုးအိက ခေါင်းခါသည်။ သူသိထားသမျှဆိုလျှင် ထိုကဲ့သို့ ဖြစ်လာနိုင်မည်မဟုတ်ဟု ဆိုသည်။ နောက်တစ်ကြိမ် ဘဲလ်တီးသံ ကြားရ ပြန်သဖြင့် ဗိုးအိသည် အိမ်ရှေ့တံခါးဆီကို ပြေးရပြန်၏။

‘ကပ်စေးနှဲကြီးရှင့်၊ သိလား’ ဗိုးအိက အခန်းထဲရောက်လျှင် ရောက် ချင်း မကျေနပ်သောလေသံဖြင့် ရေရွတ်သည်။ ‘ငမည်းကောင်ကြီးပေါ့၊ မဒမ်နာနာ အပြင်သွားပါတယ် ပြောလို့လည်းမရဘူး၊ အတင်းအဓမ္မ အခန်း ထဲဝင်ပြီး ထိုင်စောင့်နေတယ်၊ ဒီငနာကြီးက ဒီညနေအထိ ဒီကိုလာစရာ အကြောင်းမရှိဘဲနဲ့ ရောက်လာတာ’

လေးနာရီထိုးပြီး ဆယ့်ငါးမိနစ်ပင် ရှိသွားခဲ့ပေပြီ။ ယခုအချိန်ထိ နာနာ ပြန်ရောက်မလာသေး။ သူ ဘာတွေများ လုပ်နေလို့ပါလိမ့်။ စဉ်းစား ရခက်လာသည်။ ပန်းစည်းကြီးနှစ်စည်း ထပ်ရောက်လာပြန်သည်။ ဗိုးအိက တော့ ဘာကိုမှ စိတ်မဝင်စား။ နာနာ့အတွက်သာ စိတ်ပူနေသည်။ အဘွား ကြီးများတွင် ကော်ဖီလက်ကျန် ရှိသေးလားဟု သွား၍ကြည့်သည်။ ဖဲကို မနားတမ်း ကစားနေရသဖြင့် မေ့သွားကြဟန်တူသည်။ နှစ်ယောက်စလုံး ကုလားထိုင်များကို မှီ၍ အိပ်ပျော်နေကြသည်။ လေးနာရီခွဲသံ ကြားရသည်။ အခုပုံဆိုလျှင် မဒမ်နာနာ တစ်ခုခုတော့ ဖြစ်ပြီထင်၏။ ဗိုးအိသည် အဘွား ကြီးနှစ်ယောက်နှင့် ခေါင်းချင်းရိုက်သည်။

ဗိုးအိသည် သူ့အတွေးနှင့်သူ ငြိမ်နေသည်။ မဒမ်မာလွိုင်က အမှတ် တမဲ့နှင့် ကျယ်လောင်စွာ ထအော်သည်။ ‘ငါ… ငါးရာရပြီဟေ့’

‘ဘာလို့ အော်ရတာလဲ၊ ငြိမ်ငြိမ်နေ’ဟု ဗိုးအိက ဒေါသတကြီး ဟန့်သည်။ ‘ဒီအသံကြားရင် အပြင်ကဧည့်သည်တွေက ဘယ်လို ထင်ကြ မလဲ’

mgyoe.com

mgyoe.com


အခန်းထဲတွင် ငြိမ်ဆိတ်လျက် ရှိသည်။ အဘွားကြီးနှစ်ယောက် သည် ခပ်တိုးတိုးနှစ်ကိုယ်ကြား ကျိတ်၍ ငြင်းခုံနေကြသည်။ နောက်ဖေးလှေ ကားမှ သုတ်သီးသုတ်ပျာ တက်လာနေသော ခြေသံ။ နာနာ ပြန်ရောက်လာ ခြင်းပေတည်း။ မောကြီးပန်းကြီးဖြစ်နေသည့် နာနာ၏အသံကို တံခါးမဖွင့် မီကတည်းက ကြားနေရ၏။ အထဲဝင်လာသည့်အခါ နာနာ၏ အမူအရာ သည် ခက်ထန်မာကျောလျက်ရှိသည်။ တစ်မျက်နှာလုံး နီရဲလျက်ရှိသည်။ သူ့စကပ်အနားစလေးများသည် စုတ်ပြတ်ကာ ညစ်ပေလျက်ရှိသည်။ လှေ ကား အတက်တွင် ပထမထပ်မှ အိမ်စေသွန်ချထားသော အညစ်အကြေးများ နှင့် တွေ့လာဟန်တူသည်။

'တော်ပါသေးရဲ့ ညည်းရောက်လာပြီ၊ အခုလိုဆိုတော့လည်း မဆိုး ပါဘူး' ဟု မဒမ်လီရက်က ဆီး၍ပြောသည်။ 'ညည်းကို လူတွေက အခုလိုသာ အကြာကြီး စောင့်စောင့်နေရရင် ဘယ်လာကောင်းတော့မှာလဲ အေ'

'မဒမ်နာနာဟာ အကြောင်းမရှိဘဲနဲ့ ဘယ်တော့မှ အခုလိုမဖြစ်ပါဘူး' ဟု ဇိုးအိက ဝင်ပြောသည်။

ကြုံခဲ့ရသည့်အဖြစ်ကြောင့် စိတ်ရှုပ်လာသော နာနာသည် သူ့အပေါ် ၏ ပြစ်တင်ပြောဆိုသံကို ကြားလိုက်ရသည့် အခါ ဒေါပွသွားသည်။ 'ဘာတွေပြောနေတာလဲ၊ ပါးစပ်ပိတ်ထားစမ်း'ဟု ဒေါသတကြီး ထအော် သည်။

'တိုးတိုးပြောပါ မဒမ်၊ ဧည့်သည်တွေစောင့်နေကြတယ်' ဟု ဇိုးအိက ဟန့်သည်။

ထိုအခါ နာနာက အသံတိုးလိုက်သည်။ 'ကျွန်မ သိပ်ပျော်ပြီး ပြန်လာတာလို့၊ ရှင်တို့ထင်နေလား၊ ဒီဘဝက ဘယ်တော့မှ လွတ်မလဲ မသိဘူး၊ ရှင်တို့ ကျွန်မလိုဘဝမျိုး ရောက်စေချင်တယ်၊ ကျွန်မ ရင်ထဲမှာ မီးတောက်နေသလို ခံစားနေရတာ ရှင်တို့သိကြရဲ့လား၊ ကျွန်မ ဒီကိုပြန်လာဖို့ မြင်းရထား မရဘူး၊ နေရာက ဒီနဲ့သိပ်မဝေးလို့ တော်သေးတာပေါ့၊ ကျွန်မ ဘယ်လိုလာခဲ့ရတယ် ထင်လဲ၊ ကျွန်မ ပြေးလာရတာ'

mgyoe.com

mgyoe.com


'ပိုက်ဆံကော ရခဲ့ရဲ့လား အေ'ဟု သူ့အဒေါ်က မေးလိုက်သည်။

'ဩော်... အန်တီရယ် ဘယ်လိုမေးလိုက်တာလဲ' နာနာက ပြန်ပြော သည်။

နာနာသည် မီးဖိုဘေးနားမှ ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင် နေသည်။ ပြေးလာရသဖြင့် အားအင်ကုန်ခမ်းနေသော နာနာ၏ခြေထောက် များသည် တုန်ယင်လျက်ရှိသည်။ သူသည် အမောပင်မပြေတော့ဘဲ အတွင်း ခံ အင်္ကျီအောက်မှ စာအိတ်တစ်လုံးကို လက်တစ်ဖက်ဖြင့်နှိုက်ပြီး ဆွဲထုတ် လိုက်သည်။ ဖရန့်ငွေ တစ်ရာတန်လေးရွက် ထည့်ထားသည့်စာအိတ် ဖြစ်၏။ ငွေစက္ကူများကို အပြင်မှပင် မြင်နေသည်။ အမျိုးသမီး သုံးယောက်သည် စာအိတ်ကို ဝိုင်းကြည့်နေကြသည်။ နာနာ၏ လက်အိတ်စွပ်ထားသော လက် ထဲမှစာအိတ်သည် ညစ်ပတ်ကြေမွနေသည်။ အချိန်က များစွာ နောက်ကျ သွားပြီဖြစ်သဖြင့် မဒမ်လီရက်သည် ရမ်ဘိုလက်သို့ သွားနိုင်တော့မည် မဟုတ်။ နောက်နေ့မနက်မှသာ သွားနိုင်ပေတော့မည်။

'မဒမ်...၊ မဒမ်နဲ့တွေ့ဖို့ ဧည့်သည်တွေ စောင့်နေပါတယ်'ဟု ဇိုးအိ က သတိပေးသည်။

နာနာသည် နောက်တစ်ကြိမ် ဒေါ်ထလာပြန်သည်။ ကြာချင်သ လောက် ကြာပါစေ။ သူတို့ စောင့်နိုင်သည်။ သူ အလုပ်ပါးသွားသည့် အခါကျမှ တွေ့နိုင်မည်ဟု ပြောသည်။ သူ့အဒေါ်က နာနာ့လက်ထဲမှ ငွေစက္ကူများကိုယူရန် လက်ကမ်းသည်။

'အိုး... အကုန်လုံးယူသွားလို့ ဘယ်ဖြစ်မလဲ'ဟု နာနာက ပြော သည်။ 'ကလေးထိန်းအတွက် သုံးရာနဲ့ အန်တီအတွက် ခရီးစရိတ် ငါးဆယ် ဆိုတော့ အားလုံး သုံးရာ့ငါးဆယ်ပေါ့၊ ကျွန်မအတွက် ဖရန့် ငါးဆယ်တော့ ချန်ထားဦးမှဖြစ်မှာ'

အကြီးမားဆုံးသော အခက်အခဲကြီးတစ်ခုမှာ တစ်ရာတန်လဲရမည့် ကိစ္စ ဖြစ်၏။ အိမ်တွင် ဖရန့်ငွေ တစ်ပြားတစ်ချပ်မှရှိသည်မဟုတ်။ မဒမ် မာလွိုင်အဖို့ကတော့ ဘတ်စ်ကားခအတွက် အကြွေ တစ်ပြားစ နှစ်ပြားစ ရလျှင် လုံလောက်သည်ဖြစ်ရာ ငွေတစ်ရာလဲရေးကိစ္စတွင် စိတ်ဝင်စားခြင်း

mgyoe.com

mgyoe.com


မရှိ။ နောက်ဆုံး ဖိုးအိက သံသေတ္တာကြီးထဲ၌ ရှိလိုရှိငြား ရှာကြည့်မည်ဟု ပြောကာ အခန်းထဲမှ ထွက်သွားသည်။ ထိုနောက် ဖရန့်ငွေ ငါးကျပ်တန်များ ကိုင်၍ ပြန်ဝင်လာသည်။ သူတို့သည် ငွေစက္ကူများကို စားပွဲပေါ်တင်၍ ရေတွက်ပြီး ပေးကြယူကြသည်။ အဒေါ်ဖြစ်သူ မဒမ်လီရက်က မနက်ဖြန်မနက်တွင် လူးဝစ်အားခေါ်ပြီး ပြန်လာခဲ့မည်ဟု ကတိပေးကာ ပြန်သွားလေသည်။

'ရှင်ပြောတော့ ဧည့်သည်တွေ ရောက်နေတယ်ဆို'

အခုထိ ကုလားထိုင်၌ထိုင်ကာ အမောဖြေနေသော နာနာက မေးသည်။

'ဟုတ်တယ် မဒမ်၊ ဧည့်သည် သုံးယောက်ပါ'

ဖိုးအိက ဘဏ်သူဌေး၏နာမည်ကို အလျှင်မြန်ဆုံး ပြောသည်။ နာနာ၏မျက်နှာသည် သုန်မှုန်လျက် ရှိ၏။ မနေ့က ဇာတ်စင်ပေါ်သို့ ပန်းစည်းတစ်စည်း ပစ်တင်ပြီး အသိအမှတ်ပြုရုံမျှဖြင့် မိမိက သူ့အကပ်ကိုခံရမှာလားဟု ဆိုသည်။

'နောက်ပြီးတော့လည်း ကျွန်မ ဒါမျိုးကို အခုလောလောဆယ်ဆယ်လုံးဝ စိတ်ကုန်နေပြီ၊ ကျွန်မ သူ့ကို အတွေ့မခံနိုင်ဘူး၊ အခုတော့ ကျွန်မကို မမျှော်လင့်နဲ့တော့လို့ သွားပြောလိုက်'

'မဒမ်အနေဖြင့် ပြန်စဉ်းစားလိမ့်ဦးမယ်လို့ ကျွန်မထင်တယ်'ဟု ဖိုးအိကပြောသည်။ သူ့သခင်မ အဆုံးအဖြတ် လွဲမှားသွားမည်ကို စိုးရိမ်နေပုံရ၏။

ထိုနောက် အိပ်ခန်းထဲမှာ စောင့်နေသည့် ကပ်စေးနှဲကြီး အကြောင်းပြောသည်။ နာနာသည် ပို၍ဒေါသကြီးလာ၏။ ပို၍လည်း ခေါင်းမာလာသည်။ ဘယ်သူ့ကိုမှ သူ လက်မခံ။ ဘယ်သူ့ကိုမှ သူ မတွေ့နိုင်။

'အကုန်လုံးကို မောင်းထုတ်လိုက်၊ ကျွန်မ မဒမ်မာလွိုင်နှင့် ဖဲကစားချင်တယ်၊ ဒါပဲ'

ဘဲလ်တီးသံ ထွက်ပေါ်လာသည်။ လာပြန်ပြီ နောက်ထပ်တစ်ကောင်။ နာနာက ဖိုးအိအား မသွားနဲ့ဟု တားသည်။ ဖိုးအိက မကြား။

mgyoe.com

mgyoe.com


မီးဖိုခန်းထဲမှ သုတ်သီးသုတ်ပျာ ထွက်သွားသည်။ သူပြန်သည့်အခါ ဂုဏ်ယူဝင့်ကြွားသော မျက်နှာထားဖြင့် လိပ်စာကတ်ပြားနှစ်ခုကို လှမ်းပေးသည်။

'မဒမ်က လက်ခံပြီး တွေ့ပါလိမ့်မယ်လို့ သူတို့ကို ကျွန်မ ပြောခဲ့ပါတယ်၊ သူတို့ ဧည့်ခန်းထဲက စောင့်နေကြပါလိမ့်မယ်'

နာနာသည် ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်လျက်ပင် ရှိသေးသည်။ သို့သော်လည်း လိပ်စာကတ်ပြားပေါ်မှ 'မြို့စားမာကေဒီချူးအတ်'နှင့် မြို့စာမူဖေးဒီဘူဗီးလ်' ဟူသော နာမည်များကို မြင်လိုက်သောအခါ ဒေါသသည် ပြန်၍ အရှိန်ကျသွားသည်။ သူသည် တစ်ခဏမျှငြိမ်၍ ရပ်နေသည်။

'ဒီလူတွေ ဘယ်လိုလူစားတွေလဲ'ဟု ဇိုးအိက မေးသည်။ 'ရှင် သူတို့ကို သိသလား'

'အဘိုးကြီးကိုတော့ ကျွန်မ သိတယ်'ဟု ဇိုးအိက ဖြေသည်။

နာနာက ပြီးတော့ကောဟု မေးနေသည့် မျက်နှာထားဖြင့် ကြည့်နေသဖြင့် ဇိုးအိက ထပ်ပြောသည်။

'ကျွန်မ သူနဲ့ တစ်နေရာမှာ တွေ့ဖူးခဲ့တယ်'

ဤစကားကိုကြားသည်နှင့် တစ်ပြိုင်နက် နာနာသည် သူ့စိတ် သူ ပိုင်းဖြတ်၍ ရသွားဟန်တူ၏။ သူသည် စိတ်ထိခိုက်နေသည့် အသွင်ဖြင့် မီးဖိုခန်းထဲမှ ထွက်သွားသည်။ အမှန်တော့ မီးဖိုခန်းသည် လွတ်လပ်စွာ နေနိုင်ပြောနိုင်သည့်နေရာဖြစ်သဖြင့် သူ့အတွက် ကိုယ့်စိတ်နှစ်ပါး လွတ်လပ်သည့် နေရာတစ်နေရာ မဟုတ်ပါလား။ အခုတော့ သူသည် သူနေချင်သော နေရာကို ကျောခိုင်း၍ ထွက်သွားခဲ့ရပြန်သည်။ မဒမ်မာလွိုင်သည် တစ်ယောက်တည်း ဖဲကစားလျက် ကျန်ရစ်ခဲ့သည်။ သူသည် အခုအချိန်ထိ ဦးထုပ်ကိုမချွတ်။ ဦးထုပ်မေးသိုင်းကြိုး ဖဲစများကိုမူ ဖြုတ်ထားသည်။ ဖဲစများသည် သူ့ပခုံးအပေါ်တွင် ဝဲပျံ့လျက်ရှိသည်။

* * *

အဝတ်လဲခန်းအတွင်း၌ထိုင်နေသော နာနာအား ဇိုးအိက အမြန်ဆုံး အဝတ်လဲနိုင်အောင် လျင်မြန်စွာ ကူညီလုပ်ကိုင်ပေးလျက် ရှိသည်။ နာနာက စိတ်ရှုပ်သည့်အတွက် ကလဲ့စားချေသည့် အနေဖြင့် ယောက်ျားများအား

mgyoe.com

mgyoe.com
ပျစ်ပျစ်နှစ်နှစ် ဆဲရေးတိုင်းထွာကာ ပယ်ပယ်နယ်နယ် ကျိန်ဆဲလျက် ရှိ၏။ သူ့သခင်မ ပါးစပ်မှ ရွန့်ရင်းကြမ်းတမ်းသော စကားလုံးများ ကြားနေရသဖြင့် ဖိုးအိမှာ စိတ်မချမ်းမသာဖြစ်ရ၏။ တကယ်တော့ သူ့သခင်မသည် ယခုမှ စတင်၍ ရင်ဆိုင်နေရသည့် ဘဝသစ်၏ဒဏ်ကို ကြံ့ကြံ့မခံနိုင်သေး၍ အခုလို ဖြစ်နေရခြင်းပေတည်း။ ဤအဖြစ်မျိုးကို မြင်တွေ့ရသည်မှာ စိတ်ထိခိုက်စရာ ကောင်းလှချေသည်။ ထို့ကြောင့်လည်း သူသည် သူ့သခင်မအား စိတ်ကို လျှော့၍ အေးအေးဆေးဆေးထားရန် တောင်းပန်သည်။

'ဟင်း၊ ယောက်ျားဆိုတဲ့ကောင်တွေဟာ အင်မတန်ကို ယုတ်မာ စုတ်ပဲ့တဲ့ ခွေးတွေနဲ့အတူတူပဲ'ဟု နာနာက ပြန်ပြောသည်။

မည်သို့ပင် ဖြစ်စေ အဝတ်လဲပြီး၍ ဧည့်ခန်းဆီသို့သွားရန် အဆင်သင့် ဖြစ်နေချိန်တွင် နာနာသည် လှပခံ့ညားကာ ချို့မြသောအပြုံးဖြင့် ထည်ဝါ လျက်ရှိ၏။ ဖိုးအိက သူ့သခင်မအား ဧည့်ခန်းထဲသို့ မသွားရန် တားသည်။ သူတစ်ဦးတည်း ဧည့်ခန်းဆီသို့သွားကာ မြို့စားချုပ်အတ်နှင့် မြို့စားမှူဖေး တို့အား အဝတ်လဲခန်းအတွင်းသို့ ခေါ်လာသည်။ သူ့အစီအစဉ်သည် အကောင်းဆုံးဟု ဖိုးအိက ယူဆသည်။

'လူကြီးမင်းများရှင့်'ဟု နာနာက တမင်လုပ်ယူထားသည့် ယဉ်ကျေး ဖွယ်ရာမှုဖြင့် စကားစသည်။ 'ကျွန်မနဲ့တွေ့ဖို့ အခုလို စောင့်နေရတဲ့အတွက် ဝမ်းနည်းပါတယ်'

အမျိုးသားနှစ်ဦးက ဦးညွှတ်၍ နှုတ်ဆက်ပြီး ဝင်ထိုင်လိုက်ကြသည်။ ပန်းပွင့်များဖြင့် တန်ဆာဆင်ထားသော ဇာခန်းဆီး ရှိနေသဖြင့် အခန်းထဲရှိ အလင်းရောင်သည် မှုန်ဝါးဝါး။ တကယ်တော့ ဤအခန်းသည် ဤအထပ် တွင် အကောင်းဆုံးအခန်းဖြစ်သည်။ အိမ်ထောင်ပရိဘောဂ ပစ္စည်းများဖြင့် သပ်ရပ်ခံ့ညားသောအခန်း ဖြစ်၏။ ကျောက်သားအလှပြင်စားပွဲ၊ ကိုယ်လုံး ပေါ်မှန်၊ နားနေလဲလျောင်းရာ ဆိုဖာနှင့် ကတ္တီပါစွပ် လက်တင်ကုလားထိုင် များ။ ပြီးတော့ အလှပြင်စားပွဲပေါ်က ပန်းစည်းကြီးများ။ ပန်းမျိုးစုံရနံ့များ သည် အခန်းထဲတွင် သင်းပျံ့လျက်ရှိသည်။ တစ်ခါတစ်ရံတွင် လက်ဆေး ကြွေဇလုံဆီမှ မကောင်းသော အနံ့အသက်များ ဝင်လာလျက်ရှိသည်။
mgyoe.com

mgyoe.com


နာနာသည် အလှပြင်ခိုက် ဝတ်ထားသည့် အင်္ကျီကြီးကို သူ့ကိုယ်တွင် တင်းကျပ်သွားအောင် ပြင်၍ပတ်လိုက်ပြီး ကြည်လင်ဆန်းလန်းသည့် အပြုံးဖြင့် ဧည့်သည်များအား ကြည့်သည်။

'မဒမ် ခင်ဗျား…'ဟု မြို့စားမှူးဖေးက စကားစသည်။ 'ကျွန်တော်တို့ အခုလို ဖွဲကောင်းကောင်းနဲ့ ဇွတ်အတင်းစောင့်ပြီး တွေ့တာကို ခွင့်လွှတ်ပါ၊ ဟောဒီက မွန်စီယာနဲ့ကျွန်တော်တို့ဟာ ခရိုင်နယ်မြေ လူမှုရေးအဖွဲ့က အဖွဲ့ဝင်တွေပါ'

မြို့စားကြီး ချူးအတ်ကလည်း အလွန်တည်ငြိမ်ပြီး သိက္ခာရှိသော မျက်နှာထားဖြင့် ဝင်ထောက်သည်။

'ဒီအိမ်မှာ အလွန် ထင်ရှားကျော်ကြားတဲ့ နာမည်ကြီးမင်းသမီး တစ်ယောက် နေတယ်ဆိုတာ သိရလို့ ကျွန်တော်တို့ စောင့်ရှောက်ပေးနေရတဲ့ ဆင်းရဲသားများအတွက် အကူအညီတောင်းခံဖို့ ရောက်လာကြတာပါ၊ အရည်အသွေးပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေဟာ ကြင်နာတဲ့နှလုံးသား ရှိတတ်ကြပါတယ်'

နာနာက ဣန္ဒြေသိက္ခာကို ထိန်း၍ အခြေအနေမပျက် နေထိုင်လျက်ရှိသည်။ မြို့စားများ၏စကားကို ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်သည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် သူ့စိတ်သည် တွေးသင့်သည်များကို လျင်မြန်စွာ တွေးလျက်ရှိသည်။ လူရွယ်အား အဘိုးကြီးက ခေါ်လာခြင်း ဖြစ်ရမည်။ အဘိုးကြီး၏ မျက်လုံးများတွင် ယုတ်မာသည့် အရိပ်အငွေ့များ ရှိနေသည်။ ကျန်သည့် လူရွယ်များမှာလည်း ယုံကြည်စိတ်ချသင့်သည့် လူမဟုတ်။ ထူးထူးဆန်းဆန်း သူ့နားထင်ကြောများသည် ထောင်နေကြသည်။ အမှန်တော့ ထိုလူရွယ်သည် အစက တစ်ယောက်တည်း လာခြင်းဖြစ်ဖို့ ရှိသည်။ အခုပြောသည့် စကားများမှာ လိမ်ညာ၍ ပြောနေခြင်းသာ ဖြစ်ရမည်။ တိုက်စောင့်က သူတို့အား မိမိနာမည်ကို ပြောလိုက်သဖြင့် အခုလို လာရောက်အလှူခံခြင်း ဖြစ်ပါသည်ဟူသော စကားမှာ လုပ်ကြံပြောသောစကား ဖြစ်ရမည်။

'မှန်ပါတယ် ရှင်၊ လူကြီးမင်းတို့လာတာကောင်းပါတယ်'ဟု နာနာက အလိုက်သင့်ပြောသည်။

mgyoe.com

mgyoe.com


ရုတ်တရက် စူးရှစွာမြည်လိုက်သော ဘဲလ်သံကြောင့် နာနာသည် လန့်သွားသည်။ နောက်ထပ် ဧည့်သည်တစ်ယောက် ရောက်လာပြန်ပြီ။ ဧည့်သည်အား တွေ့ဆုံမေးမြန်းရန် ဇိုးအိခမြာ တံခါးဆီကို ပြေးရပြန်ပြီ။ ခက်လှပါဘိခြင်း။ သူသည် ဧည့်သည်များဘက်လှည့်၍ စကားဆက်ပြောသည်။

'ဘယ်သူမဆို ပေးကမ်းစွန့်ကြဲနိုင်ရင် စိတ်ချမ်းသာတာပါပဲ ရှင်'

နာနာ၏ စိတ်ထဲတွင် သွေးနားထင်ရောက်လျက် ရှိသည်။

'မှန်ပါတယ် မဒမ်'ဟု မြို့စားအဘိုးအိုက ပြန်ပြောသည်။ 'မဒမ်အနေနဲ့ သူတို့ရဲ့ ဆင်းရဲဒုက္ခတွေသာသိရင် ပိုပြီးစိတ်မကောင်းဖြစ်မှာ သေချာပါတယ်၊ ကျွန်တော်တို့ နယ်မြေထဲမှာ ဆင်းရဲသားပေါင်း သုံးထောင်ကျော်ရှိပါတယ်၊ ချမ်းသာကြွယ်ဝတဲ့ နယ်တစ်နယ်ဖြစ်ပေမယ့် အစာငတ်ပြတ်နေတဲ့ ကလေးသူငယ်တွေ၊ နာဖျားမကျန်းဖြစ်နေတဲ့ အမျိုးသမီးတွေ အများကြီးရှိနေပါတယ်၊ သူတို့မှာ ကူညီစောင့်ရှောက်မယ့်သူလည်း မရှိဘူး'

'ဆင်းရဲနေတဲ့သူတွေဟာ သိပ်ကို သနားစရာကောင်းတာပဲနော်' နာနာက တကယ်စိတ်ထိခိုက်စွာဖြင့် ပြောသည်။

တကယ်တမ်း စိတ်ထိခိုက်ခြင်းမျိုးဖြစ်၍ နာနာ၏လှပသော မျက်လုံးအစုံတွင် မျက်ရည်စများဖြင့် ပြည့်လာသည်။ ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ခံစားမှုကြောင့် နာနာသည် သူ့ကိုယ်သူ သတိမထားမိ။ ကိုယ်ကို ရှေ့သို့ အမှတ်မထင် ကုန်းမိလိုက်သည်။ ထိုအခါ အင်္ကျီပွကြီးအတွင်းမှ လည်တိုင်ဝါဝါဝင်းကို လှစ်ပြလိုက်သလို ဖြစ်သွားသည်။ မြို့စားအဘိုးအို၏ ဖြူရော်ဖျော့တော့သော ပါးနှစ်ဖက်သည် သွေးရောင်လျှမ်းလာသည်။ စကားဝင်ပြောရန် ဟန်ပြင်လျက်ရှိသော မြို့စားမူဖေးသည် မျက်လွှာများကို ချထားလိုက်သည်။ အခန်းထဲရှိ အပူချိန်မှာ ပြင်းလွန်းလှချေသည်။ ညိုးရော်စပြုနေပြီဖြစ်သော နှင်းဆီပန်းမှ အနံ့သည် ပြင်းလွန်းလှချေသည်။

'ဒီလို အဖြစ်မျိုးတွေနဲ့ကြုံတဲ့အခါမှာ ဘယ်သူမဆို ချမ်းသာချင်ကြမှာပဲ'ဟု နာနာက ထပ်ပြောသည်။ 'ဒါပေမဲ့ လူတွေဟာ ကိုယ်တတ်နိုင်သမျှပဲ လုပ်ကြရပါတယ်၊ ကျွန်မ ပြောတဲ့စကားကို ယုံပါရှင်၊ တကယ်

mgyoe.com

mgyoe.com


လို့သာ ဒီကိစ္စကို ကျွန်မ စောစောစီးစီး ကြိုပြီးသိထားလို့ကတော့…'

နှလုံးသားတွင် နူးညံ့သိမ်မွေ့မှုက ဝင်နေသဖြင့် နာနာသည် အမှန်အတိုင်း ပြောလုနီးနီး ဖြစ်သွားသည်။ သို့သော်လည်း သူ့ကိုယ်သူ အချိန်မီထိန်းထားလိုက်နိုင်သဖြင့် မပြောဖြစ်တော့။ တစ်ခဏမျှတော့ သူ့စိတ်သည် နောက်ကျိရှုပ်ထွေးလျက်ရှိ၏။ ဖရန့်ငွေ ငါးဆယ်ကို သူ ဘယ်နေရာမှာ ထားလိုက်မိပါလိမ့်။

သို့သော်လည်း ချက်ချင်းပင် သတိရလာသည်။ အလှပြင်စားပွဲထောင့်ရှိ ခရင်မ်ဘူးအောက်၌ ထိုးထားခဲ့သည် မဟုတ်ပါလား။ သူ မတ်တတ်ထရပ်လိုက်ချိန်တွင် ဘဲလ်သံ ကြားရပြန်သည်။ လာပြန်ပါကောလား နောက်တစ်ယောက်။ ဘယ်တော့မှ ဆုံးတော့မယ်မထင်။ တစ်ယောက်ပြီး တစ်ယောက် လာနေကြလိမ့်မည်ထင်၏။ မြို့စားနှစ်ယောက်ကလည်း မတ်တတ်ထရပ်လိုက်သည်။ အဘိုးအိုသည် သူ့လည်ပင်းကို တံခါးဘက်သို့ ခပ်စောင်းစောင်း လှည့်ကာ နားစွင့်လျက် ရှိသည်။ ဤဘဲလ်သံများ၏ အဓိပ္ပာယ်ကို သူ နားလည်နေပုံရ၏။ မူဖေးက အဘိုးအိုအား လှည့်ကြည့်သည်။ မျက်လုံးအကြည့်ချင်း ဆိုင်မိကြသည့်အခါ နှစ်ဦးစလုံး ပြိုင်တူ မျက်နှာလွှဲလိုက်ကြသည်။ နှစ်ဦးစလုံး စိတ်ရှုပ်နေဟန်ရှိ၏။ တစ်ဦးမှာ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်ရောင့်ရောင့်။ ထူထဲမည်းနက်သော ဆံပင်များနှင့်ဖြစ်၍ အခြားသော တစ်ယောက်မှာ ပိန်ပိန်ပါးပါး။ ဖြူဖွေးသော ဆံပင်များမှာ ကျိုးတိုးကျဲတဲ…။

နာနာက ဖန်ငွေဒင်္ဂါးပြား ငါးဆယ်ကို လှမ်းပေးသည်။ ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည့် မျက်နှာထားနှင့် ဖြစ်သည်။ 'ဒီဟာလေးတော့ ယူသွားကြပါဦး၊ ဒီဟာက ဆင်းရဲသားတွေအတွက်'

နာနာ၏ မေးစေ့သည် ချစ်စရာအလွန်ကောင်းသည့် အချိုင့်ကလေးတစ်ခု အထင်းသား ပေါ်လျက်ရှိသည်။ ဟန်ဆောင်မှု ကင်းသောအကြည့်၊ ဖြူစင်သောအပြုံးနှင့် ဖြစ်၏။ ငွေဒင်္ဂါးပြားများကို လက်ဖဝါးပေါ်၌တင်၍ လက်ကိုဆန့်ပေးထားသည်။ 'လာလေ၊ ဘယ်သူယူမှာလဲ'ဟု ပါးစပ်ကမမေးသော်လည်း မေးနေသည့်နှယ် ရှိသည်။

mgyoe.com

mgyoe.com


မြို့စားမှုဖေးသည် လက်မြန်သူ ဖြစ်သည်။ သူသည် နာနာ၏ လက်ဖဝါးပေါ်မှ ဒင်္ဂါးပြား ငါးဆယ်ကို လှမ်းယူသည်။ ကပ်ကပ်သပ်သပ် တစ်ပြားကျန်ခဲ့သည်။ ထိုတစ်ပြားကို ထပ်၍အယူတွင် နာနာ၏ ပျော့ပျောင်း နူးညံ့သောလက်ဖဝါးကို ထိလိုက်ရသဖြင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား ရသည်။ နာနာက အရယ်အပြုံးမပျက်။

'လူကြီးမင်းများ ရှင့်'ဟု နာနာက ဆက်ပြောသည်။ 'နောက်တစ်ကြိမ် လာရင် ဒီထက်များများ လှူနိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်'

အမျိုးသားနှစ်ယောက်အနေဖြင့် ဆင်ခြေပြစရာအကြောင်း မရှိတော့ ပေ။ သူတို့သည် ဦးညွှတ်၍နှုတ်ဆက်ကာ တံခါးဆီကို လျှောက်သွားကြ သည်။ သို့သော်လည်း အခန်းထဲမှ ထွက်တော့မည့်ဆဲဆဲတွင် ဘဲလ်တီးသံ ထပ်၍ ကြားရပြန်သည်။

မြို့စားအဘိုးအိုသည် အောင့်အည်း ချုပ်တီး၍မရသဖြင့် ပြုံးသည်။ မြို့စားမှုဖေး၏ မျက်နှာကတော့ မှုန်မှိုင်းလျက် ရှိသည်။ နာနာက နောက် ရောက်လာသည့် ဧည့်သည်အား ဇိုးအိ လွတ်လွတ်လပ်လပ် နေရာချထားပေး နိုင်ရန်အတွက် မှုဖေးတို့အား ခဏမျှတားထားသည်။ နာနာသည် သူထံလာ သည့် ဧည့်သည်များအား မျက်နှာချင်းဆိုင် ဆုံမိကြသည်ကို မလိုလား။ ဘဲလ်တီးသံများ မကြာခဏ ကြားနေရသည်ကို ထောက်လျှင် သူ့အိမ်ထဲ၌ ဧည့်သည်တွေ ပြည့်နေလိမ့်မည်ဟု ထင်သည်။ သို့သော်လည်း ဧည့်ခန်းထဲ၌ ဧည့်သည်မရှိ။ သူသည် အံ့အားသင့်နေမိ၏။ ရောက်လာသမျှ ဧည့်သည် များကို ဇိုးအိက ကြောင်အိမ်ထဲတွင် ထိုးထည့်ထားလေသလား။

နာနာက ဧည့်ခန်းတံခါးဝမှ ရပ်၍ ထပ်မံနှုတ်ဆက်သည်။ သူတို့နှစ်ဦး စလုံးအား ချိုသာသောအပြုံးဖြင့် လွမ်းခြုံ ရစ်သိုင်းထားသည်။ မှုဖေးက နာနာဘက်လှည့်၍ နောက်တစ်ကြိမ် ဦးညွှတ်၍ နှုတ်ဆက်ပြန်သည်။ သူ့ နောက်မှ ရပ်နေသော မြို့စားချူးအတ်သည် မှုဖေး မမြင်နိုင်မှန်း သေချာ ပေါက် သိသဖြင့် နာနာအား မျက်စိတစ်ဖက်မှိတ်ပြရုံမျှမက လျှာပါထုတ် ပြသွားသည်။

* * *

mgyoe.com

mgyoe.com


နာနာ သူ့အခန်းထဲ ပြန်ဝင်သွားသည့်အခါ စာများနှင့် လိပ်စာကတ်များကိုကိုင်၍ သူ့အားစောင့်နေသော ဖိုးအိနှင့် ဆုံသည်။ ဖိုးအိအား မြင်လျှင်မြင်ချင်း နာနာက အားရပါးရရယ်သည်။

'အလစ်သမား လူကြီးလူရှုပ်တွေကတော့ ကျွန်မ၏ ဖရန့် ငါးဆယ်ကို ကပ်ခွာသွားကြပြီ'

ဤကိစ္စအတွက် နာနာသည် စိတ်ဆိုးခြင်းမဖြစ်။ ယောကျ်ားများက သူ့ထံမှ ငွေယူသွားသည့်အဖြစ်ကို ရယ်စရာအဖြစ်တစ်ခုဟု မြင်လျက်ရှိ၏။ တစ်ချိန်တည်းမှာ ထိုလူနှစ်ယောက်ကို 'ဝက်တွေ'ဟု ယူဆသည်။ အခုဆိုလျှင် သူ့လက်ထဲ၌ ငွေဆိုလို့ ပဲနိဝက်မျှပင် မရှိတော့။ သူသည် စာများနှင့် ကတ်ပြားများကို ကြည့်၍ စိတ်တိုလာပြန်သည်။ စာများမှာ မနေ့ညက သူ့အား လက်ခုပ်သြဘာ ပေးခဲ့ကြသူများထံမှ ချီးကျူးစာများ ဖြစ်သည်။ ဧည့်သည်များကတော့ လမ်းကြုံရင်း ခဏတဖြုတ် ဝင်လာသည့်သဘော။

ဖိုးအိက ဧည့်သည်အားလုံးကို နေရာအနှံ့တွင် သင့်သလို နေရာချပေးထားသည်။ အခန်းတိုင်းသည် လူသွားစင်္ကြံဘက်သို့ ထွက်ပေါက်ရှိသဖြင့် သွားရေးလာရေး အဆင်ပြေသည်။ ဤအိမ်သည် မဒမ်ဘလန်ချီ၏ အိမ်လို မဟုတ်။ ဘလန်ချီအိမ်တွင် အခန်းများမှထွက်လာလျှင် ဧည့်ခန်းကို ဖြတ်ထွက်မှ အပြင်သို့ ရောက်နိုင်သည်။ ထို့ကြောင့်လည်း မဒမ်ဘလန်ချီသည် လူနှစ်ဦးဆုံမိလျှင် သောကပွားကာ ဗျာများရတတ်သည်ဟု ဖိုးအိက ပြောသည်။

'ရှင်က အပြုလိုက် သွင်းမလို့လား'ဟု နာနာက ပြောသည်။ 'ကဲ... ဟို မေည်းကြီးက ဘာတဲ့လဲ'

'သူ့ကိုတော့ ကိစ္စပြီးသွားအောင် လုပ်လိုက်တယ်'ဟု ဖိုးအိက ပြုံး၍ ပြောသည်။ 'သူကတော့ ထွေထွေထူးထူး ရှိတာမှ မဟုတ်တာ။ သူ ဒီည မလာနိုင်ဘူးဆိုတာကို ပြောချင်လို့ လာတာတဲ့'

ဤစကားကို ကြားရသောအခါ နာနာ များစွာ ဝမ်းသာသွားသည်။ လက်ခုပ်ပင် တီးလိုက်မိသေးသည်။ ဒီလူကြီး ဒီည မလာဘူးတဲ့။ ကံကောင်း

mgyoe.com

mgyee.com


လိုက်လေခြင်း။ သူ လွတ်လွတ်လပ်လပ် နေရတော့မည်။ အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် နှိပ်စက်မှုများမှ လွတ်မြောက်သွားရသည့်နှယ် ခံစားရသည်။ သူ ပထမဆုံးတွေ့မိသူမှာ 'ဒက်ဂူးနက်' ဖြစ်၏။ အခုအတိုင်းဆိုလျှင် ဒက်ဂူးနက်ခမျာ သနားစရာကောင်းလှချေသည်။ မကြာသေးခင်ကပင် သူ့ထံ ကြာသပတေးနေ့မှလာခဲ့ဖို့ စာတစ်စောင် လှူကြဲပါးလိုက်သည်။ ဒုတိယစာ အမြန်ဆုံးရေး၍ ပို့ခိုင်းပါမှ ဖြစ်မည်ထင်၏။ မဒမ်မာလွိုင်အားစာရေးခိုင်းဦးမှ။ သို့သော် မဒမ်မာလွိုင် မရှိတော့။ သူလုပ်နေကျ အကျင့်ဝသီအတိုင်း ဘယ်သူကိုမှ နှုတ်မဆက်ဘဲ ပြန်သွားပြီဟု ဇိုးအိက ပြောသည်။ နာနာသည် ရုတ်တရက် ဝေခွဲမရ။ တစ်ယောက်ယောက်ကို လွှတ်ရလျှင်ကောင်းလေမလား။ သူ့မှာလည်း အတော်ကလေး ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ တစ်ညတာမျှ အနှောင့်အယှက် ကင်းစွာဖြင့် အိပ်ရေးဝဝ အိပ်လိုက်ရလျှင် အလွန်ကောင်းလိမ့်မည် ထင်၏။

'ဒီည… ဇာတ်ရုံက ပြန်ရောက်ရောက်ချင်း ကျွန်မ အိပ်ရာဝင်မယ်' ဟု နာနာက ပြောသည်။ 'နေ့ခင်းမွန်းတည့်ချိန်ထိ ရှင် ကျွန်မကို မနှိုးနဲ့'

ထို့နောက် အသံကို မြှင့်လိုက်ပြီး ထပ်ပြောသည်။ 'အခု လောလောဆယ်ဆယ်လည်း ကျန်တဲ့ ဧည့်သည်တွေကို မောင်းထုတ်လိုက်ပေတော့'

ဇိုးအိသည် နေရာမှ မရွေ့။ သူ့စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း အကြံပေးမည်ဆိုပါက သူ့သခင်မ လက်ခံပါမည်လော။ သို့သော်လည်း သူ့အတွေ့အကြုံအရ နည်းပရိယာယ်တစ်မျိုး သုံး၍ သခင်မ၏ မထိန်းနိုင်သော ဦးနှောက်ကို ပဲ့ကိုင်ပေးမည်ဆိုပါက သူ့သခင်မအတွက် အကျိုးဖြစ်ထွန်းဖွယ်ရာ ရှိနေ၏။

'မွန်စီယာ စတိုင်းနားကိုပါ ပြန်လွှတ်ရမှာလား' ဟု ဇိုးအိက မေးသည်။

'ဒါပေါ့' ဟု နာနာက ပြန်ပြောသည်။ 'သူ့ကို အရင်ဆုံး နှင်ပစ်လိုက်'

ဇိုးအိက သူ့သခင်မ ထပ်မံ၍ စဉ်းစားချိန်ဆနိုင်ရန် တစ်ခဏမျှ ရပ်စောင့်သည်။ တကယ်တော့ စတိုင်းနားသည် နှယ်နှယ်ရရလူ မဟုတ်။

mgyee.com

mgyoe.com


အလွန်ချမ်းသာကြွယ်ဝသူတစ်ဦး ဖြစ်သည်။ ပါရီမြို့ပေါ်ရှိ ဇာတ်ရုံတိုင်းက သိနေသောလူလည်း ဖြစ်သည်။ အခုလောလောဆယ် သခင်မ၏ပြိုင်ဘက် ရို့စ်မီနွန်၏ လက်ထဲ၌ ကျရောက်နေသူဖြစ်သည်။ ထိုလူစားမျိုးအား မိမိ ပြိုင်ဘက်၏လက်တွင်းမှ မိမိလက်တွင်းသို့ သက်ဆင်းအောင်လုပ်နိုင်ခြင်း သည် သခင်မအဖို့ ဂုဏ်တက်စရာတစ်ခု မဟုတ်ပါလော။

'မြန်မြန်လုပ်ပါ ဇိုးအိရယ်'ဟု နာနာကပင် ထပ်ပြောသည်။ 'အခု လို လာတာဟာ ကျွန်မစိတ်ကို နှောင့်ယှက်သလို ဖြစ်နေတယ်လို့ သူ့ကို ပြောလိုက်ပါ'

သို့သော် နာနာသည် ရုတ်တရက် ချက်ချင်း စိတ်ပြောင်းသွားသည်။ မနက်ဖြန်ဆိုလျှင် သူသည် စတိုင်းနားအား တွေ့လိုစိတ်ရှိကောင်း ရှိလိမ့်မည် ဟု တွေးမိသည်။ သူသည် မျက်တောင်များကိုတဖျတ်ဖျတ်ခတ်ကာ စဉ်းစား လျက်ရှိရာမှ စကားတစ်ခွန်း ထပ်ပြောသည်။

ဇိုးအိသည် နာနာ၏ စိတ်ကူးပေါ်တွင် အလွန် သဘောကျသွားပုံ ရသည်။ နာနာအား အလွန်ချီးမွမ်းသည့် မျက်နှာထားဖြင့် စိုက်ကြည့်နေ သည်။ ထို့နောက် စတိုင်းနားအား မောင်းထုတ်ရန် အခန်းထဲမှ လျှင်မြန်စွာ ထွက်သွားလေ၏။

* * *

ဇိုးအိတစ်ယောက် ဧည့်သည်များအား ပြန်လွှတ်နေရသည့် အတော အတွင်း နာနာသည် မိနစ်အနည်းကြာမျှ ရပ်စောင့်နေသည်။ ထို့နောက် သူသည် ဧည့်ခန်းဆီသို့သွားကာ တံခါးပေါက်မှ ချောင်းကြည့်သည်။ လူတစ် ယောက်မှ မရှိ။ ထမင်းစားခန်းထဲလည်း ဟာလာဟင်းလင်း။ ကျန်အခန်း များဆီသို့ ဆက်၍သွားနေခိုက်တွင် သူ့စိတ်သည် ပေါ့ပါး လန်းဆန်းလျက် ရှိ၏။ အိမ်ထဲတွင် ဧည့်သည် တစ်ဦးတစ်ယောက်မှကျန်တော့မည်မဟုတ် ဟူသော အတွေးဖြင့် ကြည်နူးလျက် ရှိသည်။ သို့သော်လည်း အပိုသက်သက် လိုဖြစ်နေသော အခန်းကျဉ်းကလေး၏ တံခါးကို တွန်းဖွင့်ပြီး ကြည့်လိုက် သောအခါ လူငယ်တစ်ယောက်နှင့် တွေ့နေရသည်။ လူငယ်သည် သေတ္တာ

mgyoe.com

mgyoe.com


ကြီးတစ်လုံးပေါ်၌ အေးဆေးတည်ငြိမ်စွာ ထိုင်လျက် ရှိသည်။ သူ့ဒူးနှစ်ဖက်ပေါ်တွင် တင်ထားသည်မှာ ပန်းစည်းတစ်စည်း...။

'ဟောတော့...'ဟု နာနာက တအံ့တသြဖြစ်သွားသည့် လေသံဖြင့် အော်သည်။ 'ဒီအခန်းထဲမှာ တစ်ယောက်ကျန်နေခဲ့ပါပေါ့လား'

နာနာကို မြင်လိုက်သော လူငယ်သည် ခုန်၍ထလိုက်သည်။ သူ့မျက်နှာသည် နီရဲလျက်ရှိသည်။ သူသည် ပန်းစည်းကြီးကို ညာမှဘယ်၊ ဘယ်မှ ညာ ပြောင်း၍ကိုင်ရင်း ကြောင်တိကြောင်ေးဖြစ်ကာ ဗျာများလျက်ရှိသည်။ သူ၏ နုပျိုလန်းဆန်းမှု၊ ခံစားရသည့် စိတ်ရှုပ်ထွေးမှုနှင့် အူကြောင်ကြောင် ဖြစ်နေသည့် မျက်နှာတို့သည် နာနာအား သဘောကျအောင် ဖန်တီးနေသလို ဖြစ်သွားသည်။ နာနာသည် လူငယ်အားကြည့်ကာ အူလှိုက်သည်းလှိုက် ရယ်သည်။ အမယ်လေးဟဲ့... နော်၊ ဖြစ်မှဖြစ်ရလေ။ ငါ့ဆီကို ကလေးသူငယ်တွေကတောင် လာနေကြပါပကောလား။ နာနာ၏ ရင်ထဲတွင် ရင်းနှီးခင်မင်စိတ်၊ မိခင်စိတ်များ ဝင်လာသည်။ သူ့တင်ပါးများကို လက်ဖဝါးဖြင့် တဖျတ်ဖျတ်ရိုက်ကာ လူငယ်အား လှမ်းမေးလိုက်သည်။

'ငါက မင်းကို နှပ်သုတ်ပေးရမှာလား... ကလေးရဲ့'

'ဟုတ်ကဲ့'ဟု လူငယ်က တိုးတိုးလေသံဖြင့် ဖြေသည်။

ထိုအဖြေကို ကြားသည့်အခါ နာနာသည် ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။ လူငယ်၏အသက်မှာ ဆယ့်ခုနစ်နှစ်။ နာမည်က ဂျော့ဟူဂွန်။ မနေ့ညက ဗားရက်ရတီး ဇာတ်ရုံကို ရောက်ခဲ့သည်။ အခု နာနာကို တွေ့ချင်လွန်း၍ လာသည်။

'ပန်းတွေက မမအတွက်လား'

'ဟုတ်ကဲ့'

'ဒီလိုဆိုတော့လည်း မမကို ပေးပေါ့အေ... ကလေးရဲ့'

သို့သော်လည်း နာနာက ပန်းစည်းကို လှမ်းယူလိုက်သည့်အခါ လူငယ်က သူ့လက်နှစ်ဖက်ဖြင့် ဖမ်း၍ဆွဲကာ အငမ်းမရ နမ်းသည်။ နာနာက ခပ်ကြမ်းကြမ်း တွန်းထိုးရုန်းကန်ပြီး ဖယ်ရှားခါမှပင် လွှတ်ပေးသည်။ နာနာက ဆူပူကြိမ်းမောင်းသည်။ နာနာ၏ ပါးနှစ်ဖက်သည် နှင်းဆီနီရောင်

mgyoe.com

mgyoe.com


သိမ်းနေကြသည်။ နာနာက ပြုံးကာရယ်ကာဖြင့် နောက်တစ်ကြိမ်လာလည်ခွင့်ပေးပြီး ပြန်ခိုင်းလိုက်သည်။ လူငယ်သည် ဒယိမ်းဒယိုင်ဖြင့် ထွက်ခွာသွားသည်။ သူသည် ရုတ်တရက် တံခါးပေါက် ရှာမတွေ့ဘဲ ဖြစ်နေသေးသည်။

နာနာအခန်းထဲသို့ ပြန်ဝင်ပြီးနောက် ချက်ချင်းဆိုသလိုပင် ဆံပင်အလှပြင်သမား ဖရန့်စစ္စရောက်လာပြီး ဆံပင်ကို ပြုပြင်ပေးသည်။ နာနာသည် ညပိုင်းရောက်မှ အဝတ်လဲလေ့ရှိသူ ဖြစ်သည်။ သူသည် မှန်ရှေ့၌ ထိုင်ကာ ဦးခေါင်းကိုငုံ့၍ ဆံပင်အလှပြင်သမားပြုသမျှ ငြိမ်ခံလျက်ရှိသည်။ ထိုအခိုက်မှာပင် ဇိုးအီ ဝင်လာသည်။

'မဒမ်၊ နှင်လို့မရတဲ့ ဧည့်သည်တစ်ယောက် ရှိနေတယ်'

'အဲ့ဒီလိုလူစားကျတော့လည်း သူ့နေရာမှာပဲ ထိုင်နေပါစေပေါ့'

'ဧည့်သည်တွေလည်း တဖွဲဖွဲရောက်နေကြတုန်းပဲ မဒမ်'

'လာသမျှလူအားလုံးကို စောင့်နေခိုင်းပေါ့၊ သူတို့ ဗိုက်သိပ်ဆာလာတော့လည်း ပြန်သွားကြမှာပေါ့'

နာနာ၏ စိတ်သည် စောစောကလို မဟုတ်တော့ဘဲ အကောင်းဘက်ပြောင်းသွားပြန်သည်။ ယောကျ်ားများအား ယခုလို စောင့်ခိုင်းထားရတဲ့အတွက် ဝမ်းသာကြည်နူးလျက်ရှိသည်။ သူ့ခေါင်းထဲတွင် ဖျတ်ခနဲ စိတ်ကူးတစ်ခု ဝင်လာသည်။ သူသည် ဆံပင်အလှပြင်သမားအား တွန်းဖယ်ကာ တံခါးဆီသို့ပြေးသွားပြီး မင်တုန်းချထားလိုက်သည်။ အခုလိုလုပ်ထားပါက ဧည့်သည်များသည် အချင်းချင်း ကျပ်ကျပ်သပ်သပ် ပူးကပ်ပြီး ထိုင်နေကြဖို့သာရှိ၏။ သူတို့အနေဖြင့် ဤအခန်းထဲသို့ ဝင်နိုင်စရာအကြောင်း မရှိတော့။ ဇိုးအီကတော့ မီးဖိုခန်းဘက်ထွက်သည့် နောက်ပေါက်မှ အဝင်အထွက်လုပ်လို့သည် မဟုတ်ပါလား။

ဘဲလ်သံမှာ အဆက်မပြတ် မြည်လျက်ပင် ရှိသည်။ စောစောကထက်ပင် ပို၍များလာသည်။ ငါးမိနစ်ခြား တစ်ခါလောက် မြည်နေခြင်း ဖြစ်၏။ နာနာသည် သူ့ကိုယ်သူ အပျင်းပြေသည့်အနေဖြင့် ဘဲလ်တီးသံများကို ရေတွက်နေသည်။ ရုတ်တရက် သူမှာထားသည့် အရာတစ်ခုကို သတိရလိုက်သည်။

mgyoe.com

mgyoe.com


'ကျွန်မ မှာလိုက်တဲ့ ဗာဒံသီးလှော် မပါဘူးလား'

ဖရန့်စစ္စက သူ့အင်္ကျီအိတ်ကပ်ထဲမှ စက္ကူအိတ်တစ်လုံးကို ထုတ်၍ ချပေးသည်။ နာနာက စက္ကူအိတ်ကိုယူ၍ သူ့ဒူးနှစ်လုံးကြား၌ညှပ်ကာ တစ်စေ့ချင်းစီ ပါးစပ်ထဲထည့်ပြီး တမြုံ့မြုံ့ ဝါးလျက်ရှိသည်။

ဘဲလ်သံသည် သုံးကြိမ်တိတိ ဆက်တိုက်မြည်သည်။ အသံများသည် ယခင်ကထက် များလာပြန်သည်။ လူပြောင် လူနောက်တစ်ဦးဖြစ်သော ဘော်ဒီနေးသည် သူ၏လိပ်စာကို ယောက်ျားအမြောက်အမြားအား တမင်သက်သက် ပေးလိုက်ဟန်တူ၏။ မနေ့ညက ပြဇာတ်လာကြည့်ကြသည့် ယောက်ျားပရိသတ်အားလုံး သူ့ထံသို့ ရောက်လာနေကြလေသလား။

'ဒါနဲ့လေ၊ ဖရန့်စစ္စ၊ ရှင့်မှာ ရွှေဒင်္ဂါးငါးလူးဝီလောက် မပါဘူးလား' ဟု နာနာက မေး၏။

'ငါးလူဝီ၊ အဲ့ဒါက ဒီလိုလေ'

'ရှင် သိနေသားနဲ့၊ ကိစ္စမရှိပါဘူးရှင့်၊ ပူမနေပါနဲ့'ဟု နာနာက ပြန်ပြောသည်။ 'ရှင် အာမခံလိုချင်တယ်ဆိုရင်'

နာနာ စကားကိုဆုံးအောင်မပြောဘဲ ဧည့်သည်များရောက်နေသည့် အခန်းများဘက်သို့ တစ်ချက်မျှငဲ့ကြည့်ကာ မေးငေါ့ပြသည်။ ဖရန့်စစ္စက လူဝီ ဒင်္ဂါးပြား ငါးပြားထုတ်ချေးသည်။ အပြင်မှာ ဘဲလ်တီးသံ မကြားရသည့် အချိန်တွင် ဇိုးအီသည် အခန်းထဲ ပြန်ဝင်လာပြီး သူ့သခင်မအား ဖြီးလိမ်းပြင်ဆင်ပေးသည်။ အဝတ်လဲပေးသည်။ သို့သော်လည်း ဘဲလ်သံက မကြာခဏ ကြားနေရသဖြင့် ဇိုးအီခမျာ ဟိုပြေးသည်လွှားဖြစ်လျက် ရှိ၏။ တစ်ခါတစ်ရံတွင် သူ့သခင်မ၏ ခြေထောက်တွင် ဖိနပ်တစ်ဖက်စွပ်ကာ ကြိုးချည်ပေးနေရင်းတန်းလန်း ထပြေးရသည့်အခါများလည်း ရှိသည်။ ကြာလာတော့လည်း သူ စိတ်မရှည်ဖြစ်လာသည်။ ဧည့်သည်များအား အခန်းထောင့်များတွင် သုံးလေးယောက်တစ်တွဲ တွဲ၍ နေရာချထားခြင်း ပြုလာသည်။ အကယ်၍ သူတို့အချင်းချင်း ကိုက်စားဝါးမျိုပစ်ကြမည်ဆိုလျှင်လည်း မတတ်နိုင်တော့ဟု သဘောထားလာ၏။

mgyoe.com

mgyoe.com


နာနာကတော့ သူ့အခန်းထဲတွင် တစ်ချိန်လုံး ရယ်မောပျော်ရွှင်လျက် ရှိသည်။ သူ့အဖို့ကတော့ ပြဿနာ ဘာမှမရှိ။ အလုံပိတ်တံခါး နောက်ကွယ်၌ နေရခြင်းဖြစ်၍ လုံခြုံမှုအပြည့်။ အခုလောက်ဆိုလျှင် ဇွဲသည်ဆိုသော ယောက်ျားတွေ ရေငတ်လွန်း၍ လျှာများပင် ထွက်နေလောက်ပြီ။ 'ကိစ္စမရှိဘူးလေ၊ စောင့်ချင်သလောက်သာ ထိုင်စောင့်ကြပါစေ၊ အခန်းထဲက ပစ္စည်းတွေကို ပေါက်လားခွဲလားမလုပ်ရင်ပြီးရော'ဟု သူ့ကိုယ်သူပြောသည်။

ထိုအခိုက်မှာ ဖိုးအိသည် လာဘော်ဒေးအားခေါ်၍ ဝင်လာသည်။ နာနာက စိတ်သက်သာရာရသွားသဖြင့် အားရဝမ်းသာ အော်လိုက်မိ၏။ လာဘော်ဒေး လာခြင်းမှာ တရားရုံး၌ နာနာ့အတွက် သူ စိုက်၍ပေးချေခဲ့ရသော ငွေအကြောင်းပြောပြရန် လာခြင်းဖြစ်သည်။ နာနာက လာဘော်ဒေး ဘာတွေပြောလိုက်မှန်းမသိ။ လာဘော်ဒေးက ထပ်ပြောသည်။

'ကိုယ် မင်းကိုခေါ်သွားမယ်၊ ညစာအတူတူ စားကြတာပေါ့။ ညစာစားပြီးရင် ဗာရက်ရတီး ဇာတ်ရုံကို တန်းသွားကြမယ်၊ ကိုယ်က ကိုးနာရီမခွဲခင် ဇာတ်စင်ပေါ် တက်ရဦးမယ် မဟုတ်ဘူး'

လာဘော်ဒေးသည် မိတ်ဆွေကောင်းတစ်ယောက် ဖြစ်၏။ ဒုက္ခရောက်နေချိန်တွင် သူ ရောက်လာတတ်သည်။ လိုအပ်သည့်အကူအညီများပေးတတ်သည်။ နာနာ့ထံမှ ဘာမှပြန်၍ မတောင်းတတ်။ အမှန်တော့ လာဘော်ဒေးသည် အမျိုးသမီးများ၏ မိတ်ဆွေကောင်းတစ်ဦး ဖြစ်သည်။ ကူညီစရာရှိရင် ကူညီတတ်သော်လည်း အခွင့်အရေးပြန်၍ ယူတတ်သူမဟုတ်။ အခုလည်း သူဝင်လာစဉ်က အိမ်ရှေ့ဘက် အခန်းငယ်ကလေးထဲ၌ တွေ့ခဲ့ရသော ကြွေးရှင်များအား ကြွေးများစိုက်၍ ဆပ်ပြီးခဲ့ပြီ။

'ကဲ လာ၊ ကျွန်မတို့ အမြန်ဆုံးလစ်ကြရအောင်'ဟု နာနာက ပြောသည်။

ထိုခဏတွင် ဖိုးအိ ဝင်လာသည်။ 'မဒမ်၊ နောက်ထပ် ဘဲလ်တီးသံကြားရင် ကျွန်မ တံခါး ဖွင့်မပေးတော့ဘူး၊ လှေကားပေါ်မှာ လူတွေအများကြီး တန်းစီနေကြပြီ'ဟု အော်ပြော၏။

mgyoe.com

mgyoe.com


လှေကားထစ်များပေါ်၌ လူတွေ တန်းစီနေကြသည်ဟု ကြားလိုက်ရသောအခါ အလွန် ပြုံးခဲရယ်ခဲလှသော ဖရန်စစ္စသည် ဘီးများကို သိမ်းဆည်းနေရာမှ အူလှိုက်သည်းလှိုက်ရယ်သည်။ နာနာသည် လာဘော်ဒေး၏ လက်မောင်းတွင် သူ့လက်ကိုချိတ်၍ မီးဖိုခန်းဘက်သို့ တွန်းထိုးပြီး ခေါ်သွားသည်။ နောက်ဆုံးတွင် သူသည် ယောက်ျားများ၏ ရန်မှ လွတ်မြောက်ရပေတော့မည်။ သူ့အနေဖြင့် တစ်ဦးတည်းသောအဖော်နှင့်သာ လက်တွဲရပေတော့မည်။ ဤအဖော်သည် သူဘာလိုချင်လိုချင် ဖြည့်ဆည်းပေးမည့်သူ ဖြစ်သည်။ မဟုတ်ကဟုတ်ကတွေ ဖြစ်လာမှာကိုလည်း မကြောက်ရသည့် အဖော်မွန် ဖြစ်၏။ သူသည် ရွှင်လန်းမြူးထူးလျက် ရှိသည်။

'ရှင် ကျွန်မကို ပြန်ပို့တဲ့အခါ နောက်ဖေးတံခါးကိုပဲ ပို့ပေးနော်'ဟု နောက်ဖေးလှေကားမှ အဆင်းတွင် နာနာက ပြောသည်။ 'အဲ့ဒါမှ ကျွန်မလုံခြုံမှာ။ ရှင် စဉ်းစားကြည့်လေ၊ ကျွန်မ တစ်ညလုံး အိပ်ရေး၀၀ အိပ်ချင်တယ်၊ မအိပ်ရရင် မဖြစ်ဘူး၊ ကျွန်မအဖို့ အစွဲအလမ်းတစ်ခုလို ဖြစ်နေပြီ လာဘော်ဒေးရဲ့၊ သိလား'

✣

mgyoe.com

mgyoe.com

(၃)

မြို့စားမှူဖေး၏ဇနီး မဒမ်မှူဖေးအား လွန်ခဲ့သည့်နှစ်က ကွယ်လွန်သွားသည့် မြို့စား၏ မိခင်အမည်နှင့် ရောမသွားစေရန် 'မြို့စားကတော် ဆာဘင်း' ဟု ခေါ်ကြသည်။ မြို့စားကတော် ဆာဘင်းသည် မင့်တီးဗရီးလမ်းထောင့်ရှိ သူ၏ ကြီးမားခမ်းနားသော အိမ်ကြီးသို့ အင်္ဂါနေ့တိုင်း မိတ်ဆွေသင်္ဂဟများကို ဖိတ်၍ ကျွေးမွေးဧည့်ခံလေ့ ရှိသည်။ ဤအိမ်ကြီးတွင် မှူဖေးမိသားစု မျိုးနွယ်များ အစဉ်အဆက် နေလာခဲ့ကြသည်မှာ နှစ်ပေါင်းတစ်ရာပင် ကျော်ခဲ့လေပြီ။ လမ်းမကို မျက်နှာပြုနေသည့် ဆင်ဝင်သည် မှုန်ကုပ်ကုပ်နိုင်လှ၏။ အရှေ့ဘက်ရှိ တရုတ်ကပ်များမှာလည်း အမြဲတစေ ပိတ်ထားသဖြင့် အိမ်ထဲတွင် အလင်းရောင် အဝင်နည်းလှ၏။ အိမ်ကြီး၏အနောက်ဘက်တွင် ဥယျာဉ်တစ်ခုရှိ၍ သစ်ပင်အနည်းငယ် ပေါက်ရောက်လျက် ရှိသည်။ အပင်များသည် မြင့်မားလှသည်ဖြစ်ရာ သစ်ကိုင်းများသည် အိမ်ခေါင်မိုးနှင့် ထိလျက်ရှိလေသည်။

အင်္ဂါနေ့တစ်နေ့ ဆယ်နာရီထိုးလုနီးနီး အချိန်ခန့်တွင် မြို့စားကတော် ဆာဘင်းသည် ဧည့်သည် ဆယ့်နှစ်ယောက်အား သူ့အိမ်ဧည့်ခန်းအတွင်း၌ ဧည့်ခံလျက်ရှိသည်။ ရင်းနှီးသော မိတ်ဆွေများကိုသာ ရွေးချယ်၍ ဖိတ်ကြားထားခဲ့ခြင်း ဖြစ်သဖြင့် မဒမ်ဆာဘင်းသည် ဧည့်ခန်းငယ်ကလေးကိုလည်း မသုံး၊ စားသောက်ဆိုင်ခန်းကိုလည်း မသုံးဘဲ ဧည့်ခန်းကြီးသာ

mgyoe.com

mgyoe.com


ရွေး၍ သုံးသည်။ ဧည့်သည်များသည် မီးဖိုကိုဝိုင်း၍ ထိုင်ကာ အာလာပ သလ္လာပ ပြောလျက်ရှိကြသည်။ ဧည့်ခန်းမှာ အလွန်ကြီးမားကျယ်ဝန်းသော အခန်းကြီးဖြစ်၏။ ပြတင်းပေါက်လေးပေါက်သည် ဥယျာဉ်ဘက် မျက်နှာ ပြုလျက် ရှိသည်။ ပြေလကုန်ခါနီး မိုးတစိမ့်စိမ့်ရွာသော ညနေခင်းဖြစ်၍ ပတ်ဝန်းကျင်တွင် စိုစွတ်ထိုင်းမှိုင်းလျက် ရှိ၏။ မီးဖိုထဲတွင် ထင်းတုံးကြီး အများအပြား ထိုးထည့်ထားသော်လည်း တဟုန်းဟုန်းတောက်လောင်နေသော မီးအပူရှိန်သည် စိုစွတ်ထိုင်းမှိုင်းခြင်းကို ထိုးဖောက်နိုင်စွမ်း မရှိပေ။

ဤအခန်းသည် နေရောင် လုံးဝမဝင်သောအခန်း ဖြစ်သည်။ နေ၏ အလင်းရောင်နှင့် အထိအတွေ့ အလွန်နည်းသော အခန်းလည်း ဖြစ်၏။ ညပိုင်းရောက်၍ မှန်အိမ်များ ထွန်းခါမှပင် အလင်းရသောအခန်း ဖြစ်သည်။ အခန်းထဲဝင်သွားလျှင် အအေးဓာတ်လွှမ်းခြုံမှုကို သတိပြုမိကြသည်က များ သည်။ စားပွဲကုလားထိုင်များမှာ ထုထည်ကြီးမားသော ရှေးခေတ်သုံးပုံစံ များဖြစ်၍ ခင်းကျင်းပြင်ဆင်ထားပုံမှာလည်း ရှေးဆန်လှ၏။

မြို့စားကတော် ဆာဘင်းသည် မြို့စား၏မိခင် ထိုင်ရင်း ကွယ်လွန်ခဲ့ သော ပက်လက်ကုလားထိုင်ကြီးနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ထိုင် လျက် ရှိသည်။ သူ့ကုလားထိုင်သည် ဤအခန်းထဲ၌ တစ်ခုတည်းသော ခေတ်မီဆုံးပစ္စည်း ဖြစ်သည်။

'ဒီလိုဆိုရင် ကျွန်မတို့ ပါရှားနိုင်ငံက ပါရှားမင်းသားကိုလည်း မြင်ဖူးကြရဦးမှာပေါ့'ဟု အမျိုးသမီးငယ်တစ်ယောက်က ပြောသည်။

သူသည် မကြာမီ ကျင်းပတော့မည့်ပြပွဲကြီး တက်ရောက်ရန် ပါရီ မြို့သို့ ရောက်လာကြမည့် နိုင်ငံတကာမှ မင်းညီမင်းသားများအကြောင်း ပြောနေကြသည်။ အမျိုးသမီးများသည် မီးဖိုရှေ့တွင် အုပ်စုတစ်စုဖွဲ့၍ ထိုင်နေ ကြခြင်း ဖြစ်၏။ မဒမ်ဒူဂျူးကွိုင်း၏ အစ်ကိုသည် မတ်ဖ်အက်ဒင်း နန်းတော် အကြောင်း အသေးစိတ်ပြောပြလျက် ရှိ၏။ သူသည် အရှေ့တိုင်းနိုင်ငံများသို့ စေလွှတ်သည့် သံအဖွဲ့တစ်ဖွဲ့တွင် သံအရာရှိအဖြစ် လိုက်ပါသွားဖူးသူပေ တည်း။

'ဘယ်လိုလဲ၊ နေမကောင်းဘူးလား'ဟု မသိမသာ တုန်ယင်ကာ

mgyoe.com

mgyoe.com

မျက်နှာဖြူရော်ရော်ဖြစ်နေသော မြို့စားကတော်အား မဒမ်ချန့်တာရီးက မေးသည်။

'ကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး'ဟု မြို့စားကတော်ဆာဘင်းက ပြုံး၍ ပြန်ပြောသည်။ 'ကျွန်မ နည်းနည်းတော့ အအေးမိသွားတယ်၊ ဒီအခန်းက တော်တော်နဲ့ အနွေးဓာတ်မရဘူးရှင့်'

သူ့မျက်လုံးအစုံသည် နံရံမှတစ်ဆင့် မျက်နှာကြက်အထိ မော့ကြည့်နေသည်။ သူ့၏ သမီးငယ် အသက် ၁၆ နှစ်မျှသာ ရှိသေးသော အက်စတယ်သည် ခွေးခြေပေါ်၌ ထိုင်နေရာမှထလာပြီး မီးဖိုထဲမှတစ်ဖက်သို့ လိမ့်ဆင်းသွားသည့် ထင်းတုံးကို မီးဖို့ထဲသို့ ထိုးထည့်ပေးသည်။ မြို့စားကတော်ထက် အသက် ငါးနှစ်မျှသာငယ်သော ကျောင်းနေဖက် မဒမ်ဒီချက်ဇယ် ကမူ 'အမယ်လေး၊ ကျွန်မကတော့ ရှင့်ဧည့်ခန်းလို ဧည့်ခန်းကြီးတစ်ခုလောက် ရှိချင်လိုက်တာ အလွန်ပဲ၊ လူအများကြီး ဆံ့တာပေါ့လို့၊ ဒီခေတ်မှာ လူတွေက သေတ္တာလောက်သာရှိတဲ့ အခန်းကျဉ်းလေးတွေချည်း ဆောက်နေကြတယ်'ဟု ပြောသည်။

ထိုနောက် မဒမ်ဒီချက်ဇယ်က သူ့အိမ်တွင် သူ့စိတ်တိုင်းကျအခန်းများဖွဲ့ကာ မည်သို့ ပြင်ဆင်ခင်းကျင်းမည်၊ ပါရီတစ်မြို့လုံးရှိ လူတိုင်း စိတ်ဝင်စားမည့် ကပွဲကြီးများ ဘယ်လိုကျင်းပလိုက်မည် စသဖြင့် စိတ်ပါလက်ပါ ပြောပြလျက်ရှိ၏။ သူ့နောက်မှ တည်ငြိမ်အေးဆေးစွာဖြင့် နားထောင်နေသူမှာ သူ့ယောကျ်ားတရားသူကြီးဖြစ်၏။ အတင်းအဖျင်း သတင်းလောကမှ အဆိုအရ မဒမ်ဒီချက်ဇယ်သည် သူ့ယောကျ်ား ဖြောင်လိမ် ဖြောင်လှည့်လုပ်ကာ ဖောက်လွဲဖောက်ပြန် ပြုနေသူတစ်ဦး ဖြစ်သည်။ သို့သော်လည်း လူအများက သူ့အား ထိုအပြစ်မှ ခွင့်လွှတ်ကာ ပေါင်းသင်းဆက်ဆံနေကြသည်။ ဘာကြောင့်နည်း။ သူကိုယ်တိုင်က ခင်မင်စရာကောင်း၍ ဖြစ်သည်ဟု အကြောင်းပြကြသည်။

မဒမ်ဆာဘင်းကတော့ ပြုံး၍သာနေသည်။ ထိုနောက် သူစောစောက ပြောလက်စ စကားကို ပြန်၍ အစကောက်သည်။

'ကျွန်မတို့ ပရပ်ရှားဘုရင်နှင့် ရုရှားဧကရာဇ်တို့ကိုလည်း မြင်ရလိမ့်မယ် ထင်တယ်'

mgyoe.com

mgyoe.com

'ဟုတ်တယ်၊ ပြီးတော့ ပျော်ပွဲရွှင်ပွဲတွေ အများကြီးပါလိမ့်မယ်လို့ သက်ဆိုင်ရာက ကြေညာထားတယ်'ဟု မဒမ်ဒီဂျုံကွိုင်းက ပြောသည်။

ဘဏ်သူဌေး စတိုင်းနားမှာ မကြာသေးခင်က လီအိုနိုက်ဒီချက်ဇယ်နှင့် အတူ ရောက်လာခြင်း ဖြစ်၏။ သူသည် ပါရီမြို့ပေါ်မှ လူတိုင်းနှင့် သိသူ ဖြစ်၏။ သူသည် ပြတင်းပေါက် နှစ်ပေါက်ကြား၌ ချထားသည့် ဆိုဖာ ပေါ်၌ထိုင်ကာ စကားစမြည် ပြောလျက်ရှိသည်။ သူသည် စတော့ဈေးကွက် ၏ လှုပ်ရှားမှုတစ်ခုနှင့် ပက်သက်၍ သတင်းအမှန်ကိုရရှိရန် ပွဲစားတစ် ယောက်အား လိမ္မာပါးနပ်စွာဖြင့် မေးခွန်းများထုတ်လျက် ရှိသည်။ သူတို့ နှစ်ယောက်၏ရှေ့၌ ရပ်နေသော မြို့စားမှုဖေးသည် သူတို့စကားများကို ငြိမ်သက်စွာ နားထောင်လျက်ရှိသော်လည်း မျက်နှာကတော့ ခါတိုင်းလို ကြည်လင်သာယာခြင်း မရှိ။

ဝင်ပေါက် တံခါးအနီးတွင်မူ လူငယ်အုပ်စုတစ်စုသည် မြို့စားဖေး ဗီးယား ဒီဗင်ဒူဗရေးအား ဝိုင်းကာ သူပြောပြနေသည့် ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်နေကြသည်။ သူတို့ မျက်နှာထားများတွင် ရယ်ချင်စိတ်ကို များစွာ အောင့်အည်း မျိုသိပ်နေရသည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။ အခန်း ၏ အလယ်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသာ ကိုယ်လုံး ကိုယ်ထည် ကြီးမားတောင့်တင်းသည့်လူမှာ ပြည်ထဲရေးဝန်ကြီးဌာန လက် အောက်ခံဌာနကြီးတစ်ခုမှ အရာရှိချုပ်ကြီး ဖြစ်သည်။ သူသည် မျက်လုံးများ ဖွင့်၍ အိပ်ပျော်လျက် ရှိသည်။

နားထောင်နေသည့် လူငယ်များထဲမှ တစ်ဦးတစ်ယောက်က မယုံ ကြည်သည့်လက္ခဏာပြသည့်အခါများတွင် ဗင်ဒူဗရေး၏ အသံသည် ကျယ် ကျယ်လောင်လောင် ဖြစ်လာတတ်သည်။

'မင်းက သူများအပေါ် မယုံသင်္ကာ သိပ်ကြီးတဲ့လူပဲ ဖူးကားမောင့်၊ အဲ့ဒါဟာ မင်းရဲ့သာယာမှုကို မင်းပြန်ပြီး ဖျက်ဆီးနေတာပဲ'

ဗင်ဒူဗရေးသည် မျိုးကြီးရိုးကြီး မိသားစုတစ်စု၏ နောက်ဆုံးအမျိုး အနွယ်တစ်ဦးဖြစ်သည်။ ဆက်ခံရရှိထားသော အမွေအနှစ်များကို စည်းလွတ် ဝါးလွတ် သုံးဖြုန်းနေသူ ဖြစ်သည်။ သူ၏ပြိုင်မြင်းများထားရာ မြင်းဇောင်း

mgyoe.com

mgyoe.com


သည် ပါရီမြို့ပေါ်၌ အထင်ရှားအကျော်ကြားဆုံးဖြစ်၍ ထိုမြင်းများနှင့် မြင်းဇောင်းများအတွက် ကုန်ကျစရိတ်မှာ ကြားရသူတိုင်း မယုံကြည်နိုင်လောက်အောင် များပြားသည်။ တစ်လတစ်လ မြင်းပွဲ၌ ရှုံးသည့် ငွေအရေအတွက် မှာလည်း ကြောက်စရာကောင်းလောက်အောင်ပင် များပြားသည်။ တစ်နှစ်တစ်ကြိမ် ယူလေ့ရှိသော မယားငယ်များအတွက် ကုန်ကျစရိတ်မှာလည်း အဆမတန် များပြားလှသည့်ဖြစ်ရာ မဒ်ကာဒီဘက်ရှိ သူပိုင် မြေများ၊ ခြံများထဲမှ ကေပေါင်းများစွာကို နှစ်စဉ်မှန်မှန် ရောင်းပစ်နေသူ ဖြစ်သည်။

မြို့စားကတော် ဆာဘင်းသည် မီးဖိုဆီသို့ ငေးကြည့်နေရာမှ စကားစ ပြန်ကောက်သည်။

ပရပ်ရှားဘုရင်ကို မနှစ်က ဘေဒင်မြို့မှာ ကျွန်မ မြင်ခဲ့ဖူးတယ်၊ အသက်နဲ့ မလိုက်အောင် ကျန်းမာသန်စွမ်းတုန်းပဲ’

‘သူနဲ့ အတူတူ မြို့စားကြီး ဘစ္စမတ်လည်း ပါလာမယ်တဲ့’ဟု မဒမ် ဒီဂျုံးကွိုင်းက ပြောသည်။ ‘မြို့စားကြီးကို ရှင်သိလား၊ ကျွန်မတော့ ကျွန်မရဲ့ အစ်ကိုအိမ်မှာ သူနဲ့ နေ့လယ်စာစားဖူးတယ်၊ ကြာတော့ကြာပါပြီ၊ ပရပ်ရှား နိုင်ငံ ကိုယ်စားလှယ်အဖြစ်နဲ့ ပါရီကို လာတုန်းကပေါ့၊ မကြာသေးခင်ကမှ သူ အောင်မြင်ကျော်ကြားလာတာ မယုံနိုင်စရာပဲ’

‘ရှင်က ဘာကြောင့် မယုံရတာလဲ’ဟု မဒမ်ချူစာရီးက မေးသည်။

‘အင်း၊ ဘယ်လိုပြောရမလဲ၊ ကျွန်မ သူ့ကိုမှ သဘောမကျတာ၊ သူ့ပုံပန်းက ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်းကြီးပဲ၊ မျိုးရိုးနိမ့်နိမ့်ညံ့ညံ့က မွေးလာတဲ့လူနဲ့ တူပါတယ်၊ ဘာပဲပြောပြောလေ၊ ကျွန်မကတော့ သူ့ကို ငတုံးကြီးလို့ပဲ မြင်တယ်’

ထိုအခါ လူတိုင်းက မြို့စားကြီး ဘစ္စမတ်အကြောင်း ဝင်ပြောလာကြသည်။ အယူအဆအမျိုးမျိုး ကွဲပြားနေကြသည်။ ဗင်ဒူဗရေးကတော့ ဘစ္စမတ်နှင့် လူချင်း ရင်းနှီးခဲ့ဖူးသည်။ ဘစ္စမတ်သည် အရက်အလွန်သောက်ပြီး လောင်းကစားဝါသနာကြီးသူဖြစ်သည်ဟု ဆိုသည်။

ထိုအခိုက်မှာပင် အခန်းတံခါး ပွင့်သွားပြီး ဟက်တာဒီလာဖာလွိုင်း ဝင်လာသည်။ သူ့နောက်မှကပ်၍ လိုက်လာသူမှာ ဖူရှာရေး။ ဖူရှာရေးသည်

mgyoe.com

 mgyoe.com 

မြို့စားကတော် ဆာဘင်းရှေ့ သွား၍ရပ်ကာ ဦးညွတ်၍ နှုတ်ဆက်သည်။

'မဒမ် ခင်ဗျား၊ မဒမ်ရဲ့ ဖိတ်ကြားမှုကို ကျွန်တော်မမေ့တဲ့အတွက်'

မဒမ် ဆာဘင်းက အပြုံးဖြင့် ကြိုသည်။ သတင်းစာဆရာ ဖူရှာရေးသည် မြို့စားမှူဖေးအား နှုတ်ဆက်ပြီး ဧည့်ခန်းအလယ်၌ရပ်ကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ သူသိသူများထဲမှ စတိုင်းနားကို အလျင်ဆုံး မြင်သည်။ ဗင်ဒူဗရေးသည် ဖူရှာရေးထံ ရောက်လာပြီး လက်ဆွဲနှုတ်ဆက်သည်။ ဖူရှာရေးက ဗင်ဒူဗရေးအနီးသို့ ကပ်ကာ နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။

'မနက်ဖြန်ကော ဘယ်လိုလဲ၊ သွားမှာပဲလား'

'သွားမှာပေါ့'

'သန်းခေါင်ယံ၊ သူ့အိမ်ကိုလေ'

'သိပါတယ်၊ ဘလန့်ချီနဲ့သွားမှာ'

ဗင်ဒူဗရေးသည် အမျိုးသမီးများထံ ပြန်သွားပြီး ဘစ္စမတ်နှင့်ပတ်သက်၍ ဆက်လက် ငြင်းခုံလိုသည်။ သို့သော် ဖူရှာရေးက တားထားသဖြင့် ရပ်နေရသည်။

'သူက ကျွန်တော်ကို ယုံယုံကြည်ကြည်နဲ့ ဖိတ်ခိုင်းလိုက်တဲ့လူ ရှိသေးတယ်၊ ဘယ်သူလို့ ခင်ဗျားထင်လဲ'

ပြောပြောဆိုဆိုပင် ဖူရှာရေးသည် စတိုင်းနားတို့နှင့် ဘဏ္ဍာရေးရသုံးအသုံးစရိတ်ငွေအကြောင်း ဆွေးနွေးနေသော မြို့စားမှူဖေးဘက်သို့ ဦးခေါင်း ဆတ်ပြသည်။

'ဟာ… မဖြစ်နိုင်တာပဲ'ဟု ဗင်ဒူဗရေးက တအံ့တသြ ရေရွတ်သည်။ အလွန်သဘောကျသွားသော အရိပ်လက္ခဏာကိုလည်း ဖော်ပြသည်။

'ကျွန်တော်က ဘာကြောင့်လိမ်ပြောရမှာလဲ၊ သူ့ကို မပါ ပါအောင် ခေါ်ခဲ့ပါမယ်လို့ ကျိန်ခဲ့ရတာ၊ ကျွန်တော် အခုဒီလိုလာတာဟာ ဒီကိစ္စကြောင့်လည်း ပါတယ်'

နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်လိုက်ကြသည်။

ဗင်ဒူဗရေးသည် မိန်းမအုပ်စုထံ ပြန်သွားပြီး ဘစ္စမတ်အကြောင်း

mgyoe.com

mgyoe.com

ဆက်ပြောနေသည်။ ဘစ္စမတ် ရယ်စရာပြောတတ်သူ ဖြစ်ကြောင်းနှင့် ဟာသဉာဏ်ရှိသူဖြစ်ကြောင်း စသည်များ ဖြစ်သည်။

ဖူရှာရေးနှင့် ဗင်ဒူဗရေးတို့ လေသံနှင့်ပြောနေကြသော စကားများကို နားစွန်နားဖျား ကြားလိုက်ရသည့် လာဖာလ္လိုင်းသည် ဖူရှာရေး၏ မျက်နှာကို စိုက်ကြည့်နေသည်။ သူ့အား ပြန်၍ ဖောက်သည်ချလိမ့်မည်ဟူသော အတွေးဖြင့် စောင့်စားနေခြင်းဖြစ်၏။ သို့သော် ဖူရှာရေး၏နှုတ်မှ စကားတစ်လုံးပင် ထွက်မလာ။ သူတို့ ဘယ်သူ့အကြောင်းပြောနေကြတာပါလိမ့်၊ ညသန်းခေါင်ယံအချိန်ကြီးမှာ ဘာများလုပ်မလို့လဲ။

ထိုအချိန်မှစ၍ လာဖာလ္လိုင်းသည် သူ့ဝမ်းကွဲအစ်ကိုအား မျက်ခြည်ပြတ် မခံတော့။ သူအစ်ကိုနောက် တကောက်ကောက်လိုက်သည်။ သူ့အစ်ကို ထိုင်လျှင် အနားမှာ သွားထိုင်သည်။ သူ့အစ်ကို ရပ်လျှင် အနားမှာသွားရပ်သည်။ သူ့အစ်ကိုသည် မြို့စားကတော် ဆာဘင်းအပေါ်၌ များစွာစိတ်ဝင်စားနေသည်ကို သူသတိထားမိနေသည်မှာကြာပြီ။ သူ့အစ်ကိုသည် မြို့စားကတော်၏ နာမည်ကို မကြာခဏ သူ့အား ပြောနေခဲ့၏။ သူသတိထားရမိသလောက် ဆိုပါက မြို့စားကတော်သည် အသက် ဆယ့်ခုနစ်နှစ်အရွယ်ကတည်းက လက်ထပ်ခဲ့သူဖြစ်ရာ အခုလောက်ဆိုလျှင် အနည်းဆုံး အသက်သုံးဆယ့်လေးနှစ်တော့ ရှိပေလိမ့်မည်။ သူသည် လက်ထပ်ပြီးကတည်းက သူ့ယောက်ျားနှင့် သူယောက္ခမ အဘွားကြီးတို့ကြားတွင် စိတ်ကျဉ်းကျပ်စွာဖြင့် နေလာခဲ့ရသူဖြစ်သည်။ တကယ်တော့ သူ့ဘဝသည် တောရကျောင်းတစ်ကျောင်းမှ လှောင်အိမ်ထဲရောက်နေသည့် ငှက်ငယ်တစ်ကောင်၏ ဘဝမျိုးဖြစ်သည်။ ပါရီအထက်တန်းစား အသိုင်းအဝိုင်းတွင်မူ အချို့သူများက သူ့အား ဘာသာတရားအလွန်ကိုင်းရှိုင်းသော မိန်းမတစ်ယောက်ဟု ပြောကြသည်။ အချို့ကမူ သူငယ်စဉ်က ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် နေခဲ့သည်များကို သတိတရအောက်မေ့ကာ သူ့အား သနားကြသည်။ အမှန်တော့လည်း ဤအိမ်ကြီးထဲသို့ မရောက်မီ ဆာဘင်း၏ မျက်လုံးလှလှများသည် အခုလို အေးတိအေးစက်မဟုတ်။ အမြဲတစေ အရောင်တလက်လက် တောက်ပကာ ပြုံးရွှင်နေခဲ့ကြသည် မဟုတ်ပါလား။

mgyoe.com

mgyoe.com


ဖူရှာရေးသည် မြို့စားကတော်၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေမိ၏။ မြို့စားကတော် တစ်ကိုယ်လုံးတွင် ဝတ်ထားသည်မှာ အနက်ရောင်။ မျက်နှာတွင် သိမ်မွေ့နူးညံ့သောအပြုံး။ သူ့နောက်၌ချိတ်ထားသည့် မီးရောင်အောက်တွင် သူ့ရုပ်လွှာသည် ပီပြင်ထင်ရှားစွာ ပေါ်လျက်ရှိ၏။ ညိုမောင်းမောင်း အသားအရောင်နှင့် ပြည့်ဖြိုးသောမျက်နှာတွင် နှုတ်ခမ်းသည် မသိမသာကလေး ထူသယောင်ရှိသည်။ ဤနှုတ်ခမ်းမျိုးတွင် ကာမအာရုံခံစားမှုတွင် သာယာမက်မောတတ်လေသလား။

'ဘယ်လိုလူတွေလဲဗျာ၊ ဒီဘစ္စမတ်အကြောင်းကလွဲရင် ပြောစရာအကြောင်း မရှိကြတော့ဘူးတဲ့လား'ဟု လာဖာလွှိုင်းက စိတ်ပျက်သံဖြင့် ရေရွတ်သည်။ 'ဒီနေရာမျိုးကို အစ်ကိုမို့ လာချင်တယ်၊ အံ့ရော'

ဖူရှာရေးက သူ့အတွေးနှင့်သူ မေးခွန်းတစ်ခု မေးသည်။

'ဟော့ လာဖာလွှိုင်း၊ မင်းသိရင် ငါ့ကိုပြောစမ်း၊ မြို့စားကတော်မှာ တိတ်တိတ်ပုန်းတွဲနေတဲ့ အဆက်ရှိသလား'

'ဟာ ရှိမယ်မထင်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်လည်း သေသေချာချာတော့ မသိဘူး၊ ခင်ဗျား မေးပုံကြီးကလည်း'

သူသည် ဆိုဖာပေါ်၌ နေရာပြင်၍ ထိုင်လိုက်ပြီး စကားကိုဆက်ပြောသည်။

'ကျွန်တော်ကတော့ မသိဘူးပဲ ပြောရမှာပဲ၊ အဲဒီထက်ပိုပြီး ပြောစရာလည်း ရှိမှမရှိတာ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဟိုဘက်နားက ထိုင်နေတဲ့လူငယ်တစ်ယောက်ကို မြင်တယ်မဟုတ်လား၊ ဖူးကားမောင့်ဆိုတာ သူပေါ့၊ သူကတော့ ဒီအိမ်မှာ အမြဲလိုလို ရှိတတ်တယ်၊ တကယ်လို့ ဒီငနဲနဲ့ မြို့စားကတော် ဖြစ်နေတယ်ဆိုရင် မြို့စားကတော်ဟာ တော်တော့်ကိုလည်တဲ့ မိန်းမတစ်ယောက်လို့ ဆိုရလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ဒီအကြောင်းကို ဘယ်သူမှလည်း မသိဘူး၊ ပြောသံဆိုသံလည်း မကြားရဘူး'

ထိုနောက် လာဖာလွှိုင်းက မူဖေးမိသားစုနှင့် ပတ်သက်၍ သူသိထားသမျှကို ပြောပြသည်။ မီးဖိုရှေ့၌ ထိုင်နေကြသည့် အမျိုးသမီးအုပ်စုသည် စကားအမျှင် မပြတ်ကြသေး။ သူတို့နှစ်ယောက်သည် ဘေးလူများမကြား

mgyoe.com

mgyoe.com


အောင် နှစ်ကိုယ်ကြားလေသံဖြင့် ပြောနေကြခြင်း ဖြစ်၏။ ဘေးမှ တစ်ဦးတစ်ယောက်က မြင်ခဲ့ပါမူ အထက်တန်းကျကျဝတ်စားထားသည့် အဝတ်များကို ကြည့်၍ အလွန် အရေးကြီးသော ကိစ္စတစ်ခုကို တိုင်ပင်ဆွေးနွေးကြသည်ဟု ထင်ဖွယ်ရာရှိ၏။ တကယ်တော့ သူတို့ပြောနေကြသည်မှာ မူဖေးတို့အတင်းအဖျင်း သတင်းများ။

လာဖာလှိုင်းက သူနှင့် ခင်မင်ရင်းနှီးခဲ့သော အဘွားကြီး မူဖေးမှာ သည်းမခံနိုင်လောက်အောင် ခွကျသော မိန်းမကြီးဖြစ်၍ အမြဲတမ်းလိုလို ဘုန်းကြီးများနှင့် တရောတနှော နေတတ်ကြောင်း။ အာဏာရှင်ဆန်သော စိတ်ရှိ၍ လူတိုင်းက သူ့ရှေ့တွင် ဦးခေါင်းလျှိုးမှ ကြိုက်ကြောင်း။ မူဖေးမှာ ပထမမြောက် နပိုလီယံက မြို့စားဘွဲ့အပ်နှင်းခဲ့သော ဗိုလ်ချုပ်တစ်ဦး၏ သားဖြစ်ကြောင်း။ မူဖေးသည် ပျော်ပျော်ရွှင်ရွှင် နေတတ်သော အလေ့အထ မရှိသော်လည်း အများက လူရိုးလူဖြောင့်တစ်ဦးဟု အသိအမှတ်ပြုကြကြောင်း။ အလွန်ရှေးကျသည့် အယူအဆများရှိပြီး သူ့ဂုဏ်သိက္ခာနှင့် သူ့ထင်မြင်ယူဆချက်များကို အလွန် ရှေ့တန်းတင်လေ့ရှိကြောင်း။ မူဖေးအား ထိုအမျိုးအစားဖြစ်လာအောင် ပြုစုပျိုးထောင်ပေးခဲ့သူမှာ သူမိခင်ကြီး မူဖေးပင်ဖြစ်ကြောင်း။ မူဖေး၏ ဘဝတစ်လျှောက်လုံးတွင် လူငယ်တို့ သဘာဝအရ စည်းလွတ်ဝါးလွတ်နေထိုင်ခြင်း၊ ထင်ရာမြင်ရာစွပ်လုပ်ခြင်း မရှိခဲ့ကြောင်း။ ငယ်ရွယ်စဉ်ကတည်းက ဘာသာရေးတွင် အပြင်းအထန် သက်ဝင်ယုံကြည်အောင် လေ့ကျင့်ပေးခြင်းကို ခံလာခဲ့ရသူဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ်ပြောပြသည်။ နောက်ဆုံးတွင် သူပြောပြခဲ့သည့် အကြောင်းခြင်းရာများ ပိုမိုပြည့်စုံသွားစေရန်အတွက် သူသိထားသည့် အတွင်းကျကျ အကြောင်းတစ်ခုကို သူ့အစ်ကို၏နားတစ်ဖက်တွင် ပါးစပ်ဖြင့်ကပ်၍ ပြောပြလိုက်သည်။

'ဖြစ်နိုင်ပါ့မလားကွာ' ဖူရာရေးက ရေရွတ်သည်။

'ကျွန်တော် ကျိန်ပြီး ပြောရဲတယ်ဗျာ၊ သူ့လက်ထပ်ချိန်အထိ သူ့မှာ အဲ့ဒါရှိနေတုန်းပဲတဲ့'

ဖူရာရေးက မြို့စားအား လှမ်းကြည့်ပြီး ရယ်သည်။ မြို့စားမျက်နှာသည် လေးထောင့်။ ဘေးနှစ်ဖက်တွင် ပါးမြိုင်းမွေးများရှိသော်လည်း နှုတ်

mgyoe.com

mgyoe.com


ခမ်းမွေးမရှိ။ အမှားမှား အယွင်းယွင်းဖြစ်နေသော စတိုင်းနားအား ငွေကြေး ကိန်းဂဏန်းများ အတိအကျ တွက်ပြနေသည့် မူဖေး၏ မျက်နှာထားသည် တင်းမာခက်ထန်လွန်းလှချေသည်။

'ဒီလိုလူမျိုးနဲ့ရတဲ့ မိန်းမအဖို့တော့ စိတ်ညစ်စရာပေါ့လေ'ဟု ဖူရှာရေး က ပြောသည်။ 'မြို့စားကတော်ခမျာ သနားစရာပဲ၊ ဘယ်လောက်များ စိတ်ညစ်ရှာမလဲ၊ သူ့အနေဖြင့် ဘာမှဟုတ်တိပတ်တိ သိမယ်မထင်ပါဘူး'

ထိုအခိုက်တွင် မြို့စားကတော် ဆာဘင်းက ဖူရှာရေးအား လှမ်း၍ စကားပြောသည်။ သို့သော်လည်း သူညီထံမှ ကြားခဲ့ရသော မူဖေးအကြောင်း ကို ပြန်လည်စဉ်းစားပြီး အတွေးနယ်ချဲ့နေမိသော ဖူရှာရေးက မကြား။ ဆာဘင်းက နောက်တစ်ကြိမ် ထပ်မေးပြန်သည်။

'မွန်စီယာ ဖူရှာရေး၊ ရှင် မွန်စီယာဘာစ္စမတ်ရဲ့ အတ္ထုပ္ပတ္တိ ဆောင်းပါး မရေးဘူးလား၊ ရှင်သူနဲ့တော့ ရင်းနှီးခဲ့ဖူးတယ် မဟုတ်လား'

ဖူရှာရေးသည် ထိုင်ရာမှ ကပျာကယာထကာ အမျိုးသမီးအုပ်စုဆီ သို့ လျှောက်သွားသည်။ ပြီးတော့ မဒမ်ဆာဘင်း၏ မေးခွန်းကို တလေး တစား ဖြေသည်။

'ကျွန်တော် ရေးခဲ့ဖူးပါတယ် ခင်ဗျာ၊ ဂျာမနီမှာ ထုတ်ဝေခဲ့တဲ့ သူ့အတ္ထုပ္ပတ္တိကိုဖတ်ပြီး ရေးခဲ့တာပါ၊ မွန်စီယာဘာစ္စမတ်ကို ကျွန်တော်မြင် တောင် မမြင်ဖူးခဲ့ပါဘူး'

ဖူရှာရေးသည် မြို့စားကတော်၏ အနီးမှာ မခွာတော့ဘဲ စကားလက် ဆုံကျအောင် ကြိုးစားသည်။ မြို့စားကတော်သည် အသက်အရွယ်နှင့်မလိုက် အောင် နုနယ်ပျိုမျစ်လှသူတစ်ဦး ဖြစ်၏။ သူ့ကို မြင်သူတိုင်း အသက် နှစ်ဆယ့်ရှစ်နှစ်ထက် ပိုဦးမည်မဟုတ်ဟု ထင်ကြလိမ့်မည်မှာ မလွဲ။ သူ့အပြာ ရောင် မျက်လုံးအစုံနှင့် ရှည်လျားမည်းနက်သော မျက်တောင်များသည် သူ့ရုပ်ရည်ကို နုပျိုနေအောင် ဖန်ဆင်းထားဆဲပင် ဖြစ်သည်။ သူသည် ဖခင်မြို့စားကြီး၏ အိမ်၌ တစ်လ၊ မိခင်အိမ်၌ တစ်လ အလှည့်ကျနေထိုင်ပြီး ကြီးပြင်းလာခဲ့ရသူ ဖြစ်၏။ သူ့မိခင်ကွယ်လွန်၍ သူအိမ်ထောင်ပြုသည့်အခါ သူ့အသက်မှာ အလွန်ပင် ငယ်သေးသည်။ ဖခင်ဖြစ်သူ၏ ဇွတ်အတင်း

mgyoe.com

mgyoe.com


စိမ်မှုကြောင့်သာ လက်ထပ်ခဲ့ရခြင်း ဖြစ်သည်။ အမှန်တော့ သူ့ဖခင်သည် သူ့အတွက် အနှောင့်အယှက် အဖျက်အဆီးကြီးတစ်ခု ဖြစ်လေသည်။

ဖခင်ဖြစ်သူ မြို့စားကြီးချူးအတ်သည် အလွန်ကြောက်စရာကောင်းသူတစ်ဦး ဖြစ်သည်။ သူနှင့်ပတ်သက်၍ ထူးဆန်းသော ဖြစ်ရပ်များရှိခဲ့ဖူးရာ ထိုအကြောင်းသည် လူအများကြားတွင် ပြန့်လျက်ရှိသည်။ ဖူရှာရေးက မြို့စားကတော်၏ ဖခင်နှင့် တွေ့ခွင့်ရနိုင်ပါမည်လောဟု မေးသည်။ တွေ့ခွင့်ရနိုင်ပါသည်၊ သူ့ဖခင်လာလိမ့်မည်မှာ သေချာသော်လည်း အလွန်အလုပ်များသူတစ်ဦး ဖြစ်သဖြင့် နောက်ကျလိမ့်မည်ဟု သူထင်ကြောင်း မြို့စားကတော်က ဖြေသည်။

သတင်းစာဆရာသည် ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ ညနေပိုင်း၌ အဘိုးကြီးသည် ဘယ်လိုနေရာမျိုး၌ အချိန်ဖြုန်းနေမည်ကို ဆင်ခြင်စဉ်းစားနေခြင်း ဖြစ်၏။ ဤအခိုက်မှာပင် မြို့စားကတော်၏ ဘယ်ဘက် ပါးစပ်အနီးတွင် လှပသော အမှတ်လေးတစ်ခုကို မြင်သည်။ ဤအမှတ်မျိုး နာနာ၌ရှိသည်ကိုလည်း သူ သတိရမိ၏။ သူ့အဖို့ အလွန်ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခု ဖြစ်နေသည်။ ဤမွေးရာပါ အမှတ်အသားကလေးပေါ်တွင် အမွေးနုကလေးများပေါက်လျက် ရှိသည်။ မြို့စားကတော်၏ အမှတ်ပေါ်မှ မွေးညင်းကလေးများမှာထူထဲပြီး အရောင်မှာ မဟူရာကျောက်လို အနက်ရောင် ဖြစ်သည်။ နာနာ၏အမှတ်ပေါ်မှ မွေးညင်းကလေးများသည် ခပ်ပါးပါးဖြစ်ပြီး အရောင်မှာ အဖြူရောင် ဖြစ်သည်။ ဤခြားနားမှုသည် အရေးကြီးသည် မဟုတ်။

ညှော်ခန်းမှာ မှုန်ကုတ်ကုတ် မှောင်မည်းမည်း နိုင်လွန်းလှသည်ဟု ဖူရှာရေးက တွေးမိသည်။ အနံ့အသက်များမှာလည်း ဘုရားရှိခိုးကျောင်းထဲ၌ ရတတ်သည့် အနံ့အသက်မျိုးနှင့် တူလှချေသည်။ ဤအခန်းကို မြင်ရုံမျှဖြင့် မြို့စားကတော်၏ မလွတ်လပ် မသာမယာသောဘဝကို သူ ဆင်ခြင်၍ရသည်။ ဤအိမ်ကြီးတွင် ဘုရင်တစ်ပါးသဖွယ် မင်းမူနေသူမှာ မူဖေးသာလျှင် ဖြစ်ပေလိမ့်မည်။

အမျိုးသမီးများ၏ နောက်ဘက်ရှိ ပက်လက်ကုလားထိုင်တစ်လုံး၌

mgyoe.com

mgyoe.com


ထိုင်၍ ရယ်ကျဲကျဲလုပ်နေသည့် သွားမည်းမည်းနှင့် အဘိုးအိုမှာ သီအိုဖစ်လ်ဗင်းနော့ဆိုသူ ဖြစ်သည်။ သူသည် အငြိမ်းစားအစိုးရရှေ့နေဖြစ်၍ သာသနာရေးနှင့် ယှက်နွယ်နေသော အမှုများတွင် အထူးနားလည်ခဲ့သူဖြစ်၏။ ယခုအခါတွင် လူချမ်းသာတစ်ယောက်အဖြစ် နာမည်ကြီးဆဲဖြစ်၍ အများတလေးတစား ဆက်ဆံခြင်း၊ ရိုသေကြောက်ရွံ့ခြင်းကို ခံယူနေရဆဲ ဖြစ်၏။

အမျိုးသမီးအုပ်စုကြားမှ ခွာထွက်လာခဲ့သော ဖူရှာရေးသည် သူ့ညီထံပြန်ရောက်လာသည်။ 'မင်းပြောတာ သိပ်မှန်တယ်၊ ဒီနေရာဟာ တကယ့်ကိုစိတ်ကုန်စရာကောင်းတဲ့နေရာပဲကွ' ဟု ပြောသည်။ 'တို့တော့ မြန်မြန်လစ်မှ ဖြစ်တော့မှာပဲ'

သို့သော် မူဖေးတို့၏ ပထုတ်ခြင်းကိုခံခဲ့ရ၍ ဒေါပွနေသော စတိုင်းနားရောက်လာသဖြင့် ရုတ်တရက် အခန်းထဲမှမထွက်နိုင် ဖြစ်ရပြန်သည်။ တရှုံးရှုံး တရှဲရှဲ ဖြစ်နေသော စတိုင်းနားသည် လေသံတိုးတိုးဖြင့် သူ၏မကျေနပ်မှုကို ဖော်ထုတ်လျက် ရှိသည်။

'အလကားကောင်တွေ၊ သူတို့က စကားမပြောချင်တော့ကော ဘာဖြစ်မလဲ၊ ဂရုစိုက်စရာ မလိုဘူး၊ ငါ့ဘာသာငါ စကားပြောစရာလူ ရှာလို့ရတာပဲ'

စတိုင်းနားက ဖူရှာရေးအား အခန်းထောင့်သို့ ဆွဲခေါ်သွားပြီး 'မနက်ဖြန်ည ကျွန်တော်လည်းပါတယ်' ဟု ပြောသည်။

'ဟုတ်ရဲ့လား…' ဟု ဖူရှာရေးက တအံ့တသြ ပြန်မေးသည်။

'ခင်ဗျား မသိဘူးလား၊ အို့ဗျာ၊ ကျွန်တော့်မှာဖြင့် သူ့အိမ်ကို လိုက်ရှာရတဲ့အလုပ်ကြောင့် စိတ်မောလူမောပဲ၊ အရေးထဲက မီနွန်ဆိုတဲ့ ကောင်ကလည်း မခွာဘူး၊ တောက်တဲ့ကပ်သလို လိုက်ကပ်နေတယ်'

'ဒါပေမဲ့ သူတို့လင်မယားလည်း ပါတီပွဲကို လာကြမှာပဲ မဟုတ်လား'

'သူကတော့ ပြောတာပဲ၊ နောက်ဆုံးမှာတော့ သူက ကျွန်တော်ကိုအတွေ့လည်းခံတယ်၊ ဖိတ်လည်း ဖိတ်လိုက်တယ်၊ ဇာတ်ပွဲအပြီး ည ၂ နာရီမှာ စမှာနော်'

mgyoe.com

mgyoe.com


စတိုင်းနား၏ မျက်နှာသည် ရွှင်မြူးလျက်ရှိ၏။ သူသည် ဖူရှာရေးအား မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး ထပ်ပြော၏။

'ဘယ်လိုလဲ၊ ကိုယ့်လူကော အဆင်ပြေတယ် မဟုတ်လား'

'ခင်ဗျားမေးခွန်းက ဘာကိုဆိုလိုတာလဲ'ဟု ဖူရှာရေးက နားမလည်ဟန်ဆောင်ပြီး ပြန်မေးသည်။ 'ကျွန်တော်ရေးလိုက်တဲ့ ဝေဖန်ရေးဆောင်းပါးအတွက် ကျေးဇူးတင်စကားပြောချင်လို့ ကိုယ်တိုင်ရောက်လာတဲ့သဘောပါဗျ'

'ဟုတ်တယ်လေ၊ ထားလိုက်ပါတော့၊ ခင်ဗျားတို့က အမြဲတမ်းကံကောင်းတဲ့လူတွေကိုးဗျ၊ ခင်ဗျားလုပ်တာ ကောင်းလို့ဆုရတာပဲပေါ့၊ ဟုတ်ဘူးလား၊ ဒါနဲ့နေပါဦး၊ မနက်ဖြန်ပွဲအတွက် စရိတ်က ဘယ်သူက အကုန်ခံမှာလဲ'

သတင်းစာဆရာက ထိုကိစ္စကို ဘယ်သူမှမသိဟု ဖြေသည့် သဘောဖြင့် လက်နှစ်ဖက်မြှောက်ပြလိုက်သည်။ ထိုအခိုက်မှာပင် မွန်စီယာဘစ္စမတ်နှင့် ရင်းနှီးပါသည် ဆိုသော ဗင်ဒူဗရေးက စတိုင်းနားအား လှမ်းခေါ်သည်။ မဒမ်ဒီဂျုံးကွိုင်းကတော့ ဘစ္စမတ်အကြောင်း မကောင်းပြောဆဲ။

'ကျွန်မကတော့ ဒီလူကြီးကို လုံးဝသဘောမကျဘူး၊ သူ့မျက်နှာက ယုတ်မာမယ့်ပုံ ပေါ်နေတယ်။ သူ့မှာ ဉာဏ်ရှိတယ်ဆိုတာကိုတော့ ကျွန်မလက်ခံပါတယ်၊ သူအောင်မြင်နေတာ ဉာဏ်ရှိလို့ပေါ့ရှင့်'

'သံသယဖြစ်စရာ မလိုပါဘူး'ဟု စတိုင်းနားက ကြားဝင်ပြောလိုက်သည်။ 'သူက ဖရန့်ဖို့မြို့သား ဂျူးလူမျိုးပဲ'

ထိုအတောအတွင်း လာဖာလွိုင်းသည် သူ့အစ်ကိုအား နားပူနားဆာလုပ်လျက်ရှိသည်။ 'မနက်ဖြန်ကျရင် အမျိုးသမီးတစ်ယောက်ရဲ့အိမ်မှာ ညစာစားပွဲရှိတယ်လို့ ကျွန်တော် နားလည်ထားတယ်၊ ဘယ်သူ့အိမ်မှာလဲ၊ အိမ်က ဘယ်မှာလဲ ကျွန်တော့်ကိုတော့ ပြောပြပါဦး'ဟု မေးသည်။

ဖူရှာရေးက ဘေးလူတွေ ကြားကုန်လိမ့်မည်ဟု မျက်နှာရိပ်မျက်နှာကဲပြသည်။ ကိုယ့်ဂုဏ်သိက္ခာကို ထိန်းဖို့လည်း သတိပေးသည်။ ဤအခိုက်မှာပင် အခန်းတံခါးပွင့်သွားပြီး လူငယ်တစ်ယောက်နှင့် အမျိုးသမီးကြီး

mgyoe.com

mgyoe.com


တစ်ယောက် ဝင်လာသည်။ ဖူရှာရေးသည် လူငယ်အား ချက်ချင်းမှတ်မိသည်။ 'ဗီးနတ်စ် နတ်မိမယ်ပြဇာတ်' ပထမဆုံးည 'သိပ်ကောင်းတယ်'ဟု ထအော်ခဲ့သော ကောလိပ်ကျောင်းသားကလေးတည်း။ သူအော်ဟစ်ခဲ့သည့် အကြောင်းကို ယခုအထိ လူအများက အမှတ်တရ ပြောနေကြဆဲ မဟုတ်ပါလား။

အမျိုးသမီး ဝင်လာသည့်အတွက် ဧည့်ခန်းထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မြို့စားကတော် ဆာဘင်းသည် ထိုင်ရာမှ လျင်မြန်စွာထပြီး အမျိုးသမီးကြီးအား ကြိုသည်။ 'မဒမ်ဟူဝွန်'ဟု ခေါ်ကာ လက်နှစ်ဖက်ကို တယုတယဆွဲ၍ခေါ်လာပြီး နေရာချပေးသည်။

ဖူရှာရေးသည် ထိုမြင်ကွင်းကို တအံ့တသြဖြစ်ကာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ သူ့အစ်ကို၏အဖြစ်ကို သတိထားမိလိုက်သော လာဖာလွိုင်းက လေသံဖြင့် အမျိုးသမီးကြီးအကြောင်း ပြောပြသည်။ မဒမ်ဟူဝွန်မှာ ရှေ့နေတစ်ဦးဇနီး မုဆိုးမဖြစ်၍ အော်လီရိုမြို့အနီးတွင် မိသားစုပိုင်ခြံကြီး၌ နေထိုင်သည်။ ပါရီမြို့ပေါ်တွင် သူပိုင် စီးပွားရေးလုပ်ငန်းတစ်ခု ရှိရုံမျှမက ရစ်ချီလူးလမ်းတွင် သူပိုင် အိမ်တစ်လုံးလည်း ရှိသည်။ ပါရီ တက္ကသိုလ်ဥပဒေတန်း ပထမနှစ်တက်မည့် သူ့သားကိစ္စအတွက် ပါရီတွင် သီတင်းပတ် အနည်းငယ်မျှ လာရောက်နေထိုင်ခြင်း ဖြစ်သည်။ မဒမ်ဟူဝွန်မှာ ဆာဘင်းမိခင် မြို့စားကတော်ကြီး ချူးအတ်နှင့် အလွန် ရင်းနှီးခင်မင်ခဲ့သူ ဖြစ်သည်။ ယခုမြို့စားကတော် ဆာဘင်းမွေးဖွားစဉ်ကလည်း အနီး၌ မီးနေစောင့်သဖွယ် နေခဲ့ရဖူးသည်။ ဆာဘင်း အိမ်ထောင်မကျမီကလည်း မဒမ်ဟူဝွန်၏ အိမ်သို့သွား၍ တစ်လတန်သည် နှစ်လတန်သည် နေထိုင်လေ့ရှိခဲ့၏။

'မင်းနဲ့ တွေ့ရအောင် ဂျော့ကို ခေါ်လာခဲ့တယ်' ဟု မဒမ်ဟူဝွန်က ဆာဘင်းအား ပြောသည်။ 'ဂျော့က သိပ်ကို ထွားလာတာ'

လူငယ်က မြို့စားကတော်အား တလေးတစား နှုတ်ဆက်သည်။

'ဖီးလစ်ကော ပါရီမှာပဲလား'ဟု မြို့စားမှူးဖေးက မေး၏။

'မဟုတ်ဘူးကွယ့်၊-သူ ဘိုးဂတ်စ်ခံတပ်မှာ စစ်မှုထမ်းနေရတုန်းပဲ'

mgyoe.com

mgyoe.com


မဒမ်ဟူဝွန်သည် ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်သည်။ သူ့သဘော သူ့ဆန္ဒအရ စစ်ထဲဝင်သွားပြီး ယခုအခါ ဗိုလ်ကလေးရာထူးကိုပင် ရနေပြီ ဖြစ်သော သူ့သားကြီး ဖီးလစ် အကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောပြလျက်ရှိသည်။ မဒမ်ဟူဝွန်၏ ပတ်ပတ်လည်၌ ဝိုင်းထိုင်နေကြသော အမျိုးသမီးများသည် တရိုတသေ တလေးတစား ဆက်ဆံပြောဆိုလျက်ရှိကြ၏။

လာဖာလ္လိုင်းသည် မနက်ဖြန် ညစာစားပွဲလုပ်မည့် အိမ်ရှင်အမျိုးသမီး၏ နာမည်ကို မသိရသဖြင့် ကသိကအောက် ဖြစ်လျက်ရှိသည်။ အပြန်တွင် သူ့အစ်ကိုအား မရမနေမေးမည်ဟု စိတ်ပိုင်းဖြတ်ထားသည်ဖြစ်ရာ သူ့အစ်ကိုအား 'ကျွန်တော်တို့ ပြန်ကြစို့လား'ဟု လောဆော်လျက် ရှိသည်။

'ခဏနေပါဦးကွာ၊ ပြန်ကြတာပေါ့'ဟု ဖူရှာရေးက ပြန်ပြောသည်။

ဖူရှာရေးအနေဖြင့် ချက်ချင်းထ၍ မဖြစ်သေး။ လူတစ်ယောက်က သူ့အား ယုံကြည်စိတ်ချစွာဖြင့် ခိုင်းလိုက်သည့် ကိစ္စတစ်ခုက ရှိနေသေးသည်။ အခြားကိစ္စတော့မဟုတ်။ ပါတီပွဲတစ်ခုတက်ရန် ပုဂ္ဂိုလ်တစ်ဦးအား ဖိတ်ကြားပေးဖို့ ဖြစ်သည်။ အခါအခွင့်မရသဖြင့် ထိုကိစ္စကို သက်ဆိုင်ရာ ပုဂ္ဂိုလ်အား ယခုထက်ထိ မပြောရသေး။

အမျိုးသမီးများသည် အလွန် စိတ်ထိခိုက်စရာကောင်းသည့် မိန်းကလေးတစ်ယောက်၏ အချစ်ရေးရာ ဇာတ်လမ်းတစ်ပုဒ်ကို ပြောလျက်ရှိသည်။ ဤအဖြစ်အတွက် ပါရီတစ်မြို့လုံးလိုလို စိတ်ထိခိုက်နေခဲ့ကြသည်မှာ သုံးရက်ပင်ရှိခဲ့ပြီ။ မိန်းကလေးမှာ ဘေးရွှန်မြို့စားကတော် ဖူးဂါးရေး၏ သမီးကြီးဖြစ်၍ သူချစ်သူနှင့် မပေါင်းရသဖြင့် သီလရှင်ဝတ်သွားခဲ့ခြင်းဖြစ်၏။ ဖူးဂါးရေးနှင့် ညီအစ်မဝမ်းကွဲတော်သူ မဒမ်ချန်တာရီးက သူ့အစ်မမှာ သူ့သမီးအတွက် စိတ်ထိခိုက်လွန်းသဖြင့် အိပ်ရာထဲလဲနေကြောင်း ပြောသည်။

အများက မိန်းကလေးအား သနားနေကြသော်လည်း မဒမ်ဟူဝွန်ကတော့ မိခင်ဖြစ်သူအား သနားနေသည်။ အခုလိုပုံစံဖြင့် သမီးတစ်ယောက် ဆုံးရှုံးရသည်မှာ မိခင်တစ်ယောက်အနေဖြင့် များစွာ ကြေကွဲရှာလိမ့်မည်ဟု သူက ဆိုသည်။

mgyoe.com

mgyoe.com

ထို့နောက် အမျိုးသမီးများသည် ရောက်တတ်ရာရာ အတင်းအဖျင်းများကို ဆက်လက် ပြောဆိုနေကြသည်။ တစ်ခါတစ်ရံ သူတို့အုပ်စုဆီမှ ရယ်သံများ ကြားရတတ်၏။ မီးလင်းဖိုပေါင်ပေါ်၌ ချိတ်ထားသည့် မှန်အိမ်များမှ အလင်းရောင်ဖျော့ဖျော့သည် သူ့တို့အပေါ် ဖြန့်ကျလျက် ရှိလေသည်။

ပျင်းရိငြီးငွေ့လာသော စတိုင်းနားသည် မိန်းမအုပ်စုထဲမှ မဒမ်ဒီချက်ဇယ်၏ အကြောင်းကို ဖူရှာရေးအား ဖောက်သည်ချသည်။ ထိုမိန်းမသည် အလွန် မနှစ်မြို့ဖွယ်ကောင်းသည့် မိန်းမတစ်ယောက်ဖြစ်သည်ဟု သူက ဆိုသည်။ သူပြောနေသည့် စကားများကို မိန်းမများ ကြားမည်စိုးသဖြင့် စတိုင်းနားသည် သတိကြီးစွာထားပြီး တိုးတိုးကလေးပြောသည်။ ဖူရှာရေးသည် မဒမ်ချက်ဇယ်အား မကြာခဏလှမ်းကြည့်သည်။ မနှစ်မြို့ဖွယ်ကောင်းသည့် မိန်းမတစ်ယောက် ဤအသိုင်းအဝိုင်း၌ ဝင်ဆံ့နေသည့်အတွက် သူ အံ့သြ၍မဆုံး။ သူ့အတွက် ဆောင်းပါးတစ်ပုဒ်ရေးရန်ကောင်းသည့်အကြောင်းအရာတစ်ခု ဖြစ်နေသည်။ ပါရီမြို့တော်ရှိ အထက်တန်းစားလောက၏ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်သည် ဝိသေသ ထူးလှပါပေ၏။ သူသည် အလွန်ရှေးကျသော ဧည့်ခန်းကြီးထဲမှ ဧည့်သည်များအား စူးစမ်းသော အကြည့်ဖြင့် တစ်ယောက်ချင်းစီ လိုက်၍ကြည့်သည်။ သူ့အဖို့တော့ ဤအခန်းထဲရှိ မိန်းမ၊ ယောကျာ်း၊ လူကြီးလူငယ် လူအားလုံးသည် စိတ်ဝင်စားစရာတွေချည်း ဖြစ်နေသည်။ သူ့ဆောင်းပါးသည် သူ့စိတ်အာရုံတွင် ပီပြင်စွာ ပေါ်လာလျက် ရှိနေလေပြီ။ သူ့ဆောင်းပါးအား 'မြို့စားကတော် ဆာဘင်း၏အုပ်စုကလေး'ဟု အမည်ပေးရလျှင် ကောင်းလေမလား။

စတိုင်းနားကတော့ သူ ပြောလက်စ စကားကို ဆက်ပြောနေဆဲ။ 'ချက်ဇယ် ဆိုတဲ့ မိန်းမက ဘော်ရီကူးလ် ရဲတိုက်ကြီးမှာနေတာ၊ အဲဒီကနေပြီး သူ့အဆက်တည်းတဲ့ ဟိုတယ်ကို နေ့စဉ် မြင်းနှစ်ကောင်တပ် လေးဘီးမြင်းရထားနဲ့ တခမ်းတနားလာတာ၊ ဟိုရောက်တော့လည်း မြင်းရထားကို ဟိုတယ်ရှေ့မှာ ပြောင်ပြောင်လင်းလင်း ရပ်ထားခဲ့ပြီး သူက သူ့အဆက်ရဲ့အခန်းထဲမှာ အချိန်အကြာကြီး နေတယ်၊ ဟိုတယ်ရှေ့မှာလည်း သူ့မြင်းရထားကို ဝိုင်းကြည့်နေတဲ့လူတွေက မနည်းဘူး၊ အဲလောက်ကို ပြောင်ကျတော့လည်း အများသိ ဖြစ်ကုန်တာပေါ့'

mgyoe.com

mgyoe.com

အခန်းထဲတွင် တိတ်ဆိတ်နေပြန်သည်။ လူငယ်နှစ်ယောက် တီးတိုး စကားပြောသံနှင့် တစ်နေရာမှ အခြားတစ်နေရာသို့ ဖြတ်လျှောက်သွားသော မြို့စာမူဖေး၏ ခြေသံများသာ ကြားရသည်။ မှန်အိမ် မီးရောင်များသည် မှိန်သွားသယောင်ယောင်။ မီးဖိုထဲမှ ထင်းမီးတောက်များသည် အရှိန်သေ သွားသလိုလို။ စကားပြောသံများသည် အချိန်တော်ကြာမျှ ရပ်နားနေသည်။ ထိုနောက် မြို့စားကတော်၏အသံ ကြားရသည်။

'ကောင်ကလေးက သေသွားပုံပေါ်တယ်၊ ဒါကြောင့်လည်း မိန်းက လေးက သီလရှင်ဝတ်သွားတာ ဖြစ်မယ်၊ ပြီးတော့လည်း လူတွေပြောနေ ကြတာက ဒီကောင်လေးနဲ့လက်ထပ်ရင် မွန်စီယာဒီဖူဂါးရေးက ဘယ်နည်းနဲ့ မှ သဘောတူမှာ မဟုတ်ဘူးတဲ့'

'အို… လူတွေပြောနေကြတာကတော့ အများကြီးပါပဲ'ဟု မဒမ်ချက် ဇယ်က ဝင်ပြောသည်။ တစ်ယောက်တစ်ပေါက် ထင်မြင်ချက်ပေးသံများ ကြားကြရပြန်သည်။ အက်စတယ်က ဘဲလ်တီး၍ အိမ်စေတစ်ယောက်အား ခေါ်ပြီး မီးလင်းဖိုထဲ ထင်းများ ထပ်ထည့်ခိုင်းသည်။ အိမ်စေတစ်ဦးက မှန်အိမ်များကို လိုက်၍ ပြုပြင်ပေးသည်။ ဧည့်ခန်းသည် စောစောကနှင့် မတူ ပြန်လည် အသက်ဝင်လာသည့်နှယ် ရှိသည်။

ဗင်ဒူဗရေးသည် အမျိုးသမီးများ ပြောနေကြသည့် အကြောင်းအရာ ပေါ်တွင် စိတ်ပျက်လာပုံရသည်။ သူသည် ဖူရှာရေးထံရောက်လာပြီး လေ သံဖြင့် မေးသည်။

'မနက်ဖြန်ညကျရင် ကျွန်တော်တို့လူ ဘယ်နှယောက်ရှိမလဲ၊ မီနွန်တို့ လင်မယားရယ်၊ စတိုင်းနားရယ်၊ ခင်ဗျားရယ်၊ ဘလန်ချီရယ်၊ ကျွန်တော်ရယ် ပြီးတော့ တခြားဘယ်သူတွေ ပါဦးမလဲ'

'ကာရိုလိုင်းလည်း ပါမယ်ထင်တယ်၊ ပြီးတော့ ဆိမွန်ရယ်၊ ဂါဂါ ရယ်၊ သူတို့လည်း ပါမှာသေချာတယ်၊ ဒီလိုပွဲမျိုးတွေကတော့ ခင်ဗျားသိတဲ့ အတိုင်းပဲလေ၊ အနည်းဆုံး လူ ၂၀၊ ၃၀ လောက်တော့ရှိမှာပဲ'

'အမျိုးသမီးများဆီကို ငေးကြည့်နေသော ဗင်ဒူဗရေးသည် ရုတ်တ ရက် တခြားအကြောင်းအရာတစ်ခုကို ပြောင်း၍ ပြောသည်။

mgyoe.com

mgyoe.com

'အဲဟို မိန်းမ ဒု–ဂျုံကွိုင်းဟာ လွန်ခဲ့သော ၁၅ နှစ်လောက်ကဆိုရင် အလွန်ချောမယ့် မိန်းမပဲ၊ အင်း··· အက်စတယ်ဆိုတဲ့ ကလေးမလည်း အရပ်ကြီး ရှည်ထွက်လာလိုက်တာ ဝါးလုံးကြီးတစ်ချောင်း ထောင်ထားသလို ဖြစ်နေပြီ'

သူသည် စကားကို ဖြတ်၍ ရပ်ထားလိုက်ပြီး မနက်ဖြန် ညစာစားပွဲ အကြောင်းကို ကူးပြောင်းသွားပြန်သည်။

'ဒီလိုပွဲမျိုးမှာလာတဲ့ မိန်းမတွေက တွေ့နေမြင်နေကျ မိန်းမတွေချည်း ဖြစ်ဖြစ်နေတာ အတော် စိတ်ပျက်စရာ ကောင်းတယ်ဗျာ၊ တစ်ခါလာလည်း သူတို့ပဲ၊ ကျွန်တော်တို့က မျက်နှာသစ်လေးတွေကို မြင်ချင်တယ်ဗျ၊ အသစ် ကလေးတွေပါလာအောင် ကြိုးစားကြဦးစို့လား၊ ကျွန်တော်စိတ်ကူးတစ်ခု ရတယ်··· သိလား၊ ဟိုညက ဗားရက်ရတီး ဓာတ်ရုံကိုလာတော့ ကိုမွတ် တားကြီး ခေါ်လာတဲ့ အမျိုးသမီးလေ၊ မျက်နှာသစ်ဗျ၊ အဲဒီ အမျိုးသမီး ကို ခေါ်လာပေးဖို့ ကိုမွတ်တားကြီးကို ကျွန်တော် မေတ္တာရပ်ခံကြည့်မယ်၊ ဘယ့်နှယ်လဲ'

ဗင်ဒူဗရေး ပြောနေသည့် ကိုမွတ်တားဆိုသည်မှာ ပြည်ထဲရေးဝန် ကြီးဌာန လက်အောက်ခံ ဌာနကြီးတစ်ခုမှအရာရှိကြီးတစ်ဦး ဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ ယခုလောလောဆယ် ဧည့်ခန်းအလယ်မှ ပက်လက်ကုလားထိုင် ပေါ်တွင် အိပ်မောကျလျက် ရှိ၏။ ဗင်ဒူးဗရေးသည် ပြောပြောဆိုဆိုပင် ထိုပုဂ္ဂိုလ်ရှိရာကို လျှောက်သွားသည်။

ဖူရှာရေးသည် လူနှစ်ယောက်၏ စေ့စပ်ဆွေးနွေးပွဲကို စိတ်ဝင်တစား စောင့်ကြည့်နေသည်။ ဗင်ဒူဗရေးသည် ကိုမွတ်တား၏ဘေးတွင် ဝင်ထိုင် လိုက်သည်။ နှစ်ဦးသား ခေါင်းချင်းဆိုင်၍ ပြောဆိုနေကြသည်။ ထို့နောက် ဗင်ဒူဗရေး ပြန်ရောက်လာသည်။

'မဖြစ်နိုင်ဘူးတဲ့ဗျ၊ သူ့အမျိုးသမီးက ခေါ်လို့ရမှာ မဟုတ်ဘူးတဲ့၊ သူကတော့ ခေါ်တိုင်းလိုက်တဲ့ အမျိုးသမီး မဟုတ်ဘူးလို့ ပြောနေတာပဲ၊ ဒါပေမဲ့ ကျွန်တော် သူ့ကို လောရာတို့ဆီမှာ တွေ့ခဲ့ဖူးတာ အမှန်ပဲ၊ ကျိန်ပြီး ပြောနိုင်တယ်ဗျာ'

mgyoe.com

mgyoe.com

'ဘာ… ခင်ဗျား လောရာတို့ဆီသွားတယ်၊ ဟုတ်လား' ဟု ဖူရှာရေးက ရေရွတ်ပြီး ပြုံးသည်။ 'အဲသလိုနေရာမျိုးတောင် ခင်ဗျားက အလွတ်မပေးဘဲကိုး'

'ဟာဗျာ၊ ကိုယ့်လူကလည်း ယောက်ျားတစ်ယောက်အနေနဲ့ အရာရာတိုင်းကို သိသင့်တယ် မဟုတ်လားဗျာ'

သူတို့သည် လောရာ၏ ဒုစရိုက်ဂေဟာအကြောင်း စကားစပ်နေမိကြသည်။ အမျိုးသမီးများ၏ စကားဝိုင်းမှာလည်း စိုပြည်လျက်ရှိ၏။ သူတို့အနီး၌ မဒမ်ဟူဝွန်၏ သားငယ် ဂျော့ဟူဝွန်ရှိနေသည်ကို သတိထားကြပုံမပေါ်။ သူတို့စကားကို အသေအချာကြားနေရသော ဂျော့ဟူဝွန်၏ နားရွက်များသည် နီရဲနေကြသည်။ သူ့မျက်နှာတွင် ရှက်ရွံ့သည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။ တစ်ခါတစ်ရံ သူ့အမေက ခွင့်ပြုသည့်အခါ ဂျော့သည် အခန်းငယ်ထဲတွင် လှည့်ပတ်သွားနေတတ်သော်လည်း အများအားဖြင့် မဒမ်ချယ်ဇယ်၏အနီး၌သာ တရစ်ဝဲဝဲနေတတ်သည်။ မဒမ်ချယ်ဇယ်သည် သူ့အတွက် မျက်စိကျစရာ မိန်းမတစ်ယောက်ဖြစ်နေပုံရသည်။ မည်သို့ပင်ဖြစ်စေ မဒမ်ချယ်ဇယ်သည် သူ့မျက်စိတွင် နာနာလောက် မလှ။

'မနေ့ညက ဂျော့ ပူဆာတာနှင့် ဗာရက်ရတီး ဇာတ်ရုံကို ရောက်ခဲ့သေးတယ်ကွယ်' ဟု မဒမ်ဟူဝွန်က ပြောသည်။ 'တို့များ ပြဇာတ်မကြည့်တာ ၁၀ နှစ်လောက်ရှိသွားပြီ၊ သားက တေးဂီတကို တယ်ပြီး ကြိုက်တာပဲ၊ တို့တော့ မကြိုက်ပေါင်ကွယ်၊ အခုခေတ် စင်တင်တဲ့ပြဇာတ်တွေကလည်း အထူးအဆန်းချည်းပဲ၊ တို့ကတော့ တေးဂီတပေါ်မှာ အမြတ်တနိုး မရှိပေါင်ကွယ်'

'တကယ်ပဲလား မဒမ်၊ တကယ့်ကို တေးဂီတ မကြိုက်ဘူးလား' ဟု မဒမ်ဒုဂျုံကွိုင်းက အံ့ဩဟန်ဖြင့် ရေရွတ်သည်။ 'ဂီတ မကြိုက်ဘူးဆိုတဲ့လူ ရှိနိုင်ပါ့မလားရှင်'

ဤသို့ဖြင့် မိန်းမဝိုင်းတွင် တေးဂီတနှင့်ပတ်သက်သော အကြောင်းအရာကို ပြောကြဆိုကြ ဆွေးနွေးနေကြသည်။ အငြင်းအခုံ ဖြစ်ကြသည်။ ဤအခိုက်တွင် ဗင်ဒူဗရေးသည် ဖူရှာရေးအား အခန်းအလယ်သို့ ဆွဲခေါ်သွားသည်။

mgyoe.com

mgyoe.com

'မနက်ဖြန်ည ပါတီပွဲအတွက် အမျိုးသမီးသစ်တစ်ယောက်တော့ ရှာကြဦးမှဖြစ်မယ်၊ ဒီလိုလုပ်ရင်ကော ကောင်းမလား၊ စတိုင်းနားကို ပြောကြည့်မယ်လေ'

'စတိုင်းနားကိုလား'ဟု သတင်းစာဆရာက ရေရွတ်သည်။ 'မိန်းမ တစ်ယောက် သူနဲ့တွဲပြီဆိုရင် အဓိပ္ပာယ်က ဘာလဲ၊ ပါရီတစ်မြို့လုံးက မတွဲချင်တဲ့ မိန်းမလို့ အဓိပ္ပာယ်ထွက်နေတယ်'

ဗင်ဒူဗရေးသည် သူ့ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုနေသည်။

'ခဏနေဦး၊ ကျွန်တော် ဟိုတစ်နေ့က ဖူးကားမောင့် မိန်းမ တစ်ယောက်နဲ့တွဲလာတာ တွေ့လိုက်ရဖူးတယ်၊ အဲ့ဒီမိန်းမကို ခေါ်လာဖို့ ကျွန်တော် ပြောကြည့်ဦးမယ်'

ဗင်ဒူးဗာရေးသည် ဖူးကားမောင့်အား လှမ်းခေါ်သည်။ သူတို့နှစ်ယောက် စကားအပြန်အလှန်ပြောကြသည်။ ထိုနောက် အတူတူတွဲ၍ အမျိုးသမီးများကြားမှ ဖြတ်လျှောက်ကာ လူငယ်တစ်ယောက်ထံ သွားကြသည်။ သုံးဦးသား ပြတင်းပေါက် အမှောင်ရိပ်တွင် ခေါင်းချင်းဆိုင်ကြပြန်သည်။ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ဖူရှာရေးသည် မီးလင်းဖိုဆီသို့ လျှောက်သွားသည်။ ရုတ်တရက် သူ့ပခုံးအား လက်တစ်ဖက်လာထိပြီး သူ့နောက်ဘက်မှ စကားပြောသံတစ်သံကို ကြားလိုက်ရ၏။

'ဒီလိုကတော့ မကောင်းဘူး'

'ဘာမကောင်းတာလဲ' ဖူရှာရေးက နောက်သို့ ချာခနဲလှည့်လိုက်ပြီး ပြန်မေးသည်။ အခြားလူ မဟုတ်၊ သူ့ညီ လာဖာလွိုင်း။

'မနက်ဖြန်လုပ်မည့် ညစာစားပွဲလေ၊ အစ်ကို့အနေနဲ့ ကျွန်တော်ကိုပါ ဖိတ်နိုင်စရာ ရှိနေတာပဲ'

ဖူရှာရေး ပြန်ပြောရန် ဟန်ပြင်ခိုက်မှာ ဗင်ဒူဗရေး ပြန်ရောက်လာသည်။

'စောစောက ကျွန်တော်ပြောခဲ့တဲ့ အမျိုးသမီးက ဖူးကားမောင့်ရဲ့ ဟာထဲက မဟုတ်ဘူး၊ ဟောဟိုဘက်က ဆရာကြီးရဲ့ အပျော်မယားပဲ၊ သူလည်း လာလို့မရဘူး၊ ကံကတော့မလိုက်ဘူး ဆရာရေ၊ ဒါပေမဲ့

mgyoe.com

mgyee.com

ကျွန်တော် ဖူးကားမောင့်ကိုတော့ စည်းရုံးထားတယ်၊ ပဲလေ့စ်ရှိုင်ရယ်က လူစီကို ခေါ် လာနိုင်ဖို့တော့ သူကြိုးစားလိမ့်ဦးမယ်။ နေဦးဗျာ၊ ကျွန်တော် ကောင် ပေါက်စလေးဆီ သွားလိုက်ဦးမယ်၊ သူတို့ကတော့ ဟိုဟာမျိုးနဲ့ အဆက်အသွယ် ရှိတတ်တယ်ဗျ'

ပြောပြောဆိုဆိုပင် သူသည် အခန်းထဲရှိ နေရာအနှံ့အပြားမှ လူအများကြားသို့ သွားသည်။ စကားရပ်ပြောသင့်လျှင် ပြောသည်။ မျက်စိများ မှိတ်ပြရုံမျှ မှိတ်ပြပြီး ခွာသည့်အခါ ခွာသွားသည်။ ဤသို့ဖြင့် သူ့ထံမှ စကားသည် ပျံ့နှံ့သွားသည်။ တွေ့ဆုံရမည့် နေရာကိုလည်း နားလည်သွားကြသည်။

ဤအချိန်မှာပင် မြို့စားကတော် ဆတဘင်းသည် ဘဲလ်တီးကာ အိမ်စေ တစ်ဦးကို ခေါ်သည်။ ဧည့်သည်များအား လက်ဖက်ရည်တိုက်ရန် စားပွဲ ပေါ်တွင် ရှင်းခိုင်း ပြင်ခိုင်းသည်။ သူသည် မြို့စားဗင်ဒူဗရေး၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေသည်။ ဗင်ဒူဗရေး သူ့အနားမှ ဖြတ်သွားသည်နှင့် တစ်ပြိုင်နက် လှမ်းမေးသည်။

'ဘာတွေများ မကောင်းတာလုပ်ဖို့ ကြံနေသလဲ မွန်စီယာ ဒီ-ဗင်ဒူဗရေးရဲ့'

'မကောင်းတာလုပ်ဖို့ မဟုတ်ရပါဘူး မဒမ်၊ ကျွန်တော် ဘာမှ မကြံပါဘူး'

'ရှင်အလုပ်ရှုပ်နေတာ မြင်လို့ မေးတာပါ၊ ကဲပါ၊ ဒါလေးယူသွား ပေးစမ်းပါ'

မြို့စားကတော်က ဗင်ဒူဗရေး၏ လက်တွင်းသို့ ဓာတ်ပုံအယ်လ်ဘမ် တစ်ခုကို ထိုးပေးပြီး စန္ဒရားပေါ်ထားပေးပါဟု ခိုင်းသည်။ သို့သော်လည်း ဗင်ဒူဗရေးသည် ဖူရှာရေးအနီးမှ ဖြတ်သွားပြီး သူစီစဉ်ထားသမျှကို မရ ရအောင် ပြောသွားသည်။ ဤအတောအတွင်း လာဖာလွိုင်းကလည်း ဗင်ဒူ ဗာရေး နောက်မှ တကောက်ကောက် လိုက်နေသည်။ သူ့ကိုပါ ဖိတ်စေချင် သည့် အရိပ်လက္ခဏာပြနေသည်။ နောက်ဆုံးတွင် သူ့ကိုပါဖိတ်ဖို့ ထုတ်ပြော သည်။ ဗင်ဒူဗရေးသည် ချက်ချင်း သဘောတူလိုက်သော်လည်း လာဖာ

mgyee.com

လှိုင်းအား သူ့၏မိတ်ဆွေ ကလဲရစ်တက်နပ်စ်ကို ခေါ်လာပါမည်ဟု ကတိပေးခိုင်းသည်။ လာဖာလှိုင်းသည် ရုတ်တရက် ကတိမပေးနိုင်ဘဲ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည်ကို မြင်သောအခါ ဗင်ဒူဗရေးက ချော့သည်။

'ငါမင်းကို ဖိတ်ထားပြီပဲကွာ၊ မင်းဘက်က အမေးရှိသင့်တာပေါ့'

လာဖာလှိုင်းသည် ညစာပွဲလုပ်မည့် အိမ်ရှင်မ၏အမည်ကို သိချင်နေသည်။ သို့သော်လည်း မြို့စားကတော်က ဗင်ဒူဗရေးအား လှမ်းခေါ်ပြီး အင်္ဂလိပ်တို့၏ လက်ဖက်ရည်ပွဲ တည်ခင်းပုံတည်ခင်းနည်းကို မေးနေသဖြင့် သူသိလိုသောအရာကို မေးဖို့ အချိန်မရလိုက်။ မြို့စားကတော်ကလည်း အင်္ဂလန်သို့ မကြာခဏသွားတတ်သော ဗင်ဒူဗရေးက ပြောနိုင်လိမ့်မည်ဟု ထင်သည်။ သို့သော်လည်း ဗင်ဒူဗရေးက ရုရှားများသာလျှင် လက်ဖက်ရည်ပွဲ တည်ခင်းတတ်သည်ဟု ဖြေသည်။ အဖြေပေးနေရင်းမှပင် သူသိလိုသော မေးခွန်းကို ပြန်မေးသည်။

'ဒါနဲ့ စကားမစပ် ခင်ဗျာ၊ မြို့စားကြီးတစ်ယောက် ဘယ်ရောက်နေတာလဲ၊ ကျွန်တော်နဲ့ မတွေ့ရတော့ဘူးလား'

'တွေ့ရမှာပေါ့ရှင်၊ ကျွန်မအဖေက လာမယ်လို့ ကတိပေးသွားတယ်၊ သူမလာဘဲ မနေပါဘူး၊ အခုတောင်မှ နည်းနည်းတောင် နောက်ကျနေလို့ ကျွန်မ စိတ်ပူနေပါတယ်၊ သူအလုပ်များနေလို့ နောက်ကျနေပုံရတယ်'

ဗင်ဒူဗရေးက မလိုတမာ မျက်နှာထားဖြင့် ပြုံးသည်။ မြို့စားကြီးချုံးအတ် အလုပ်များနေသည် ဟူသော စကားအပေါ်တွင် သူကလည်း သံသယကင်းပုံမရ။ တစ်ခါတစ်ရံ တောပိုင်းသို့သွားသည့်အခါ မြို့စားကြီး ခေါ်ခေါ်သွားတတ်သည့် မိန်းမချောကြီးတစ်ဦးကို ဗင်ဒူဗရေး သတိရနေမိ၏။ အကယ်၍သာ ထိုအမျိုးသမီးကို ညစာစားပွဲသို့ ခေါ်သွားနိုင်လျှင် မည်မျှကောင်းပါမည်နည်း။

ထိုအချိန်တွင် ဖူရှာရေးသည် မြို့စားမူဖေးကို ဖိတ်ရန် သင့် မသင့် စဉ်းစားချိန်ဆလျက်ရှိ၏။

'ခင်ဗျား သူ့ကို သိပ်ပြီးဖိတ်ချင်နေသလား' ဟု ဗင်ဒူဗရေးက မေးသည်။

mgyoe.com

mgyoe.com

'ဖိတ်ချင်တယ်၊ သူခိုင်းတဲ့အတိုင်းမလုပ်ရင် သူက ကျွန်တော့်မျက်လုံးတွေကို သူ့လက်သည်းတွေနဲ့ ကော်ထုတ်ပစ်လိမ့်မယ်'

'ဒီလိုဆိုတော့လည်း ကျွန်တော်က ကူညီရမှာပေါ့ဗျာ'

* * *

၁၁ နာရီ ထိုးလေပြီ။

မြို့စားကတော်သည် သူ့သမီး၏ အကူအညီဖြင့် ဧည့်သည်များအား လက်ဖက်ရည်ဖြင့် ဧည့်ခံလျက်ရှိသည်။ အလွန်ရင်းနှီး ခင်မင်သူများချည်း ဖြစ်သဖြင့် တခမ်းတနား ဧည့်ခံခြင်းမျိုးမဟုတ်။ လက်ဖက်ရည်ခွက်နှင့် မုန့်ပန်းကန်များကို ဧည့်သည်များ၏ လက်သို့ လိုက်၍ ပေးသည်။ အမျိုးသမီးများသည် ထိုင်ရာမှပင် မထကြရ။ စကားပြောသံများသည် စဲမသွား။ စောစောက တေးဂီတအကြောင်း။ အခုကျတော့ ဈေးသည်တွေအကြောင်း။

မြို့စားကတော်သည် ဧည့်သည်တစ်ဦးချင်းထံချဉ်းကပ်ကာ အေးအေးဆေးဆေး စကားစမြည်ပြောလျက် ရှိသည်။ မီးလင်းဖိုထဲမှ တညီးညီး တောက်လောင်နေသော မီးရောင်ဖြင့် သူ့အသားသည် ပန်းရောင်သမ်းလျက်ရှိသည်။ သူ့ဘေးမှ လိုက်လာသော ပိန်ရှည်ရှည် မိန်းကလေးမှာ သူ့သမီး။ သို့သော်လည်း သားအမိဟု ထင်ဖွယ်ရာမရှိ။ ညီအစ်မဟုသာ ထင်စရာရှိသည်။ သူ့ခင်ပွန်းသည်နှင့် စကားပြောနေသော ဖူရှာရေးအနီးသို့ ရောက်သောအခါ တစ်ချက်မျှ ငဲ့ကြည့်သည်။ ဗင်ဒူဗရေး ပါရှိနေသည်ကို သတိထားမိသည်။ သူရောက်သွားသည့်အခါ သုံးယောက်စလုံး စကားဆက်မပြောဘဲ နှုတ်ဆိတ်သွားကြသည်ကို သတိထားမိသည်။ မြို့စားကတော်သည် သူတို့အနီး၌ ရပ်တန့်ခြင်းမပြုဘဲ ဂျော့ဟူဂွန်ဆီ ဆက်လျှောက်သွားကာ လက်ဖက်ရည်တစ်ခွက် လှမ်းပေးသည်။

'မြို့စားမင်းကို ညစာစားဖို့ ဖိတ်တဲ့ပုဂ္ဂိုလ်က အမျိုးသမီးတစ်ယောက် ခင်ဗျ'ဟု ဖူရှာရေးက မြို့စားမှုဖေးအား ပြောသည်။

မူဖေးသည် အံ့အားသင့်သွားပုံရသည်။ ဘယ်အမျိုးသမီးက ဖိတ်တာလဲဟု ပြန်မေးသည်။

mgyoe.com

mgyoe.com


'ဟာ… ဘယ်သူရှိရမလဲ၊ နာနာပေါ့ဗျ'ဟု ဗင်ဒူဗရေးက ဝင်ပြောသည်။

မြို့စားမျက်နှာသည် တိုး၍ တည်ငြိမ်ကာ ဂူကျောက်ကြီးနှင့် ဖြစ်သွားသည်။ မျက်တောင်များ တဖျတ်ဖျတ်ခတ်ကာ စိတ်လှုပ်ရှားဟန်ပြသည်။

'ဒီအမျိုးသမီးကို ကျွန်တော်မှ မသိတာ'ဟု မူဖေးက အေးစက်စက်လေသံဖြင့် ပြောသည်။

'ဟာ… ခင်ဗျားကလည်း၊ လုပ်မနေစမ်းပါနဲ့၊ ခင်ဗျား သူ့အိမ်ကိုတောင် သွားခဲ့သေးတာပဲ' ဟု ဗင်ဒူဗရေးက ဝင်ပြောသည်။

'ဘာ… ဗျ၊ ကျုပ် သူ့အိမ်သွားတယ်၊ ဪ… ဟုတ်ပြီ၊ လူမှုရေးအဖွဲ့ကိုယ်စား အလှူငွေကောက်ဖို့ သွားခဲ့တာပါ၊ ကျွန်တော်အနေနဲ့ ဒီထက်ပိုပြီး စိတ်ဝင်စားခဲ့တာ မဟုတ်ပါဘူး၊ ကိစ္စမရှိဘူးလေ၊ ကျွန်တော်က သူ့ကိုမှ မသိတာ၊ သူ့ဖိတ်တာကို လက်မခံနိုင်ဘူး'

မူဖေး မျက်နှာထားသည် တင်းမာလျက်ရှိသည်။ သူ့လို အဆင့်အတန်းမြင့်မားသူ တစ်ယောက်အား အခုလို အပေါက်မျိုး ချိုးခြင်းသည် သူ့အား စော်ကားခြင်းဖြစ်သည်ဟု သူယူဆကြောင်း နားလည်အောင်လုပ်မှ ဖြစ်မည်ဟု သူယူဆသည်။ ဗင်ဒူဗရေးရော၊ ဖူရှာရေးပါ ဇွတ်ထပ်၍ ပြောသည်။ နားချသည်။ မူဖေးက ဆုံးအောင်ပင် နားမထောင်။ ဖူရှာရေးက အင်္ဂလန်ပြည့်ရှင်ဘုရင်မ၏ သား စကော့တလန်မင်းသားသည် ညစာစားပွဲတစ်ခု၌ စားသောက်ဆိုင် အဆိုတော်တစ်ဦးနှင့် တွဲထိုင်သည်ကို သူတွေ့ခဲ့ဖူးကြောင်း။ အခု ညစာစားပွဲမှာ နာမည်ကြီး ပြဇာတ်မင်းသမီးတစ်ယောက်၏ပွဲဖြစ်၍ တင့်တယ်သည်ဟု ထင်ကြောင်း ပြောသည်။ သို့သော်လည်း မူဖေးက လုံးဝ လက်မခံ။ နောက်ဆုံးတွင် စိတ်ဆိုးသည့် အရိပ်လက္ခဏာများကို ပြလာသဖြင့် လက်လျှော့လိုက်ရလေ၏။

မျက်နှာချင်းဆိုင်ရပ်၍ လက်ဖက်ရည်သောက်နေကြသော ဂျော့နှင့် လာဖာလွိုင်းတို့သည် ဖူရှာရေးတို့ ပြောဆိုနေကြသည်ကို တစ်စွန်းတစ်စမျှ ကြားကြသည်။

'ဟာ… ဒါဆိုရင်တော့ နာနာ့အိမ်မှာပဲ'ဟု လာဖာလွိုင်းက ညည်းသည်။

mgyoe.com

mgyoe.com


'အာကေဒီလမ်းနှင့် ပတ်စကွိုင်းယားလမ်းကြားက ဟော့စ်မန်းလမ်းထဲမှာ တိုက်ကြီးတစ်တိုက် ရှိသည်။ တတိယထပ်မှာ သူ့အိမ်ပဲ'ဟု ဂျော့က ပြောသည်။

လာဖာလွိုင်းက အံ့အားသင့်ပြီး ကြည့်နေသည်။ ဂျော့၏ မျက်နှာသည် ရဲတွတ်နေသည်။

'ကျွန်တော့်ကိုလည်း ဒီမနက်ပဲ သူက ဖိတ်လိုက်တယ်၊ ကျွန်တော်လည်း သွားမှာ'

အခန်းထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ ဗင်ဒူဗရေးသည် မူဖေးအား နောက်ထပ် တိုက်တွန်းခြင်း မပြုတော့ပေ။ မူဖေး၏ ယောက္ခမ မြို့စား ချူးအတ် အခန်းထဲဝင်လာသဖြင့် အားလုံးက ဝိုင်းအုံကြည့်နေကြသည်။ မြို့စားအဘိုးအိုသည် တုန်ချည့်တုန်ချည့်ဖြင့် ဝင်လာခြင်း ဖြစ်၏။ သူသည် အခန်းအလယ်ရောက်သော် ရပ်နေသည်။ သူသည် အမှောင်ထုကြီးအတွင်း ထွက်လာခိုက် မီးရောင်ဖြင့် ဘွားခနဲတွေ့လိုက်ရသဖြင့် မမြင်မကန်း ဖြစ်သွားသည့်နှယ် မျက်တောင်များကို တဖျတ်ဖျတ်ခတ်လျက် ရှိလေသည်။

'သမီးက အဖေလာတော့မှာ မဟုတ်ဘူးလို့ တွက်နေတာ'ဟု မြို့စားကတော်က ပြောသည်။ 'မလာရင်တော့ မနက်ဖြန်အထိ သမီးစိတ်ကောင်းမှာ မဟုတ်တော့ဘူး'

မြို့စားအဘိုးအိုက ဘာမှပြန်မပြောဘဲ သူ့သမီးအား ငေးကြည့်နေသည်။ ဘာမှကို နားမလည်ဖြစ်နေသည့် မျက်နှာထားနှင့် ဖြစ်၏။ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများ ပြောင်စင်နေသည့် မျက်နှာပေါ်မှ နှာခေါင်းသည် ပွယောင်းနေသည့်ပုံစံမျိုး ဖြစ်နေသည်။ မဒမ်ဟူဂွန်သည် ဤမျှလောက်အိုမင်းမစွမ်း ဖြစ်နေသည့် အဘိုးအိုအားကြည့်ကာ သနား၍မဆုံးနိုင်အောင် ဖြစ်လျက် ရှိ၏။

'ရှင်က အလုပ် သိပ်လုပ်တာကိုး၊ နားနားနေနေ နေမှပေါ့၊ ကျွန်မတို့ အသက်အရွယ်တွေဟာ လုပ်စရာရှိရင် လူငယ်တွေကို လွှဲပေးသင့်တယ်'

'အလုပ်၊ အေး ဟုတ်တယ်၊ အလုပ်··· အမြဲတမ်း အလုပ်တွေများ

mgyoe.com

mgyoe.com


နေတာပဲ'ဟု အဘိုးအိုက ပြန်ပြောသည်။ သူသည် ကုန်းနေသောခါးကို ပြန်၍ဆန့်လိုက်ပြီး ခေါင်းထက်မှ ဆံပင်ဖြူ ကျိုးတိုးကျဲတဲကို တဗျစ်ဗျစ် ကုတ်နေသည်။

'ဘာအလုပ်တွေ လုပ်နေလို့ ဒီလောက်တောင် နောက်ကျနေတာလဲ' ဟု မဒမ်-ဒုဂျုံကွိုင်းက မေးသည်။ 'ကျွန်မက ဘဏ္ဍာရေးဝန်ကြီးရဲ့ ညည့်ခံပွဲ သွားနေတယ်လို့ ထင်တာ'

ထိုအခါ မြို့စားကတော်က ကြားမှ ဝင်ပြောသည်။

'ကျွန်မအဖေက ဥပဒေကြမ်းတစ်ခု လေ့လာနေရတယ်'

'အေး... အေး ဟုတ်တယ်၊ ဥပဒေကြမ်း၊ လွှတ်တော်တင်မယ့် ဥပဒေကြမ်းပေါ့၊ အလုပ်ရုံတွေနဲ့ ပတ်သက်တဲ့ဥပဒေပဲ၊ ငါက အလုပ်သမား တွေအတွက် တနင်္ဂနွေတစ်ရက်ကို နားရက်ပေးစေချင်တယ်ကွ၊ တကယ့်ကို ရှက်စရာကောင်းတဲ့ ကိစ္စပေါ့လကွာ၊ အစိုးရက တကယ်တကယ်ကြွကြွ လုပ်သင့် တဲ့ဟာကွ၊ သိလား'

ဗင်ဒူဗရေးက ဖူရှာရေးအား လှမ်းကြည့်သည်။ သူတို့နှစ်ယောက် သည် အဘိုးကြီး၏နောက်၌ ရပ်နေကြခြင်းဖြစ်၍ အဘိုးကြီး၏နောက်ပိုင်းကို ဦးခေါင်းမှ ခြေဖျားအထိ ဂရုတစိုက် ကြည့်ကြသည်။ ဗင်ဒူဗရေးက အဘိုး ကြီးအား ချော့မော့၍ သူတောပိုင်းသွားတိုင်း ခေါ်သွားလေ့ရှိသည့် အမျိုးသမီး ချောချောအကြောင်း မေးသောအခါ အဘိုးကြီးက မသိလေဟန်ဆောင်နေ သည်။ သူသိလိုသောအရာကို မေးသည့်အခါ ဗင်ဒူဗရေးက လေသံမာမာဖြင့် ထပ်မေးသည်။

'ခင်ဗျား ဘယ်တွေ လျှောက်သွားနေတာလဲ၊ ခင်ဗျားရဲ့ တံတောင် ဆစ် နှစ်ဖက်စလုံးမှာ ပင့်ကူအိမ်တွေရော၊ ဖုန်တွေရော ပေကျံနေတာ ရစရာ မရှိဘူး'

'ငါ့တံတောင်ဆစ်မှာလား'

မသိမသာ မျက်နှာပျက်သွားသော အဘိုးကြီးက ရေရွတ်သည်။ 'အင်း... ဟုတ်တယ်၊ ဖုန်တွေလည်း လူးကုန်ပြီ၊ ငါ့အခန်းထဲက ထွက်လာ တုန်းက ပေကုန်တာ နေမှာပေါ့ကွာ'

mgyoe.com

mgyoe.com


ဧည့်သည် အများအပြားသည် နှုတ်ဆက်၍ ပြန်ကြသည်။ ည ၁၂ နာရီ ထိုးပေတော့မည်။ အိမ်စေများသည် စားပွဲပေါ်မှ လက်ဖက်ရည်ပန်းကန်များနှင့် ကိတ်မုန့်ပန်းကန်များကို ရှင်းလင်းသိမ်းဆည်းလျက် ရှိသည်။

မြို့စားကတော် ဆာဘင်းသည် ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ မီးဖိုထဲမှ တစ်ဝက်တစ်ပျက် လောင်ကျွမ်းနေသော ထင်းတုံးတစ်တုံးဆီသို့ ငေးမော တွေဝေလျက်ရှိသည်။ သူ့ပါးစပ်ထောင့်နားရှိ မွေးရာပါအမှတ်ပေါ် အနက်ရောင် မွေးညင်းနုကလေးများသည် မီးရောင်ကြောင့် ဖြူရောင်သမ်းနေကြသည်။ အခုလိုကျတော့ အရောင်အဆင်းမှစ၍ နာနာ၏ မွေးရာပါအမှတ်ကလေးနှင့် ခွဲမရအောင် တူလှချေသည်။

ဖူရှာရေးသည် ယင်းတူညီမှုကို ဗင်ဒူဗရေးအား ဖွင့်ဟ၍ မပြောဘဲမနေနိုင်။ ဗင်ဒူဗရေးသည် ယင်းတူညီမှုကို စောစောက လုံးဝ သတိပြုမိခဲ့သူမဟုတ်။ သူတို့နှစ်ယောက်သည် မြို့စားကတော်၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ကာ နာနာနှင့် မြို့စားကတော်တို့အား နှိုင်းယှဉ်ချက်ထုတ်နေကြသည်။ သူတို့သည် မေးစေ့နှင့် ပါးစပ်များ တူညီနေသည်ကို ပထမဆုံးတွေ့သည်။ မျက်လုံးချင်းကျတော့ သိပ်ပြီးမတူလှ။ နာနာ၏ ရုပ်ရည်ရူပကာသည် သဘောမနောကောင်းမည်ဟု ထင်ရသည်။ မြို့စားကတော်ကတော့ ခန့်မှန်းတွက်ဆ၍ မရ။

ဖူရှာရေးသည် ဗင်ဒူဗရေးအား တို့၍သတိပေးသည်။ သူတို့ ရှေ့တည့်တည့်၌ ထိုင်နေသော အက်စတယ် ကြားသွားမည်စိုး၍ ဖြစ်၏။ သူတို့အနေဖြင့် အမှတ်တမဲ့ ပြောနေကြခြင်းဖြစ်ရာ စောစောက စကားများကိုပင် ကြားသွားပြီ ထင်၏။ မည်သို့ပင်ဖြစ်စေ ဗင်ဒူဗရေးက မြို့စားကတော် ဆာဘင်းအား ဖြူစင်မြင့်မြတ်သောစိတ် ရှိလိမ့်မည်ဟု ထင်မြင်ချက်ပေးသည်။

'ပြန်တော့မှပဲ' ဟု ဖူရှာရေးက ပြောသည်။

'ခဏတော့နေဦးဗျာ' ဟု ဗင်ဒူဗရေးက တားသည်။ 'မြို့စားနဲ့ နောက်ဆုံးတစ်ကြိမ် စကားပြောကြည့်ဦးစို့'

မြို့စားမူဖေးသည် သူ့ယောက္ခမနှင့် စကားပြောလျက် ရှိသည်။ ဗင်ဒူဗရေးက မြို့စားအား ဘေးသို့ ဆွဲခေါ်သွားကာ ထပ်မံ၍ ဖိတ်ပြန်သည်။

mgyoe.com

mgyoe.com


ညစာစားပွဲသို့ သူ့ပါတက်မည်ဖြစ်၍ လက်ခံရန်တိုက်တွန်းသည်။ ယောက်ျား တစ်ယောက်အနေဖြင့် ကိုယ်သွားလိုရာ သွားနိုင်သဖြင့် ဘာမှ အကျယ်ချဲ့ပြီး စဉ်းစားနေစရာမလိုဟု ပြောသည်။ မူဖေးက မျက်လွှာချပြီး ငြိမ်ဆိတ်စွာ နားထောင်နေသည်။ မြို့စားအဘိုးအို ချူးအတ်ကမူ ဗင်ဒူဗရေးအား လှမ်း ကြည့်ပြီး တစ်စုံတစ်ရာမေးလိုသည့် အရိပ်လက္ခဏာ ပြသည်။ အဘိုးကြီး သည် ဘာတွေဖြစ်နေသည်ကို ရိပ်စားမိပုံပေါ်၏။ ဘေးမှကြည့်နေသော ဖူရှာရေးက မနေသာတော့သဖြင့် အဘိုးကြီးကိုပါ ညစာစားပွဲတက်ရန်ဖိတ် သည်။ အဘိုးကြီးက သူ့သမက်၏မျက်နှာကို တစ်ချက်မျှ ခိုးကြည့်သည်။ ယောက္ခမနှင့် သမက်သည် ငြိမ်ဆိတ်ကာ တစ်ယောက်ခြေကို တစ်ယောက် အကဲခတ်နေကြသည်။ နောက်ဆုံးတွင် မြို့စားမူဖေးသည် အခိုင်အမာ ဆုံး ဖြတ်ပြီးသည့် လေသံဖြင့် 'ကျွန်တော် လက်မခံဘူး'ဟု ပြောသည်။

ထိုအခါ အဘိုးကြီးကပါ သူ့သမက်၏ လေသံကိုလိုက်၍ ဖိတ်ကြား မှုကို လက်မခံနိုင်ဟု ငြင်းသည်။ သူက ကိုယ်ကျင့်တရားကောင်းမွန်ရေး တရားကိုဟောသည်။ အထက်တန်းစားများသည် အကျင့်စာရိတ္တပိုင်းတွင် စံနမူနာပြလောက်အောင် နေထိုင်ကြရမည်ဟုလည်း ဩဝါဒပေးသည်။ သူ့စကားကြားသည့်အခါ ဖူရှာရေး၏မျက်နှာတွင် အပြုံးရိပ်ထင်ဟပ် လာ သည်။ ချက်ချင်းပင် ဗင်ဒူဗရေးအား လက်ဆွဲနှုတ်ဆက်သည်။ သတင်းစာ တိုက်သို့ အချိန်မီဝင်ရဦးမည်ဖြစ်၍ သွားတော့မည်ဟု ဆိုသည်။ ဗင်ဒူဗရေး က 'ည ၁၂ နာရီ၊ နာနာ့ အိမ်မှာနော်'ဟု လှမ်းပြောသည်။

သူ့အစ်ကို ပြန်မည်ဟု ပြောသံကြားသည့်အခါ လာဖာလွိုင်းကလည်း ချက်ချင်းထပြန်သည်။ စတိုင်းနားလည်း မြို့စားကတော်အား ဦးညွှတ်၍ နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သည်။ အခြား ယောက်ျားများကပါ သူ့နောက်မှကပ်၍ လိုက်သွားကြသည်။ 'ည ၁၂ နာရီ၊ နာနာ့ အိမ်မှာနော်'ဟူ သော အသံများ ကြားကြရသည်။

ဖူရှာရေးသည် တံခါးဝအရောက်တွင် မြို့စားကတော် ဆာဘင်းအား တစ်ချက် လှည့်ကြည့်သည်။ ဆာဘင်းသည် အရာရှိကြီးတစ်ယောက်နှင့် တည်ငြိမ် အေးဆေးစွာ စကားပြောလျက်ရှိသည်ကို မြင်ရ၏။ သူ့အရိပ်

mgyoe.com

mgyoe.com


လက္ခဏာသည် တစ်ဖက်လူ၏ စကားတွင် အလွန် စိတ်ပါဝင်စားနေဟန် ရှိ၏။ အခုလို ပြန်မြင်ရတော့လည်း မိမိအယူအဆများသည် မှားများမှားနေသလားဟု သံသယဝင်သည်။ 'အင်း သူတို့ချင်း အဆင်ပြေမှုက ရှိပုံမရပါဘူး၊ ဒါပေမဲ့ သူ့အဖြစ်က သနားစရာတော့အကောင်းသား'

'ဘယ်လိုလဲ၊ အောက်ကို ဆင်းမလာတော့ဘူးလား'

ဆင်ဝင်၌ရပ်သော လာဖာလှိုင်းက အောက်မှနေ၍ လှမ်းအော်သည်

အပြင်က ပလက်ဖောင်းပေါ်ရောက်၍ လူချင်းခွဲသွားကြသည့်အခါ တစ်ယောက်ကိုတစ်ယောက် ထပ်၍ ပြောမိကြပြန်သည်။

'မနက်ဖြန်.... နော်၊ နာနာ့အိမ်မှာ ဆုံကြမယ်'

❐

mgyoe.com

mgyoe.com

(၄)

နံနက်ပိုင်းမှစ၍ ဖိုးအိသည် အခန်းကို ဘရီးဘန့်ဟိုတယ်မှ စားပွဲထိုး၏ လက်တွင်းသို့ ဝကွက်၍ အပ်ထားရသည်။ စားပွဲထိုးသည် လက်ထောက် စားပွဲထိုးများနှင့် ကူဖော်လောင်ဖက်များ အကူအညီဖြင့် အခန်းကို ပြင်ဆင် မွမ်းမံလျက် ရှိကြသည်။ လိုအပ်သည့် ပစ္စည်းအားလုံးကို ဟိုတယ်မှ သယ် ယူလာခဲ့ရသည်။ ညစာအတွက် လိုအပ်သည့် အစားသောက်များ၊ ပန်းကန် ခွက်ယောက်များနှင့် ဖန်ထည်အသုံးအဆောင် ပစ္စည်းများသာမက စားပွဲခင်း လက်သုတ်ပဝါမှအစ ပန်းများအထိပါသည်။ နောက်ဆုံး ထိုင်ခုံများကိုပင် ယူလာရသည်။

နာနာ၏အိမ်ရှိ ကြောင်အိမ်များထဲတွင် လက်သုတ်ပဝါပင် တစ်ဒါဇင် ပြည့်အောင် မရှိပေ။ လိုအပ်သည့် ပစ္စည်းအသုံးအဆောင်များ မရှိ၍ အချိန် မီ ပြင်ဆင်ခြင်း မပြုနိုင်သဖြင့် ဟိုတယ်သွား၍ ဧည့်ခံကျွေးရမည့် အခြေအနေ သို့ ဆိုက်ရောက်လျက် ရှိသည်။ နာနာကလည်း ထိုကဲ့သို့ ကျွေးမွေးရန် ဆန္ဒမရှိ။ ဟိုတယ်သို့သွား၍ ကျွေးမွေးရမည့်အစား ဟိုတယ်ကသာ အိမ်သို့လာ၍ ကျွေးမွေးစေချင်၏။ ထိုနည်းသည် သူ့အတွက် ဂုဏ်လည်း ရှိ၍ အဆင်လည်း ပြေ၏။ ပြဇာတ်မင်းသမီးအဖြစ် အကြီးအကျယ် အောင် မြင်မှုရသည့် အထိမ်းအမှတ် ညစာစားပွဲဖြစ်သဖြင့် ပါရီတစ်မြို့လုံးက ပြော စမှတ်ပြုရသည့် ပွဲတစ်ပွဲအဖြစ် ရောက်စေချင်၏။ ဤသို့ဖြင့် ပွဲတစ်ပွဲဖြစ်လာ ခဲ့ရသည်။ အိမ်ရှိ စားသောက်ခန်းမှာ များစွာကျဉ်းသဖြင့် စားပွဲထိုးသည်

mgyoe.com